# အရှင်တေဇလင်္ကာရ

# သောတာပန်ဖြစ်လိုသူများ

ဗေဒါ်မှို မွေဝဏ္ဏ



၄

၁၂၆၃၃

# အရှင်တေဇ လင်္ကာရ

# သောတာပန် ဖြစ်လိုသူများ

[ ဇာတ်မှီ ဓမ္မဝတ္ထု ]

တန်ဘိုး တအုပ် ၁၅-ကျပ်

ဖြန့်ချိရေး
ယုဇနစာအုပ်
အမှတ် ၁၆၂/၃၃-လမ်း၊
ရန်ကုန်မြို့။

F 1

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၁၀၂၄၇)

မျက်နှာဖုံးပန်းချီ ကြိုတင်ခွင့်ပြုချက်အမှတ် (၁၅၅)

---

၁၉၇၈ ခုနှစ်၊ မတ်လ

ပထမအကြိမ်

အုပ်ရေ (၂၀၀၀)

မျက်နှာဖုံး ပန်းချီ ဦးကိုလေး

ဘလောက် လှိုင်

မျက်နှာဖုံးရိုက် စကားဝါ

●

ထုတ်ဝေသူ.... ဒေါ်လှခင် (၀၆၅၄-မြဲ)၊ ထွန်းထွန်း မြန်မာ
စာပေ မြှင့်တင် ထုတ်ဝေ ရောင်းချရေးဌာန၊
အမှတ်၉/၈၇-လမ်း၊ ရန်ကုန်မြို့။

●

ပုံနှိပ်သူ.... ဦးကျော်မြင့် (၀၁၄၈၇-မြဲ) စကားဝါပုံနှိပ်တိုက်
၁၆၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့။



ကျမ်းပြု
အရှင်တေဇ လင်္ကာရ
(တောထွက်ရဟန်း)

# မာတိကာ

| အခန်း | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | ဥယျောဇဉ် | | |
| ၁။ | ကျမ်းပြုပုဂ္ဂိုလ်၏ သာသနာ့ခရီး | | ၁၇ |
| ၂။ | တရားသံကြားမှ နောင်တရ | | ၂၁ |
| ၃။ | ကျွတ်တမ်းကို ရည်မြော် | | ၂၃ |
| ၄။ | သေသောက်(အရက်)ကြူးတဲ့ သရဏဥပါသကာ | | ၂၆ |
| ၅။ | အာရုံခြောက်ပါးအမြင် | | ၃၀ |
| ၆။ | အသိုအတီး ဝိပဿနာရှုကြပုံ | | ၃၅ |
| ၇။ | သမထ(နှင့်) ဝိပဿနာ | | ၄၆ |
| | က) တရားအားထုတ်သော်လည်း.... မပေါက်ရောက်နိုင်သည့် အန္တရာယ်ငါးပါး | | ၄၈ |
| | ခ) မဂ်ဖိုဘားမြင်တဲ့တရား | ငါးပါး | ၄၉ |
| | ဂ) သာဝက ပါရမီဉာဏ် | | ၅၀ |
| | ဃ) အရိယာဖြစ်နိုင်သည့် အင်္ဂါ | ငါးပါး | ၅၁ |
| | င) မဂ်ဖိုလ်ရကြောင်း တရား | လေးပါး | ၅၁ |
| ၈။ | တောထွက်ခန်း | | ၅၄ |
| ၉။ | သမထ ဘာဝနာလမ်းညွှန် | | ၅၉ |
| | ဆရာတော် ဦးသိဒ္ဓိ(နှင့်) ယောဂီကြီး ဦးအောင်တို့၏ အမေးအဖြေ | | ၆၀ |
| ၁၀။ | သမထ ဘာဝနာကျင့်စဉ် အဆင့်(၁)စခန်း | | ၆၈ |
| ၁၁။ | သမထဘာဝနာကျင့်စဉ် အဆင့်(၂)စခန်း | | ၇၅ |
| ၁၂။ | သမထဘာဝနာကျင့်စဉ် အဆင့်(၃)စခန်း | | ၈၁ |
| ၁၃။ | တောထွက်ရဟန်းထံမှ တကာမပေးစာ | | ၈၈ |

## မာတိကာ


၁၄။ ဝိပဿနာ ဘာဝနာလမ်းညွှန် ဆွေးနွေးခန်း(၁) ၉၂

၁၅။ 〃 〃 〃 〃 (၂) ၁၀၇

၁၆။ ဝိပဿနာရှုပွားနည်း လမ်းညွှန် ၁၁၃

၁၇။ သောတာပန် ဖြစ်လိုသူများ ၁၄၆

က) သောတာပန်ဖြစ်ရန် ကျင့်စဉ် ၁၄၈

ခ) သောတာပန်တရား ရှုပွားနည်း ၁၅၃

ဂ) 〃 ပုဂ္ဂိုလ်လေးမျိုး ၁၅၅

ဃ) 〃 အင်္ဂါ ၇-ပါး ၁၅၇

င) 〃 ပုဂ္ဂိုလ်တို့ ထင်ရှားသော တရားများ ၁၅၉

စ) စူဠ သောတာပန် ၁၆၁

ဆ) မဟာသောတာပန် ၁၆၂

ဇ) သောတာပန် ပုဂ္ဂိုလ်တို့ မကျရောက်ရာ(၆)ဌာန ၁၆၄

ဈ) သောတာပန် ပုဂ္ဂိုလ်တို့ ပယ်ပြီးသော သံယောဇဉ် ငါး(၅)ပါး.... ၁၆၆

ည) 〃 〃 〃ဆယ်(၁၀)ပါး... ၁၆၈

ဋ) သောတာပန် စစ်တမ်း ၁၇၁

၁၈။ ပုပ္ပါးဆရာတော်.... ၁၈၀

* မေတ္တာခံယူတည်ဆောက်ပုံ

* မေတ္တာပို့များ ၁၈၂

၁၉။ သီလတော်များ

က) ငါး(၅)ပါး သီလတော် ၁၉၇

ခ) ရှစ်(၈)ပါး သီလတော် ၂၀၁

ဂ။ ကိုး(၉)ပါး သီလတော် ၂၀၄

ဃ) ဆယ်(၁၀)ပါး သီလတော် ၂၀၇

# မာတိကာ


ဘုရားရှိခိုး အမျိုးမျိုး....

* ရောင်ခြည်တော်ဖွင့် ဘုရားပင့် ၂၁၀
* ရောင်ခြည်တော် အမွှန်း ၂၁၄
* သတ္တဌာန ဘုရားရှိခိုး ၂၁၇
* သမ္ဗုဒ္ဓေ ဘုရားရှိခိုး ၂၂၀
* နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုး ၂၂၃

ဥဒေါင်းမင်း ဘုရားရှိခိုး ၂၃၁

စည်းချ ဂုဏ်တော်

* အရပ်- ရှစ်(၈) မျက်နှာ စည်းချဂုဏ်တော်
၂၄-ပစ္စည်း....၂၃၅
* အရပ်- ဆယ်(၁၀)မျက်နှာ စည်းချဂုဏ်တော် ၂၃၇

ခန္ဓာကိုယ်ကို လှူ၍ သရဏဂုံတည်ရန် ၂၄၀

ပုတီးစိတ် ဂုဏ်တော်များ

* ဂုဏ်တော်- ကိုး(၉)ပါး ပုတီးစိတ်နည်း ၂၄၃
* ရဟန္တာ ရှင်အရဟံ ပုတီးစိတ်နည်း ၂၅၀

မေတ္တာပို့ မေတ္တာခံ

မိမိကိုယ်ကို အာရုံပြု၍ မေတ္တာခံယူခြင်း ၂၅၃
* ချစ်ခင်သော ပုဂ္ဂိုလ်တို့အား မေတ္တာပို့ခြင်း ၂၅၅
* အလည်အလတ်ဖြစ်သော ပုဂ္ဂိုလ်တို့အား
မေတ္တာပို့ခြင်း ၂၅၇
* ရန်သူတို့ကို ရန်သူလို့မထားဘဲ မေတ္တာပို့ခြင်း ၂၅၉

အသားလွတ် အသွေးလွတ်စားခြင်း၏အကျိုးများ ၂၆၁

# အမှား အမှန် ပြင်ဆင်ချက်။

| စာမျက်နှာ | အကြောင်းရေ | အမှား | အမှန် |
| --- | --- | --- | --- |
| ၁၉။ | ၁၅ | ဘွဲ့မည | ဘွဲ့မည် |
| ၂၄။ | ၁၆ | အိမ်စျေးထက် | အိမ်စျေးဘိုးထက် |
| ၅၀။ | ၂ | ကြွရှမှ | ကြွရမှ |
| ၆၂။ | ၆ | ကိုအောင်လှုပ်တဲ့ | အောင်လုပ်တဲ့ |
| ၉၅။ | ၃ | ဝိပဿန | ဝိပဿနာ |
| ၉၅။ | ၄ | ဂိသေသန | ဝိသေသန |
| ၉၉။ | ၁၁ | ပညရော | ပညာရော |
| ၁၃၆။ | ၄ | နံဗ္ဗန္ဒဉာဏ် | နိဗ္ဗန္ဒဉာဏ် |
| ၁၆၂။ | ဂ | မီးပွက် | မီးပွတ် |
| ၁၆၅။ | ၁ | ပပုဂ္ဂိုလ် | ပုဂ္ဂိုလ် |
| ၁၆၇။ | ဂ | သုံယောဇဉ် | သံယောဇဉ် |
| ၁၆၈။ | ၃ | အာရုံငါ-ပါး | အာရုံငါးပါး |
| ၁၈၂။ | ၉ | အမှတ် ၁၃ ဖြေဆိုရန်။ | သစ္စာသင့်ပွဲရှိသာနှ၊ အလုံးစုံသော သူတော်ကောင်း |

| စာမျက်နှာ | အကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| | | | တို့၏၊ မေတ္တာ၊ မေတ္တာသည်။ မယုံ၊အကျွန်ုပ်၏။ မုန္ဒိ၊ ဦးထိပ်၌။ ဖရိတ္တာ၊ ပြန့်နှံ့၍ တိင္ဂတုစာည်ပါ စေသတည်း။ |
| ၂၁၉။ | ၇ | ပြည့်ဆိုရန် | ကျွန်ရှိခိုးသည် ကောင်း ကျိုး ခပ်သိမ်း ပြည့် စေသော်၊ဘေး မျိုး ခပ်သိမ်း ငြိမ်းစေသော်၊ အေးမျိုး ခပ် သိမ်း ကိန်းစေ သော်။ |
| ၂၄၁။ | ၆ | အဇ္ဈာအာဒ္ဒိ | အဇ္ဈအာဒ္ဒိ |
| ၂၄၂။ | ၁ | ပရိဟာန္တိကံ | ပရိယန္တိကံ |
| ၂၅၁။ | ၁၈ | အဖြဲမရှိ | အမြဲမရှိ |

# 'ဥယျောဇဉ်'

'ကျမ်းပြုတဲ့ အရှင်တေဇလင်္ကာရ ကိုယ်တိုင်က သောတာပန် ဖြစ်ရန်အတွက် ကျင့်ကြံ အားထုတ်မှုမရှိသေးပဲနဲ့ 'သောတာပန် ဖြစ်လိုသူများ'အမည်ဖြင့် ကျမ်းပြုတယ်ဆိုတော့ ယုံမှားသံသယ ဝင်စရာ ဖြစ်လာကြပါလိမ့်မယ်'

'ဒီ 'သောတာပန်ဖြစ်လိုသူများ'ကျမ်းကို ပထမ စတင်ရေးသားခြင်းတော့ မဟုတ်ပေ၊ မူလ ရည်သန်ရေးခြင်း အစကတော့ 'သမထ ဘာဝနာ(နဲ့) ဝိပဿနာ ဘာဝနာ' ကျင့်ကြံ အားထုတ်ကြမှု ကွဲကွဲပြားပြား သိမြင်နိုင်ရန်အတွက် အခြေခံမျှသာ ပြုစုတင်ပြသော ကျမ်းဖြစ်ပါတယ်'

'အဲဒီလို သမထ ဘာဝနာ(နဲ့)ဝိပဿနာ ဘာဝနာ ကွဲကွဲပြားပြားသိစေရန် ကျမ်းပြုစု ဒါနကလဲ အကြောင်းရှိပါတယ်၊ ဘယ်လို အကြောင်းများလဲဆိုတော့ကာ ဦးပဥ္စင်း လူ့ဘောင်မှာ သားကျေးမှု မယားကျေးမှုအတွက် စီးပွားရှာကြံရင်းက မိုးမမြင် လေမမြင် အရက်သေသောက် ပျော်ပျော်ပါးပါး နေမိခဲ့ပါတယ်'

'တနေ့တွင် အလွန်ချစ်ခင်တဲ့ သမီးကြီးတယောက် ဗြုန်းဆို ပြီး အသားဝါရောဂါ အပြင်းအထန် စွဲကပ်လာပါတယ်၊ သူ့အသက် စွန့်ရမသောက်ပါပဲ၊ ထိုအချိန်တွင် မိဘနှစ်ပါးမှာ သံယောဇဉ်မီး တောက်ကြကာ ဘုရားတ, ဆရာသမားတ နဲ့ တ,တ ထဲ တ,ကြကာ ဆရာဝန် ဆရာမတွေနဲ့ ကုစားလိုက်ကြတာ လို သည် မရှိတော့ပါ'

'သမီးကြီးရောဂါ ပျောက်ကင်းသောအချိန်တွင် ဖခင်အနေဖြင့် အသိစိတ်တခု ရုတ်တရက် ပေါက်လာပြီး မိရိုးဖလာ ကိုးကွယ် ဆီးကပ်လာတဲ့ ဗုဒ္ဓစာပေတွေကို လက်လှမ်းမှီသလောက် ဖတ်တော့ဒါပါပဲ'

'အဲဒီလို ဗုဒ္ဓစာပေတွေ ဖတ်နေရာကပဲ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ချက်တခု ချလိုက်တယ်၊ အဲဒီဆုံးဖြတ်ချက်က ဘာလဲ....

* အရက်ဖြတ်မယ်၊
* ဒုလ္လဘရဟန်းခံမယ် ဆိုတာပါပဲ'

'ချစ်ဇနီးကို 'မေ-ရေလို့' လှမ်းခေါ်လိုက်ပါတယ်၊
'အကိုကြီး'လို့ပြန်ခေါ်ပြီး အနားရောက်လာပါတယ်၊
'ကိုယ် အရက်ဖြတ်မယ်၊ ဒုလ္လဘ ရဟန်းခံမယ် မေ'
'ရဟန်းခံဖို့ နေပါအုံး၊
အရက်ဖြတ်ဖို့ ဆရာဝန်စမ်းလို့....
ဆေးစားပါအုံး တဲ့....။

'အရက်သောက်တတ်အောင် ဘယ်ဆေးမှစားပြီး၊ သောက်လာဒါ မဟုတ်ဘူး မေ၊ အခု အရက်ဖြတ်တော့လဲ ဘယ်ဆေးမှ စားနေစရာ မလိုဘူး၊ တကယ်ဖြတ်ချင် တကယ်ဖြတ်၊ စိတ်သာပထာန ပါပဲ မေ'

'တကယ်ဖြစ်ချင် တကယ်လုပ်....၊ အဟုတ်ဖြစ်ရမည်ပေါ့ အကိုကြီး'

'မှန်တယ် မေ'

'သာဓုပါ အကိုကြီး'

'မေ သာဓုခေါ်ယင်၊ အကိုကြီး ဒုလ္လဘ ရဟန်းခံတော့မယ် နော်'

'သမထ ဝိပဿနာလမ်း လိုက်တော့မယ် မဟုတ်လား'

(ဟော....သည်မှာ၊ သမထ(နဲ့)ဝိပဿနာ ယောပြီး ပြော လိုက်ပြီ၊ ထိုကဲ့သို့ အပြောမျိုးကို မေတယောက်ထဲတော့ ပြော သည်မဟုတ်၊ ကလျာဏမိတ္တ ဆရာကောင်းများနဲ့ မတွေ့မကြုံဘူး သေးသော သူတိုင်းပင် ပြောကြစမြဲဖြစ်တယ်)

'ပြောပါအုံး အကိုကြီးရဲ့....၊ သမထ ဝိပဿနာလမ်း လိုက် တော့မှာလား'

'မေ သမထနဲ့ ဝိပဿနာကို ဒီလိုမှတ်ထားစမ်းပါ....

၁။ သမထ ဘာဝနာ-က တခု၊

၂။ ဝိပဿနာ ဘာဝနာ-က တခု'

'အော်....ကွဲကွဲပြားပြားပဲ၊ မေ တကယ်မသိဘူး အကိုကြီး'

'အဲဒီလို မကွဲမပြားသိနေတဲ့ 'သမထ ဘာဝနာ(နဲ့) ဝိပဿနာ ဘာဝနာ'မျှသာ သိသာယုံ'ဦးပဥ္စင်း ဒီကျမ်းပြုမယ်လို့ မူလစိတ်က ရည်သန်မိပါတယ်၊ သို့ပေမယ့် ဗုဒ္ဓစာတွေ ဖတ်ရင်း က ဉာဏ်အလင်း ဝင်လာဒါနဲ့၊ 'သောတာပန် ဖြစ်လိုသူများ' များအတွက် ဗုဒ္ဓ၏ ကျင့်ကြံအားထုတ်မှု တရားများကို စာတွေ့ မှ ထုတ်နိုင်သမျှ ကိုယ်တွေ့ရှုပွါးမီး ဤကျမ်း ရေးသားတင်ပြရ ခြင်း ဖြစ်သတည်း' ။

အရှင် တေဇလက်ာရ

# အခန်း ( ၁ )

'ဗေလုဝ ဆရာတင်'

(နာမ်မှ)

'အရှင်တေဇ လင်္ကာရ'

(နာမ်သို့)

'အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒခံ-

'မန္တလေးမြို့ အနောက်ပြင် စိန်ပန်းရပ် ရတနာပုံ ဝိပဿနာရိပ်သာကြီးတွင်....

'ဟံလင်း ဆရာတော်ဘုရား ကျောင်းထိုင်တော်မူ၍ ဝိပဿနာ တရားတော် ဟောကြား ပြသတော်မူစဉ်....'

'တေးပြုစာဆို-

ဗေလုဝ ဆရာတင်

* ရန်ကုန်မြို့မ တူရိယာအဖွဲ့ *

စီမံအုပ်ချုပ်သူသည် မိမိ၏ သံသရာကို ငြိုးငွေ့သော အချိန် ရောက်ပြီဖြစ်၍-

* သာသနာတော် သက္ကရာဇ် ၂၅၂၀-ခု၊ ကောဇာ သက္ကရာဇ် ၁၃၃၈-ခုနှစ်၊ ဝသန္တ နွေဥတု မိဿရာသီ နှောင်း တံခူးလ လပြည့်ကျော်(၇)ရက်၊ (၉၊၄၊၇၇) စနေနေ့နံနက် သမယ စက်နာရီ (၇) နာရီအချိန်တွင်

* ဥပဇ္ဈာယ် ဆရာတော် ကမ္မဋ္ဌာန စရိယ ဟံသင်းဆရာတော်

* အနုညာသက ဆရာတော် လက်ထောက် ကမ္မဋ္ဌာန စရိယ ဦးဥာဏ ဆရာတော်

* ပဌမ ကမ္မဝါဆရာ } တေရော်ဆရာတော် / ဆရာတော် ဦးဥာဏ / ဆရာတော် ဦးပဏ္ဍိလ

* ဒုတိယ ကမ္မဝါဆရာ } ဦးအိန္ဒြိယ / ဦးဝိသုဒ္ဓ / ဦးဇောတ

* တတိယ ကမ္မဝါဆရာ၊

* ကာရ သံဃာ၊

* စတုပစ္စယ ဒါယကာ၊

* မန္တလေးမြို့ ဈေးချိုတော် (၄)နံပါတ်ရုံ၊ ဆိုင်နံပါတ် (၁) ကုန်သည် မန္တလေးတောင် ကျောက်တော်ကြီးဘုရား မြောက်ဘက်မုခ် တန်ဆောင်းတခန်း (၉)ပေ၊ အခန်းပေါင်း (၁၇)ခန်း၊ (ထက်ဝက်ငွေ) အလှူအမ

* စစ်ကိုင်းတောင်ရိုး ဧးမြို့ကြီးချောင် မော်တော်ကား လမ်း ဖေါက်လုပ်လှူဒါန်းသော လမ်းအလှူအမ ဒေါ်ငွေစိန်နှင့် ဒေါ်မြဇင်တို့က သုံးကြိမ်မြောက် ရဟန်းအမ ပြုလုပ်ခြင်းဖြင့် လည်းကောင်း၊ အထက်ဖေါ်ပြလာ ဆရာတော်များက ချီး မြှောက်ခြင်းအားဖြင့်လည်းကောင်း၊ (တောထွက်) ရဟန်း ဘောင်သို့ ရောက်သည့် နေ့ရက်အချိန်တွင် မိခင်ဖခင်တို့က ပစ်ညပ် နာမ်အားဖြင့် ကင်ပွန်းတပ်လိုက်သည့် မောင်ထွန်း ဖေ(မှ)လည်းကောင်း၊ ဂီတသုခမ အနုပညာအားဖြင့်တင်စား၍ 'ဗေလုဝ ဆရာတင်' အမည်နာမှလည်းကောင်း၊ အဆင့်ဆင့် ပြောင်းလဲသမှုတို့ကို သာသနာ့ဘောင်သို့ ဝင်ရောက်သည်နှင့်-

'အရှင် တေဇလက်ာရ' ဘွဲ့မည် ရခဲ့ပေသတည်း။

## 'အကြောင်း (နှင့်) အကျိုး'

လူဘဝ လူဝတ်နှင့် ထက်ထက်မြက်မြက် ခံစားခဲ့ရသော စည်းစိမ်ချမ်းသာ အဆိုးအကောင်းများကိုလည်းကောင်း-

လူဘဝ ရဟန်းဝတ်နှင့် ဝိရိယပါရမီ မတွန့်မဆုတ် ကြိုး စား အားထုတ်ခြင်း ကြောင်းကျိုးတရားများကိုလည်းကောင်း-

လူ လောကသား အားလုံးတို့အား အကျိုးများစေရန် ရည်သန်၍ မိမိ၏ ကိုယ်တွေ့ လောကကြောင်း ဓမ္မကြောင်း များမှ ဘာသာရေး အခန်းကဏ္ဍတို့ကို ရေးသား တင်ပြလိုက်ရပေသတည်း။

အရှင် တေဇလင်္ကာရ
(ဒုတိယဝါဆိုလပြည့်၊ ၁၃၃၉-ခုနှစ်)
(၃၀၊၇၊၇၇)

# အခန်း (၂)

'ဖြူ နီ ညို ပြာ မဂ္ဂဇင်း အယ်ဒီတာချုပ်၊ ကြေးမုံသတင်းစာ အယ်ဒီတာဟောင်း စိန်ခင်မောင်ရီတယောက် ရန်ကုန် မဟာစည်ရိပ်သာမှာ ဒုလ္လဘ ရဟန်းခံပြီး ဝိပဿနာ ဘာဝနာ အားထုတ်နေပြီတဲ့'

'စာရေးဆရာ တပ်မတော် မင်းရဲထွန်း တယောက်လဲ မဟာစည်ရိပ်သာမှာဘဲ ဒုလ္လဘ ရဟန်းခံပြီး တရားအားထုတ်နေပြီ'

'ကောင်းလေစွ ကောင်းလေစွ'

(အိုဒီရင့်ကလပ် အရက်သောက်နေရင်းက ဖန်ခွက်ကို မြှောက်လျက် ရှပ်သမား ၃-၄ ယောက်က ကောင်းခြီးသြဘာ ပေးလိုက်ကြပါသည်)

တယောက်သောသူက....
'ဝိပဿ ဆိုသည်မှာ-
ဖြစ်တယ် ပျက်တယ်
တယ် နှစ် တယ်
သိဘို့ မလွယ်ဘူးကွယ်'လို့
ဆောင်ပုဒ် ထုတ်လိုက်သည်။
နောက်တယောက်က....
'သောက်တယ် မူးတယ်
တယ် နှစ် တယ်
သိဘို့ အလွယ်ကလေးကွယ်' လို့....
ဆောင်ပုဒ် ထုတ်လိုက်ပြန်သည်။

'ကြောင်းကျိုးအမှန်၊ ရုပ်နာမ်ဖြစ်ပျက်၊ ဒုက္ခစက်ကို ကွက်ကွက်ကွင်းကွင်း ထင်လင်းမှသာ၊ ဝိပဿနာ'ဆိုတာ သိထားကြဘို့လိုတယ်။

'ဝိပဿနာ ကြောင်းကျိုးအမှန် သိပြီးတဲ့ ဗေလုဝဆရာတင် ရုပ်သာကို အယင်ကြွ မနက်ပြန်ကစပြီး ဒီကလပ် မလာနဲ့တော့'

'မိမိသံသရာကို ငြိုးငွေ့သောအချိန်ကျမှ ဝိပဿနာစခန်း သွားကြတာပေါ့ဗျာ'လို့ တယောက်သောသူက လေပြေထိုးကာ ကလပ်က ပြန်ခဲ့ကြသည်သာ....

## အခန်း (၃)

"ဖေဖေကြီး အရက်မူးပြီးလာပြန်ပြီ၊ လာ လာ အခန်းထဲဝင်ကြစို့"လို့ သမီးငယ်က သူ့အမကြီးတွေခေါ်ပြီး ဝင်ပုန်းနေကြပါသည်။

အရက်သမား လင်လုပ်မိသော အိမ်သူ သက်ထား မယားမိန်းမကား ၁၀-ပါးသော မယားဝတ်တွင် ကြေပြွန်စွာ အိမ်ဘံခါးဝ ဆီးကြိုကာ....

'အကိုကြီး ဘယ်သူလိုက်ပို့သလဲ'

'စာရေးဆရာ မင်းပြာ'

(ဒီနေ့တော့ ကိုယ့်လင် အိမ်ပြန်ရောက်လာပြီလို့ စိတ်ချမ်းသာသွားလိုက်တဲ့ ချစ်ဇနီးက) 'အကိုကြီး ဟင်းနွှေးလိုက်မယ်နော်'

'ဘာဟင်းလဲ မေ'

'အကိုကြီး မနက်က မှာထားခဲ့တဲ့ ဟင်းယာတွေ ချက်ထားပါတယ်'

'စားဒါပေါ့....မေ'

'အကိုကြီး မေးရအုံးမယ်၊ စိန်ခင်မောင်ရိတယောက်'

'သိပြီမေ၊ စိန်ခင်မောင်ရိ ကျွတ်တန်းဝင်သွားပြီ'

'မေတော့ သာဓုခေါ်မိတယ်'

'စောစော အရက်သောက်တဲ့သူက စောစော အရက်ဖြတ်ကြတာပဲ၊ နောက်ကြမှ အရက်သောက်တဲ့သူက နောက်တော့ဖြတ်ကြမှာပေါ့ မေ'

'နောက်မှ သောက်တဲ့ အကိုကြီးလဲ နောက်တော့ ဖြတ်မယ်ပေါ့'

'မေကလဲ....'ပြတ်ချိန်တန်ယင်....

ဖြတ်ရမယ်၊

သေသေချာချာ

မှတ်ထားကွယ် နော်....မေ၊ နော်....မေ'

'အရက်ဘိုးက အိမ်ဈေးထက် များလာတယ်၊ စီးပွားရေးက အဆင်မပြေတော့ ကြာယင် ကြပ်တဲလာလိမ့်မယ်'

(ကျွန်တော် ဘာမှ မပြောတော့၊ မိန်းမပြောတာက လမ်းကျနေတယ်၊ စီးပွားရေးက မပြေလည်ဘူး၊ အရက် ဈေးနှုန်းကတက်လာတယ်၊ ဒါပေမယ်လဲ....

နောက်တနေ့ မူးချိန်တန်တော့
မမူးရယောင် မနေနိုင်တော့
အဖြူပဲရရ အနီပဲရရ မျိုလိုက်ရ
တော့တာပါပဲ)။

'ချစ်ဇနီး မေ'ကတော့ ပူပူဆူဆူ ဘယ်တော့မှ မလုပ်၊ အရက် မသောက်စေချင်တာကို ကျန်းမာရေးနဲ့ အကြောင်းပြပြီး ပက်ချင် ရှော့အသောက်ခိုင်းတယ်၊ လိမ္မာပါတယ် မေ။

## အခန်း (၄)

'အတ္တသမံ ပေမံ နတ္တိ မိမိကိုယ်ထက် ချစ်တာ မရှိဘူးတဲ့ ခမ....'

'အကိုကြီးက မိမိကိုယ်ထက် အရက်ကို ချစ်တယ် မဟုတ်လား'

'အရက်ကို မချစ်ပါဘူး မေ'

'မိမိကိုယ်ကို ချစ်ယင် အရက်ဖြတ်၊ အရက်သမား သေယင် နတ်ပြည် မရောက်တော့ဘူးတဲ့'

'ဟားဟား ဟားဟား'

'တော်ခေါ သရဏံ ခေမံ၊
တော် သရဏံ မုတ္တမံ၊
တော် သရဏံ မာဂမ္မ၊
သဗ္ဗာ ဒုက္ခာ ပမုစ္စတိ'လို့ ဓမ္မပဒမှာ ပါတယ်။

'အကြောင်းထူးပွက ဘယ်လိုလဲ အကိုကြီး'

'မေက အရက်သမားသေယင် နတ်ပြည် မရောက်ဘူး ပြော လို့ နတ်ပြည်ရောက်တဲ့ အရက်သမား အကြောင်းထူးပွကို ပြော မလို့'

'ဘယ်လို အရက်သမားမျိုး နတ်ပြည်ရောက်တာလဲ ပြော စမ်းပါအုံး'

'နားထောင် မေ၊ ဗုဒ္ဓ လက်ထက်တော် အခါက ဗုဒ္ဓ၏ ဆွေတော် မျိုးတော်ထဲက 'သရဏ ဥပါသကာ' ဆိုတာ သေ ရက်ကို အင်မတန် သောက်တယ်တဲ့၊ သောက်ဆို သေသည့်တိုင် အောင် သောက်တယ်တဲ့ မေ'

'အဲဒီလောက် အရက်သောက်တဲ့သူ သေတော့ နတ်ပြည် ဘယ်လိုလုပ် ရောက်နိုင်ပါ့မလဲ အကိုကြီး'

'မေ....မေးတာက တော်သေးတယ်'

'ရှင်းစမ်း ပါအုံး'

'အဲဒီ သရဏဥပါသကာ အရက်သမား သေသွားတော့ ဗုဒ္ဓက နတ်ပြည်ကို ရောက်တယ်လို့ ဟောတော်မူတယ်'

'အကိုကြီးကလဲ ဟုတ်ကဲ့လား'

'အဲဒီလို ဗုဒ္ဓက ဟောတော်မူတဲ့အခါ ဗုဒ္ဓရဲ့ ဆွေတော်မျိုး တော်တွေက ဗုဒ္ဓကို ကဲ့ရဲ့ပြစ်တင်ကြတယ်တဲ့'

'ဘယ်လို ကဲ့ရဲ့ပြစ်တင်ကြသလဲ'

'ဒီ သေသောက်ကြူးဟာ လူမှန်းသူမှန်း သိကထဲက သေ သည်အထိ အရက်ကို မပြတ် သောက်လာတာပဲ၊ နတ်ပြည်ကို ရောက်တယ်ဆိုဒါ ဒီတော့ မယုံဘူး' လို့ သူတို့ စုမိတိုင်း စည်း ဝေးမိတိုင်း ပြောကြ ဆိုကြ အပြစ်တင်ကြတယ်။

'ဗုဒ္ဓကို ဆွေတော် မျိုးတော်တွေက အပြစ်တင်ကြတယ် ဟုတ်လား အကိုကြီး'

'ဟုတ်တယ် မေ၊ အဲဒီအကြောင်းကို မဟာနာမ်မင်းက ကြားတော့ ဗုဒ္ဓထံသွားပြီး....

'အရှင်ဘုရား....အရှင်ဘုရားရဲ့၊ဆွေတော်မျိုးတော်တွေက အရှင်ဘုရားကိုကဲ့ရဲ့ ပြစ်တင်နေကြပါတယ်'လို့ လျှောက် ထားတယ်။

ဗုဒ္ဓက 'ဘာ့ကြောင့်တုံး'လို့ မေးတော်မူတယ်၊

မဟာနမ်မင်းက 'သရဏာဉပါသကာ သေသောက်ကြူးဟာ လူမှန်းသူမှန်း သိတဲ့အခါကစပြီး သေသည့်တိုင်အောင် သေရက် ကို သောက်လာခဲ့တယ်၊ သူသေတော့ နတ်ပြည်ကို ရောက် တယ်လို့ အရှင်ဘုရား ဟောတာကို ဘယ်သူမှ မယုံကြဘူး ဘုရား'လို့ လျှောက်ထားတယ်။

'ဒီတော့ ဗုဒ္ဓက 'အေး သေတာနဲ့ တပြိုင်နက် သူဟာ **သောတာပန် ဖြစ်သွားတယ်'လို့ မိန့်တော်မူတယ်'**

'ဘာကြောင့် ဒီ သရဏာဉပါသကာ သောတာပန် ဖြစ်သွား တယ်ဆိုတာ မေ သိချင်တယ် အကိုကြီး'

'အဲဒီ သရဏာဉပါသကာ ကို၊ တဖက်သားက—

'သရဏာဉပါသကာ သင် ဘုရားကို၊

ဘုရား မဟုတ်ဘူး။

တရားကို တရား မဟုတ်ဘူး။

'သံဃာကို သံဃာ မဟုတ်ဘူး' လို့ ပြောယင်ပြော မပြောယင် သင့်ဦးခေါင်းကို ဖြတ်မယ်လို့ ဆိုခဲ့ယင်....

'အဲဒီ သရဏာဥပါသကာ (က)
'ဖြတ်ချင် ဖြတ်ပါ....

ငါ ဘုရားကို ဘုရား မဟုတ်ဘူး၊
တရားကို တရား မဟုတ်ဘူး၊
သံဃာကို သံဃာ မဟုတ်ဘူးလို့ မပြော
ဝံ့ဘူး' လို့အမြဲ ပြန်ပြောခဲ့တယ်'

'အော်....သရဏာဥပါသကာ (က) အသက်ကိုစွန့်ပြီး ရတနာ သုံးပါးကို ယုံကြည်ခဲ့တာကို'

'ဟုတ်တယ် မေ၊ အဲဒါကြောင့် ဗုဒ္ဓက သေရည် သေရက် သောက်တဲ့ အကုသိုလ်ကံဟာ သူ့ကို မတားမြစ်နိုင်ဘူး၊ ဘာ ကြောင့်တုံး ဆိုတော့ ဘုရား, တရား, သံဃာဆိုတဲ့ ရတနာသုံး ပါးရဲ့ ဂုဏ်တော် ကျေးဇူးတော်များက အတိုင်းမသိ ကြီး ကျယ်မြင့်မြတ်တာက တကြောင်း၊ သူကလဲပဲ ရတနာ သုံးပါး ကို အသက်စွန့်ပြီး ယုံကြည်ခြင်း ရှိတဲ့ သဒ္ဓါတရား ထားရှိတာ က တကြောင်း၊ ဒီအကြောင်းများကြောင့် သေရည် သေရက် သောက်တဲ့ အကုသိုလ်ကံဟာ သူ့ကို မတားမြစ်နိုင်ဘူးလို့ ဗုဒ္ဓက မိန့်ကြားခြင်းဖြစ်တယ်'

'သရဏာဥပါသကာလို အရက်သမားက ဘုရား, တရား, သံဃာကို အသက်စွန့်ပြီး သဒ္ဓါတရား ထားရှိတာကြောင့် နတ်ပြည် ရောက်နိုင်ပေမယ့် ဘုရားမှန်း တရားမှန်း သံဃာမှန်း မသိတဲ့ အရက်သမားတွေ အတွက် ဘယ်လို လုပ်ပြီးတော့ နတ်ပြည်ရောက်နိုင်ပါမလဲ အကိုကြီးရဲ့'

* * *

# အခန်း (၅)

(အကိုကြီး ဗြုန်းဆို ပေါက်ချလာပြီးညွှန်းကပတ္တလားကို အသံစမ်းလိုက်ပါတယ်၊ အဖေကြီး အလိုက်သိတဲ့ သမီးသင်္ဂီတ စည်းနဲ့ ဝါးလက်ခုတ်ကလေးကိုင်ပြီး အဖေ့အနား ရောက်သွားတယ်)

'သမီး ယိုးဒယား'လို့ ပြောပြီး ပတ္တလား သက်သက် တီးနေပါတယ်။

'နောက်တော့ သီချင်းစာသားကိုဖြတ်ပြီး ဒီနေရာက ဆိုတော့တာပါဘဲ....'

**'ဝိပဿနာ ဝင်စား ထင်လျား မြင်ငြားကြပါ၊ ဘာမျှ ရှာမရ အသာရကမှန်စွာ၊ အနတ္တခန္ဓာ၊ ဖြစ်ရင်း တည်ရင်း ပျက်ရင်းချုပ်ကာ၊ ရုပ္ပတ္တိသညာ ဖေါက်ပြန်မဆိတ်ပါ၊ အနိစ္စလက္ခဏာ ရုပ်တရား နာမ်တရား နှစ်ဖြာ၊ ဒို့ နာသေမည့် အတည်မကျပေါ'**

ဆိုတဲ့ နေရာလဲ ရောက်ပါရော ဆိုသံရော၊ ပတ္တလား တီးသံပါ တိတ်သွားပီး သမီး သင်္ဂီ အခန်းထဲ ဝင်လာပီး-

'မေမေ ဖေဖေကြီး ထမင်းစားတော့မယ်တဲ့'

'ဆန်းလှချည်လား သမီးရယ်'

'မေက ထမင်း စောစော စားဒါ ဆန်းနေသလား'

'တော်တော်ကြာ အကိုကြီး....'

'ဒီနေ့က စပီး အကိုကြီး အရက်မသောက်တော့ဘူး မေ'

'သာဓုပါ အကိုကြီး'

'သာဓုမခေါ်ရဘူး မေ၊ ဆရာသုခကို ခေါ်ရမယ်'

'မကောင်းမှုကို စွန့်တဲ့အခါ သာဓုခေါ်ရတယ် ဟုတ်လား'

'ဟုတ်တယ် မေ'

'ဒီလိုဆို ဆရာသုခက ဘယ်လိုလုပ်ပါလာတာလဲ'

'ဆရာသုခက ကျိုက်လတ် မဟာဂီတ ဆရာကြီး ဦးပြုံးချို့ရဲ့ အထုပ္ပတ္တိရေးပါလို့ ပြောတယ်'

'ရုပ်ရှင်ရိုက်မလို့ ထင်ပါရဲ့'

'ဂုဏ်ပြုပွဲ လုပ်မယ်လို့တဲ့'

'အကိုကြီး အရက်ဖြတ်မှာနဲ့ ဆရာကြီး ဦးပြုံးချို့ရဲ့အထုပ္ပ ရေးမှာနဲ့က ဘယ်လိုတိုက်ဆိုင်လာလို့လဲ'

'ဆရာကြီး ဦးပြုံးချို အထုပ္ပ ရေးနေရင်းက ဇေတဘူမှာ သီချင်းကြီးကို သတိရလာတယ်၊ ဒါနဲ့ ပတ္တလားတီးပြီး ဆိုချင်နေတဲ့နေရာ ဆိုလိုက်တယ်၊ မေ ကြားလိုက်မှာပေါ့'

'ဝိပဿနာဝင်စား ထင်လျှား မြင်ငြားကြပါက စဆိုတယ်ဟုတ်လား'

'ဟုတ်တယ်မေ၊ အနတ္တခန္ဓာကိုယ်ဟာ ဖြစ်လိုက်ပျက်လိုက်နဲ့ ဖေါက်ပြန်နေတာ မြင်လာတဲ့အခါ မကောင်းမှုဒုစရိုက်တွေကို အလိုလိုက်နေလို့ရှိယင် သရဏာဥပါသကာလို သေယင်နတ်ပြည်ရောက်မယ့်လမ်း မမြင်တော့ဘူး'

'အကိုကြီး ဒီလိုမြင်လာအောင်များ ဆရာဦးသုခ(က)ဥပါယ်တမျဥ်နဲ့ ဆရာကြီးဦးပြုံးချို အထုပ္ပအရေးခိုင်းတာလား၊ ကျေးဇူးတင်လိုက်တာ၊ ဆရာ့ကို သွားပြီးကန်တော့ရအုံးမယ်'

'ဟိုတုံးကဆိုယင် ဇေတဘူမှာသီချင်းကြီးကို....

'ခြောက်ခုအာရုံ ကာမဂုဏ်ဆန္ဒ
ပဋိစ္စသမုပ္ပါန် ရုပ်ပြန်အတွင်း
အပတဏှာ ရှက်စရာတွေးတော့
သမုဒယပါ မဂ္ဂါဆေးနှင့်ကုရမှာ
လက္ခဏာရေးမြင့် ရှုကြပါ' ဆိုတဲ့အခါ
ဝိပဿနာနဲ့ မမြင်မိခဲ့ဘူး မေ'

'ဘယ်လိုများ မြင်ခဲ့သလဲ အကိုကြီး'

'မင်္ဂလာလပ်ထပ်ပွဲတွေ အကိုကြီးတို့ 'တီးဝိုင်း' တီးကြရတဲ့အချိန်မှာ ကြွရောက်လာကြတဲ့ အမျိုးသမီးတွေရဲ့ အချောအလှ အဆင်းသဏ္ဌာန် ရူပါရုံကိုမြင်ရတာနဲ့ လက်နဲ့ ကိုင်တီး

နေတဲ့ တူရိယာသံတွေပျောက်ပြီး စိတ်တွေ ထွက်သွားဒါ ပြန်ထိန်းလို့တောင် မရခဲ့ဘူး မေ'

'ဒါကြောင့် အဆိုတော်နွဲ့ရီတင်က ပြောဒါကို'

'မိရိက ဘာပြောသလဲ'

'ဆရာက လက်ထပ်ပွဲတွေမှာ စောင်းတီးရင်းက စိတ်တွေ ဘယ်ရောက်ရောက်သွားမှန်း မသိဘူး လက်သံတွေ ဖေါက် ဖေါက်လာတယ်တဲ့'

'ဟုတ်တယ်မေ ရုပ်ရုံကို စိတ်ဝင်စားသွားမိဒါပဲ'

'အဲဒီအချိန်မှာ မေကိုလဲ မေ့သွားမှာပေါ့နော်'

'ဒီလိုလဲ မဟုတ်ဘူး မေ'

'ရုပ်ရုံအပြင် ဘာတွေများ စိတ်ဝင်စားမိသေးလဲ'

'တီးဝိုင်းနားက စားပွဲနားထိုင်နေကြတဲ့ အမျိုးသမီးတွေကဲ့ သူတို့ဝတ်လာတဲ့ အင်္ကျီ လုံချည် ခြုံလာတဲ့ ပဝါကအစ သူတို့ စီးလာတဲ့ မော်တော်ကားအထိ သူတို့ချစ်လင်က နိုင်ငံ ခြားက ပါလာတဲ့အကြောင်း ပြောသံတွေဟာ နွဲ့ရီတင် ဆိုတဲ့ တေးသံတဲ့သာယာလို့ သဒ္ဒါရုံကို စိတ်ဝင်စားမိတဲ့ အခါ စောင်းတီးတဲ့စိတ်က ထွက်ထွက်သွားတယ်၊ ပြန်ထိန်းလို့ တောင် မရခဲ့ဘူး မေ'

'နောက် အကိုကြီးစိတ်တွေ ဘယ်ရောက်သွားသေးလဲ'

'လက်ထပ်ပွဲမှာလာကြတဲ့ အမျိုးသမီးအချို့ရဲ့ ခန္ဓာကိုယ်က အနံ့အသက်တွေဟာ နှင်းဆီလိုသင်းဒါလဲမဟုတ်၊ ဂန္ဓဝေါ်လို လှိုင်ဒါလဲမဟုတ်၊ စပါယ်လို ကြိုင်ဒါလဲမဟုတ်ပဲ ပြောပြလို့ မရတဲ့ လပ်လပ်ဆပ်ဆပ် ခန်းလုံးမွှေးတဲ့ ဂန္ဓာရုံ အနံ့ပေါ်မှာ

စိတ်ဝင်စားမိဒါနဲ့ စိတ်တွေထွက်သွားဒါ လိုက်ထိန်းလို့ မရခဲ့ဒါ အမှန်ပဲ’

‘လှဒါရယ်၊ အသံသာယာဒါရယ်၊ မွှေးဒါရယ်၊ စိတ်တွေ ဝင်စားပြီးတဲ့နောက်ကော အကိုကြီး’

‘တီးဝိုင်းခေတ္တနားပြီး ညှော်ခံပွဲကကျွေးတဲ့ ထမင်းဟင်း၊ အချိုအဆိမ့်တွေစားပြီး အရသာ ရသာရုံ ခံစားမိဒါနဲ့ စိတ်တွေ ထွက်သွားတယ်မေ’

‘ဖေါ်ဋ္ဌဗ္ဗာရုံ အတွေ့အထိ ကျတော့ကောအကိုကြီး’

‘အင်း....ဒါကတော့ အိမ်ပြန်ရောက်လို့ မေနဲ့ ကျကာမှ’

‘ဟွန်း....ဒါတွေကရှိတယ်’

‘အဆင်းရယ်၊ အသံရယ်၊ အနံ့ရယ်၊ အရသာရယ်၊ အတွေ့ရယ် အဲဒါတွေကို ချဲ့ပြီး စမြုံ့ပြန် စိတ်ဝင်စားမိဒါက မနောရုံ အာရုံ ၆-ပါးစလုံး စိတ်ဝင်စားမိတယ်ဆိုယင် စောင်းတီးလို့ မရတော့ပါဘူး မေ’

‘အကိုကြီး ဟိုတုံးက အာရုံခြောက်ပါးကို တခုမကျန် တပ်မက်ခဲ့တယ် အခုကော’

‘အခုတော့....’

‘ရုပ်ပြန်အတွင်း အပတဏှာ၊
ရှက်စရာတွေးတော သမုဒယပါ၊
မဂ္ဂါဆေးနှင့် ကုရမှာ၊
လက္ခဏာရေးဖြင့် ရှုကြပါ’ဆိုတဲ့အတိုင်းပါပဲမေ’

* * *

## အခန်း (၆)

'လေးစားအပ်သော....

သဘာပတိကြီး(နှင့်)တကွ....
ကြွရောက်လာကြတဲ့ လူကြီးမင်း
အပေါင်းတို့/ခင်ဗျား....

'ကျွန်တော်အား ယခုကဲ့သို့ ကျိုက်လတ်ဇာတိဖွား မဟာဂီတ ဦးပြုံးချို(၏)အကြောင်း ထုပ္ပကို စာတမ်းပြုစု ရေးသား ဖတ်ကြားခွင့် ပြုကြသည့်အတွက် အထူး ကျေးဇူးတင် ဝမ်းမြောက်မိပါသည်။'

'သို့ပါသော်လည်း ဆရာကြီး ဦးပြုံးချို(၏) အကြောင်း ထုပ္ပစာတမ်း ပြုစုရေးသားနေချိန်တွင် ကျွန်တော့်မှာ စိုးရိမ်စိတ်ကလေး ဝင်လာပါသည်။ ဘယ်လို အကြောင်းများလဲ

ဆိုတော့ကာ 'ယောမင်းကြီးဦးဖိုးလှိုင်(အား) လက်ဝဲရေးကြောင်း ဗိုလ်မင်းအိမ်မှ မြင်းထိမ်း 'တော'ဆိုသူက ချီးမွမ်းသကဲ့သို့များ ဖြစ်နေမလားလို့ပါပဲ'

'ယောမင်းကြီးဦးဖိုးလှိုင်(နှဲ့) မြင်းထိန်း 'တော'အကြောင်း အနည်းငယ် တင်ပြပါရစေ'

'မြင်းထိန်းတောဆိုသူက သူ့အပေါင်းအသင်း မိတ်ဆွေတွေတိုင်း သူငယ်ချင်းရေ ရွှေပြည်ဝန်ကြီးရေးတဲ့....

* ဝိမုတ္တိရသကျမ်းမှာ ဆိုထားလိုက်တာ ဘာပြောဘို့ ရှိမလဲ လွန်ရော။
* ကာယာနုပဿန ကျမ်းမှာ မိန်းမအူ ဘယ်မျှ ရှည်သည်၊ ယောကျ်ားအူ ဘယ်မျှရှည်သည်၊ ကလေးများ ဘယ်အရွယ်ရှိတဲ့အခါ ငိုသောအားသည် အချိန်မည်မျှ ရှိသည် ဆိုထားလိုက်ကွယ် လွန်ရော။
* နောက်...ဥတုဘောဇနကျမ်းက အစား အသောက် အစာအမျိုးမျိုး ရေချိုးနည်း နံ့သာလိမ်းရာသောနည်း အသား စားနည်းများကို ဆိုထားလိုက်တာကွယ် အသက်ရှည်ဘို့ချည့်ပဲကွဲ့ ဖတ်ကြပါကွယ်လို့ တိုက်တွန်း ပြောဆိုနေပါသည်။

တနေ့တော့ ယောမင်းကြီး ဦးဖိုးလှိုင်(က) သည်အကြောင်း ကိုကြားသည်နဲ့ မြင်းထိန်းတောကို ခေါ်ပြီး....

'တော မောင်မင်း ငါရေးတဲ့ ကျမ်းများကို လူတကာ ကြည့်ရှုရန် တိုက်တွန်း ပြောဆိုသည်ကို ငါကြားတယ် ဟုတ်ကဲ့လား'

'မြင်းထိန်းတော(က) ဝမ်းသာအားရနဲ့ 'မှန်ပါဘုရား'လို့ လျှောက်လိုက်တယ်။

'မောင်မင်း ငါရေးတဲ့ကျမ်း ဘယ်ကျမ်းများ ကြည့်ဘူးသလဲ'

'မကြည့်ဘူးပါ မမြင်လည်းမမြင်ဘူးပါ သူတို့လူကြီးများ ပြောကြသည်ကိုသာ ကြားရ၍ ဘုရားကျွန်တော်မျိုးလည်း လူတွေတိုင်း ပြောပြကြောင်းပါဘုရား'လို့ လျှောက်ထားလိုက်သည့်အခါ၊ တော(အား) ယောမင်းကြီးဦးဖိုးလှိုင်(က) ဒေါင်းဒင်္ဂါး(၁၆)ပြား ထုတ်ပေးပြီး....

'ရော့ သည်ငွေနဲ့ မောင်မင်းပုဆိုးဝယ်၍ဝတ်လေ၊ နောက်ကို ယနေ့ကစ၍ ငါရေးသောကျမ်းများ လူတွေတိုင်းမချီးမွမ်းလေနဲ့ ကြည့်ရှုရန် မတိုက်တွန်းလေနဲ့နော်ကြားလား၊ မှတ်သွားလေ'

'တော(က)ဘာကြောင့်လဲဘုရား'လို့ လျှောက်တယ်။

'ခွေးမသား နင်မှ စာမတတ်ပဲနဲ့ ငါရေးတဲ့စာတွေ ချီးမွမ်းပါလျှင် ငါပါပစ်ရမှာပေါ့'လို့ အမိန့်ရှိလိုက်ပါသည်။

'တောပြန်သွားတော့ လမ်းမှာ သူငယ်ချင်းတွေက 'ဟော့ တော မင်းကို ဝန်ကြီးမင်း ဘာကြောင့်ခေါ်သလဲ'လို့ မေးကြတဲ့အခါ-

'မမေးကြပါနဲ့ကွယ်၊ ဝန်ကြီးမင်းက ငါ့ကို နှုတ်ပိတ်ခ ဒေါင်းဒင်္ဂါး ၁၆ ပြား သနားတော်မူလိုက်တယ်၊ မပြောဘူးကွယ်' လို့ ငြင်းဆိုလိုက်ပါသည်။

ထိုကဲ့သို့ပင် ကျွန်တော်အား နှုတ်ပိတ်ခပေးပြီး ပြန်လွှတ်လိုက်ကြမလားလို့ စိုးရိမ်မိပါသည်။

မဟာဂီတ ဦးပြုံးချို အကြောင်းထုပ္ပတ္တိတွင် ကျိုက်လတ် ဇာတိဖွါး ဖြစ်ပင်ဖြစ်ပါငြားသော်လည်း၊ မြန်မာစာပေ တေးဂီတ ဖခင်ကြီးတဦးဖြစ်ပါ၍ မြန်မာ တမျိုးသားလုံးက ဂုဏ်ပြုကြရ မည့် ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။

ဆရာကြီး ဦးပြုံးချို(၏)အထုပ္ပတ္တိ စာတမ်းကို မဟာဂီတ ပေါင်းချုပ် ကျမ်းစာအုပ်တွင် အချို့ ရေးထားပါသည်။ ထို ကျမ်း၌ ကြွင်းကျန်ရစ်သော ဆရာကြီး၏ အကြောင်းထုပ္ပတ္တိကို သိမှိသည့် ပုဂ္ဂိုလ်များထံမှလည်းကောင်း၊ ဆရာကြီး၏ သား သမီးများထံမှလည်းကောင်း၊ စုံစမ်းပြုစု၍ ဤစာတမ်းကို ရေး သားတင်ပြခြင်း ဖြစ်ပါသည်။

'ဥစ္စာရှာ မန်သာ နှိမ့်ချထား
ပညာရှာ ပမာ သူဖုန်းစား'ဟူသော ဝါဒကို
ဦးပြုံးချို လက်ကိုင်ထားသူ ဖြစ်ပါသည်။

* ထိုဝါဒကို လက်ကိုင်ပြုထား၍လည်း အသက်(၁၁)နှစ် အရွယ်ကပင် တေးသီချင်းကို ရေးသား စပ်ဆိုနိုင် ခဲ့သေသည်။
* အသက်(၁၆)နှစ် အရွယ်မှာ စောင်းတီးပညာကို တတ် မြောက်၍ ပွဲ့နှ ပွဲထိုင်များတွင် ဝင်ရောက် တီးနိုင်ခဲ့လေ သည်။
* အသက်(၂၀)ခန့်တွင်၊ စပါးယိုရွာ ဦးဘရှင် တည် ထောင်သော ဇာတ်အဖွဲ့တွင် ဇာတ်ဆရာတာဝန် ထမ်း ဆောင်ခဲ့လေသည်။

အသက်(၃၀)ခန့်တွင်၊ ကျိုက်လတ်မြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာပြီး သတင်းစာလောကတွင် အယ်ဒီတာ တာဝန်ကို ထမ်းဆောင်၍-

၁။ ပညာအလင်း သတင်းစာတိုက်တွင် စတင်လုပ်ကိုင်ပါ သည်။ 'စိန္တာသက္က' ကလောင်အမည်နှင့် စာရေးသား ခဲ့ပါသည်။

၂။ မြန်မာ့အလင်း သတင်းစာတိုက်သို့ ကူးပြောင်းလုပ်ကိုင် သော အချိန်တွင် ဘိုးမင်းကျော်(နှဲ့)အရှူးတော်နေဒွန်း ကလောင်အမည်ဖြင့် စာများ ရေးသားခဲ့ပါသည်။

၃။ မြန်မာ့ ရိပ်ဗျူးဂျာနယ်တွင် အယ်ဒီတာ လုပ်ကိုင်ခဲ့ဘူး ပါသည်။

၄။ သူရိယ သတင်းစာတိုက်တွင် မြန်မာစာဌာန အယ်ဒီတာ လုပ်ကိုင်ခဲ့ဘူးပါသည်။

၅။ ဗန္ဓုလ ဂျာနယ်တွင် ဆောင်းပါးများ ရေးသားခဲ့ဘူး သည်။

ထိုကဲ့သို့ စေးရေး စေးဆို စောင်းတီးပညာ(နှဲ့)အယ်ဒီတာ စာရေးဆရာ ဘဝများစွာက ရရှိသည့် ပညာများနဲ့ 'မဟာဂီတ ပေါင်းချုပ် ကျမ်းကြီး'ကို စုဆောင်းပြုစု၍ ကိုယ်တိုင်ရေး စေး ပေါင်း(၂၀)ခန့် ဘည့်သွင်းကာ ပုံနှိပ်ထုတ်ဝေခဲ့လေသည်။

ထိုအပြင် ကျိုက်ထီးရိုး နတ်လမ်းညွှန်စာအုပ်နဲ့ မောင်နေဇ (၏) လိမ်နည်းအမျိုးမျိုး စာအုပ်များ ရေးသားထုတ်ဝေခဲ့လေ သည်။

၁၉၆၉-ခု၊ ဧပြီလတွင် ဒုတိယအကြိမ် မောင်နေ(၏) လိမ်နည်းအမျိုးမျိုးစာအုပ်ကို အင်းဝထွန်း စာပေတိုက်မှ ပြန်လည်ပုံနှိပ်သည့်အချိန် ဆရာကြီး ဦးပြုံးချို(၏)သားကြီး ဩရသဦးလှမောင် တောင်းပန်ချက်အရ နောက်ဆက်တွဲ'ခေတ်သစ်နေဇလိမ်နည်း'အမည်ဖြင့် အရိုးကို အရွက်မဖုံးစေရဘဲ ကျွန်တော်က ဇော်ထွန်းအမည်ဖြင့် ရေးသား ထည့်သွင်းပေးခဲ့ပါသည်။

၁၉၇၂-ခုနှစ်တွင် အကယ်ဒမီ(၆)ဆုရှင် စာရေးဆရာ ဒါရိုက်တာဆရာဦးသုခ(က)'ပန်းတလိမ် နန်းတလိမ်'အမည်ဖြင့် ဆရာကြီးဦးပြုံးချို(အား)ဂုဏ်ပြု ရုပ်ရှင်ကား ရိုက်ကူးပြသခဲ့ပါသည်။

## 'သတ်ပုံကြောင့် ရိုးရောက်ရ'

ဆရာကြီး ဦးပြုံးချို(သည်)တေးပြုစာဆို၊ ဇာတ်ဆရာ၊အယ်ဒီတာ၊ စာရေးဆရာဘဝများတွင် ကျင်လည်ခဲ့စဉ်က မြန်မာ စာပေ ရေးသားရာတွင် **သတ်ပုံ** သတ်ညွှန်းများကို အလွန် အလေးထားခဲ့ပါသည်။

ဆရာကြီး ဦးပြုံးချို(၏) အသက် ၃၇-နှစ် ပတ်ဝန်းကျင်အရွယ်တွင် သာသနာ့ဘောင်ဝင်ရန် ဆုံးဖြတ်ပြီး ချစ်စွာသောဇနီးအား အိမ်ထောင်သစ်ပြုလိုကပြုရန် အသိသက်သေ အစုံအလင်ဖြင့် ခွင့်လွှတ်ခြင်း၊ သားသမီးများအား ဆွေမျိုးများထံအပ်နှံခြင်း ပြုလုပ်ဆောင်ရွက်၍ပြီးလျှင် ရဟန်းဘောင်သို့ ကူးပြောင်းသွားလေသည်။

ရဟန်းဘွဲ့တော်မှာ 'ဦးပညာ' ဖြစ်လေသည်။ ရဟန်းဘဝ (၃)လခန့်အကြာတွင် အခြား ဦးပဥ္စင်းတပါးနှင့် ပါဠိသဒ္ဒါကျမ်းပုဆစ်နှင့် ပတ်သက်၍ ဝိဝါဒတွဲကာ အငြင်းပွားကြလေရာ-

ဦးပညာ (ဆရာကြီး ဦးပြုံးချို)သည် မွေးကတည်းက ပါလာသော ဝါသနာကို မစွန့်နိုင်သဖြင့် ဒုတ်နဲ့ထ၍ ကပ္ပိလိုက်ရာ တရားခံဖြစ်လျက် ရုံးတော်သို့ ရောက်ရှိရသည်။ ဆရာကြီးသည် ထိုမျှလောက် မြန်မာစာပေ သတ်ပုံ သတ်ညွှန်း သဒ္ဒါဆစ် ပုဆစ်များကို ဂရုစိုက်ခဲ့သူ ဖြစ်လေသည်။

ဆရာကြီး ဦးပြုံးချို(သည်)တေးစပ်ဆိုရာတွင် ပုလဲလုံးကဲ့သို့ သီကုံးသော အသံတို့သည် သောတပသာဒကို ထိခိုက်စေ၍၊ ဟာဒယဝတ္ထုခေါ် နှလုံးသွေးကို ထိခိုက်ရာ၌လည်း ညင်သာနူးညံ့လှပေသည်။

## ‘ဓမ္မဂီတ တေးဘုံမှာ သီချင်း’

ယခုခေတ် တေးဂီတ ပညာသည်များသည် ဆရာကြီး ဦးပြုံးချို(၏)အကြောင်းထူပွကို သိချင်မှ သိကြမည်ဖြစ်သော်လည်း ဓမ္မဂီတခေါ် တေးဘုံမှာသီချင်းကိုမူ ကြားဘူးကြသည်က များပေလိမ့်မည်။

ထို တေးဘုမှာ သီချင်းကို ပထမဦးစွာ သီဆိုသည့် အမျိုးသမီးမှာ ကျိုက်လတ်အဆိုတော် မယ်သင် ဖြစ်ပါသည်။ တေးဘုမှာကို ဆိုပြီးသည်နှင့် ကျိုက်လတ်မယ်သင်ဟူ၍ နာမည်ကြီးခဲ့လေသည်။

ဆရာကြီးဦးပြုံးချို(သည်) တေးဘုမှာသီချင်းကို ဘယ်အချိန်မှာ ဘာကြောင့် ရေးသားဖွဲ့ဆိုခဲ့သည်ကို အနည်းငယ် တင်ပြပါမည်။

ကျိုက်လတ်မြို့တွင် နေထိုင်စဉ်အခါက တနေ့သောနံနက်မှာ ဆရာကြီး ဦးပြုံးချို(သည်) ဈေးသို့ မုန့်စား လဖက်ရည်သောက်ရန် အိမ်ကထွက်လာ၍ အလွန်ချစ်ခင်သော သူငယ်ချင်းအိမ်ဝင်ပြီး မိမိနှင့်အတူ လဖက်ရည်လိုက်သောက်ရန် ခေါ်လေသည်။

သူငယ်ချင်းဖြစ်သူက 'ပြုံးချိုရာ မင်းတယောက်ထဲပဲ သွားပါတော့၊ ငါ့သားက သူစွန်လွှတ်ချင်တယ်ဆိုပြီး သိပ်ပူဇာနေတယ်၊ ငါ စွန်လွှတ်ပြရအုံးမယ်....၊ မအားဘူးကွာ'လို့ ပြောလိုက်ပါသည်။ ထိုအခါ ဆရာကြီး ဦးပြုံးချို သူငယ်ချင်းအိမ်မှ တယောက်တည်းဈေးဘက်သို့ ထွက်သွားပါသည်။

ဈေးတွင် တေးဂီတ,တပည့်များ မိတ်ဆွေ အပေါင်းအသင်းများနှင့်ဆုံကြကာ မုန့်စား လဖက်ရည်သောက်စကားပြောကြသည်မှာ အချိန်သုံးနာရီခန့် ကြာသွား၍ လူစုခွဲကြကာ ဆရာကြီးဦးပြုံးချို အိမ်သို့ပြန်လာသောအခါ ဈေးသွားစဉ်အချိန်က လဖက်ရက်သောက်ရန် ဝင်ခေါ်သည့် သူငယ်ချင်းအိမ် ကြည့်လိုက်ရာတွင် အသုဘအိမ် ဖြစ်နေပြီး ငိုယိုသံများဆူပူအောင်ငိုနေ၍ ဝင်ကြည့်ရာသူငယ်ချင်း ဖြစ်သူ သေမင်းနောက် လိုက်ပါသွားပြီး အလောင်းစင်ပေါ်တွင် ပြင်ဆင်ကာထားသည်ကို တွေ့မြင်လိုက်ရပါသည်။

'ပြုံးချိုရာ သွားပါတော့ ငါ့သားပူလွန်းလို့ စွန်လွှတ်ပြရအုံးမယ်'လို့ ခပ်စောစောက သူငယ်ချင်းပြောလိုက်သော စကားကိုသာ ကြားယောင်မိကာ

ဆူပူဟစ်ကြွေးနေကြသော သူငယ်ချင်း သားမယားဆွေမျိုးများကို မြင်ကာ ဆရာကြီးဦးပြုံးချို(သည်) စိတ်အလွန်ထိခိုက်မိပြီး မည်သူ့ခေါ်ရှိမျှလည်း မကြားတော့၊ ဘာကိုမျှလည်း မျက်စိတွင်မမြင်တော့၊ ချစ်လှသော သူငယ်ချင်း ပြောသည့်စကားသံသာ ကြားနေသည်ကိုသာ မြင်နေတော့သည်။ သူငယ်ချင်းပြောသည့် စကားသံသာကြားနေတော့သည်။

ဆရာကြီး ဦးပြုံးချို(သည်) လူ့ဘဝ၏ သေခြင်းအနိစ္စတရားတို့သည်၊ မည်သည့် အချိန်အခါမျိုးတွင် အဆုံးသတ်ပါမည်နည်း ဟူသော တွေးလုံးများသည်သာ စိတ်အစဉ်တွင် ပြည့်ကြပ်နေလေသည်။ ထိုအကြောင်းဖြင့် ၃-၄ ရက်တိုင်အောင် ထမင်းပင်ကောင်းကောင်းမစား၊ မသာအိမ်သို့လည်း မသွားတော့ပဲ၊ သူငယ်ချင်း၏အလောင်းကို ပြန်လည်မြင်ယောင်ကာ အနိစ္စမမြဲတဲ့ ကာယအပုပ်ကောင်ဟာ ဟုတ်ယောင်သာ ရုပ်ဆောင်နေပုံကို တရားနှင့်ယှဉ်၍ ဓမ္မဂီတ 'တေးဘုမ္မာ' သီချင်း ရေးသား သီကုံးကာ ဗုဒ္ဓ၏ ဉာဏ်တော်သတင်း ပွင့်ခဲ့ခြင်းဖြစ်ပါသည်။ သည်အကြောင်းများကို ကျွန်တော်ထက် သိမှုသူများသည်း ရှိကြပါလိမ့်မည်။

တေးဘုမ္မာသီချင်းကို၊ ခေတ်ဟောင်း နာမည်ကျော် ခွေးတံဆိပ်ဓါတ်ပြားတိုက်၊ အိုဒီအုံးဓါတ်ပြားတိုက်နှင့်၊ တွင်း ဓါတ်ပြားတိုက်များက ဓါတ်ပြားသွင်းကာ ကြိမ်ဖန်များစွာ ရောင်းချခဲ့ရပါသည်။

မြန်မာနိုင်ငံအသံလွှင့်ရုံ ပေါ်ပေါက်လာသည့်အချိန်မှ ယနေ့မြန်မာ့အသံခေတ်အထိလည်း၊ ဆရာကြီးဦးပြုံးချို(၏) တေးသီချင်းများ လွှင့်လျှက်ပင် ရှိပါသည်။

ယနေ့လည်း တေးဘုမ္မာသီချင်းကို၊ ဥက္ကဌကြီး....(က)တေး အဓိပ္ပါယ် ဖွင့်ဆိုပြ၍....

နိုင်ငံကျော် အဆိုတော် သင်းသင်းသန့်(က) တေးဘုမ္မာ သီဆိုပါမည်။

တိုင်းသိပြည်သိ ရွာစား စိန်လှုတင့်(က) ဝိုင်းတော်သား အစုံအလင်ဖြင့် ဆရာကြီး ဦးပြုံးချိုအား ဂုဏ်ပြုကြပါလိမ့်မည်။

ကျိုက်လတ်မြို့ မဟာဂီတ ဦးပြုံးချိုအကြောင်း ထုပ္ပနိဂုံး ချုပ်ပါတော့မည်။

'ဆရာကြီး ဦးပြုံးချို(အား)....'

* ဗန်းမော်မြို့နှင့်တကွ ဗန်းချိုကိုးတိုက်၊ ကိုးနယ် စားရသော ဦးရွှေရုပ်(သား) ဦးတလုပ်။
* ဦးတလုပ်(၏)သား ဆရာစိ(နှင့်) ဒေါ်ထွေး(တို့)၏ အိမ်ထောင်ဖက်မှ ဖွါးမြင်သည်။

'ဆရာကြီးဦးပြုံးချို(သည်....)'

မြန်မာသက္ကရာဇ် ၁၂၄၇-ခုနှစ်၊ ကျိုက်လတ်မြို့တွင် ဖွားမြင်၍

* မြန်မာသက္ကရာဇ် ၁၂၈၉-ခုနှစ်၊ တပို့တွဲလဆန်း(၄)ရက်၊ ဗုဒ္ဓဟူးနေ့ ညဦးအချိန်တွင် အိမ်အမှတ် ၂၅၊ ၆၁-လမ်း ဗိုလ်တထောင်ရပ်ကွက် ရန်ကုန်မြို့တွင် ကွယ်လွန်လေသည်။

## 'ပုံတူ ရုပ်ထုရန်'

ကျိုက်လတ်မြို့တွင် ဦးပြုံးချိုလမ်းအမည်နှင့် ကျောက်တိုင်ကို တွေ့မြင်ခဲ့ရပါသည်။

ထိုပြင် ပုံတူကြေးရုပ် ထုလုပ်၍ ပြတိုက်ဖွင့်ရန် အကြံပြု တိုက်တွန်းအပ်ကြောင်း နိဂုံးချုပ်လိုက်ပါ၏။

'ဗေလုဝ ဆရာတင်'

# အခန်း (၇)

'လာပါအုံး မေ'

'နေမှကောင်းရဲ့လား အကိုကြီး၊ ဘာများ ဖြစ်လာဒါလဲ'

'တနေ့က အကိုကြီး ဂျူဗလီမှာ မဟာဂီတဆရာကြီးဦးပြုံချို အကြောင်းထုတ်ပွဲစာတမ်းဖတ်ဒါ သတင်းစာတိုင်းက ရုပ်ပုံထဲ့ပြီး သတင်းရေးချီးမြှင့်ကျဒါ မေ အသိပဲနော်'

'အဲဒီသတင်းစာတွေ မေသိမ်းထားပါတယ်'

'ဒီနေ့ ပုံမှန်လစဉ်အစည်းအဝေးမှာ ကိုယ့်ကို ဝိုင်းပြီး ဝေဘန် လိုက်ကြတယ်'

'ကောင်းဒါတွေ ဝေဘန်မှာပေါ့'

'သတင်းစာအစောင်စောင်က ချီးကျူးထားတော့မကောင်း ဘူးလို့ ပြောရမှာ ခက်တယ်မဟုတ်လား မေ'

'အခု ဘာတွေများ ဝေဘန်လိုက်ပြန်ပလဲ'

'အကိုကြီးပြောတာ (၁၀)မိနစ် ပိုသွားတယ်တဲ့'

'ဟွန်း....ဘယ်သူက ပြောဒါလဲ'

'ထားပါတော့ အကိုကြီး နောက်ကဆိုမယ့်တီးမယ့်သူတွေကို အားမနာဘူးလို့ ဝေဘန်ကြတယ် မေ'

'ဟွန်း....နောက်တခါ စင်မြင့်ပေါ် တက်ဘို့ လာခေါ်ယင် နာရီပိုသွားမှာစိုးလို့ မပြောပရစေနဲ့လို့ တောင်းပန် လွှတ်လိုက်မယ်'

'တော်ပြီ မေ၊ နောက် ဒီလိုအကြောင်းအရာမျိုးတွေ မပြောတော့ဘူး'

'ဘယ်လို အကြောင်းအရာမျိုးတွေ ပြောအုံးမှာလဲ'

'ယနေ့ ခေတ်စားနေတဲ့ သမထ ဘာဝနာ (နဲ့) ဝိပဿနာ ဘာဝနာ ခွဲချမ်းပိုင်ပိုင်သိမြင်နိုင်ကြဘို့ ပြောမယ် မေ့'

'အကိုကြီးဝါသနာကလဲ မဟောရ မပြောရယင် မနေတတ်ဘူးနော်'

'မေ့ကို မရခင်ကလဲ အပြောကောင်း အဟောကောင်းလို့ ရလာဒါပဲ မဟုတ်လား မေ'

'တော်ပါ သမထ ဘာဝနာ(နဲ့)ဝိပဿနာ ဘာဝနာ ဘယ်လို ခြားနားတယ်ဆိုဒါ သိပါရစေ'

'ခြားနားဒါ သိရုံနဲ့ မပြီးသေးဘူး၊ သမထ ဘာဝနာရဲ့ ကျိုးကြောင်း၊ ဝိပဿနာ ဘာဝနာရဲ့ ကျိုးကြောင်း စာရေးမယ်၊ အဲဒါမှ ပြည့်စုံမယ်'

'ဒီလိုဆိုလဲ စာအုပ်ဖြစ်မှပဲ ဖတ်ပါတော့မယ်'

'အခုပဲ စ ရေးမယ် မေ'

* * *

တရားဟော ပုဂ္ဂိုလ်။ ။ယောဂီကြီး ဦးတင်။
ယောဂီကြီး ဦးတင်။ ။ဘုရား။

ပုဂ္ဂိုလ်။ 'သမထ ဘာဝနာဖြစ်စေ၊ ဝိပဿနာ ဘာဝနာဖြစ်စေ အားထုတ်သော်လဲ မပေါက်မြောက်နိုင်တဲ့ အန္တရာယ် ငါးပါးကို သိသလား'

ယောဂီ။ 'မသိပါ ဟောပြတော်မူပါဘုရား'

ပုဂ္ဂိုလ်။ 'ဒီအန္တရာယ် ငါးပါးကို သိရမယ်၊ မှတ်ကြရမယ်'

ယောဂီ။ 'မှန်ပါ့ ခဲတံနဲ့ စာအုပ် အသင့်ပါ ပါတယ် ဘုရား'

ပုဂ္ဂိုလ်။ 'ခဲတံနဲ့စာအုပ်ပါတော့ မှတ်ရမှာကလေးတွေ မှတ်မိဒါပေါ့'

ယောဂီ။ 'မှန်ပါ့ ဘုရား'

ပုဂ္ဂိုလ်။ 'တရား အားထုတ် သော်လဲ မပေါက်ရောက်နိုင်တဲ့ အန္တရာယ်ငါးပါးဆိုဒါက

၁) ကမ္မန္တရာယ်-ပဉ္စာနန္တရိယ ကံထိုက်သူ။
၂) ကိလေသာန္တရာယ်-မိစ္ဆာဒိဋ္ဌိ။
၃) ဝိပါကန္တရာယ်-ဒွိဟိတ်နဲ့ သုဂတိ အဟိတ်။
၄) အရိယူပဝါအန္တရာယ်-အရိယာကို ပြစ်မှားသူ။
၅) အာဏာဝီ တိက္က္မ အန္တရာယ်- အာပါတ် သင့်သူ တွေပဲ ယောဂီကြီး ဦးတင်'

ယောဂီ။ 'မှတ်သားပီးပါဘုရား'

ပုဂ္ဂိုလ်။ 'နောက်မှာ်-ဖိုလ် တားမြစ်တဲ့ တရား ငါးပါးကိုလဲ မှတ်ကြရမယ်'

ယောဂီ။ 'မှန်ပါ့ ဘုရား'

ပုဂ္ဂိုလ်။ 'မဂ် ဖိုလ် တားမြစ်တဲ့ တရားငါးပါးက
၁။ အမှုကိစ္စ မပြီးသေးလို့၊ လုပ်စရာ ကိုင်စရာလေး ကျန်သေးလို့ဆိုဒါ အဲဒါကို 'ဖင့်နွဲ့မှု' လို့မှတ်။
၂။ ပြောစရာ ဆိုစရာ ရှိသေးလို့၊ ကျန်သေးလို့ ဆိုဒါ အဲဒါကိုလဲ 'ဖင့်နွဲ့မှု' လို့ မှတ်။
၃။ အလုပ်မရှိ အိပ်ဒါ ကောင်းတယ် ဆိုဒါအဲဒါကို 'ပျင်းမှု' လို့ မှတ်။
၄။ အပေါင်းအသင်းနဲ့ ခင်မင်နေခြင်း၊ အပေါင်း အသင်းနဲ့ သွားလာနေမှု အဲဒါကို 'ခင်တွယ်မှု' လို့ မှတ်။
၅။ ရုပ် နာမ် ဖြစ်ပျက် တရားတွေ မရှုလိုက်၊ မပွါးလိုက်မှု အဲဒါကို 'သတိ မမှုမှု' လို့ မှတ်၊ အခုပြောခဲ့တဲ့ တရားငါးပါးအတိုင်း နေထိုင် တဲ့သူကို မဂ် ဖိုလ် တားမြစ်ခံရသူပဲလို့မှတ်ကြ။

ယောဂီ။ 'မှန်ပါ့ ဘုရား'

ပုဂ္ဂိုလ်။ 'အဲဒီတော့ မဂ် ဖိုလ်ကို တားမြစ် မခံရအောင် ဘာ လုပ်ကြရမလဲ၊ ပြောစမ်း ယောဂီကြီး ဦးတင်'

ယောဂီ။ 'ဖင့်နွဲ့ခြင်း၊ ပျင်းခြင်း၊ ခင်တွယ်ခြင်း၊ သတိမမှုခြင်း စတဲ့ အကြောင်းတွေကို ပယ်ထုတ် ကြရ မယ်ပါ ဘုရား'

ပုဂ္ဂိုလ်။ 'တရား အားထုတ် သော်လဲ မပေါက်ရောက် နိုင်တဲ့ အန္တရာယ် ငါးပါးနဲ့ မဂ် ဖိုလ် တားမြစ်တဲ့ တရား ငါးပါးကို မှတ်မိကြပီနော်'

ယောဂီ။ 'မှတ်မိပါပြီ ဘုရား'

ပုဂ္ဂိုလ်။ 'နောက် ဆက်မှတ်ကြရမှာက **'သာဝက ပါရမီဉာဏ်'** ဆိုတာပဲ၊ ဆုကြီးပန် မဟုတ်ခဲ့လျှင်၊ ယခုရလျှင် ယူမယ်ဆိုသည့် သာဝကမှာ ပါရမီ မရှိဘူး၊ ယခု နိဗ္ဗာန်ရလျှင် ယခုယူမယ်ဆိုသည့် ပုဂ္ဂိုလ်မှန်လျှင် ပါရမီ မရှိဘူး'

ယောဂီ။ 'ပါရမီ မရှိ ဘာလုပ်ကြရမှာလဲ ဘုရား'

ပုဂ္ဂိုလ်။ 'အဲဒီ သာဝက ပါရမီဉာဏ် မရှိတဲ့သူတွေ၊ အခု ကလျာဏ မိတ္တဆရာကောင်းတွေနဲ့ တွေ့ကြပြီ မဟုတ်လား'

ယောဂီ။ 'ဗုဒ္ဓရဲ့ တရားတော် ကျင့်ကြံ အားထုတ် နည်းမှန် လမ်းပြနိုင်ကြသည့် ရဟန်းတော်များ၊လူပုဂ္ဂိုလ်များ ယခုခေတ် အခါတွင် အနယ်နယ်တွင် ပေါက်ရောက်မှု ရှိပါသည် ဘုရား'

ပုဂ္ဂိုလ်။ 'သာဝက ပါရမီဉာဏ် မရှိတဲ့သူတွေမှာ ထောင်တတ်တဲ့နား ရှိတယ် မဟုတ်လား'

ယောဂီ။ 'ရှိပါ့ ဘုရား'

ပုဂ္ဂိုလ်။ 'ထောင်တတ်တဲ့ နားလဲ ရှိနေပြီဆိုယင် ပါရမီ ပြည့်ဘို့အတွက် သစ္စာ ကြားနာမှုနဲ့ သစ္စာကို ယောနိသော- မနသိကာရနဲ့ နှလုံးသွင်းတတ်မှုသာ လိုတယ်'

ယောဂီ။ 'မှန်ပါ့ ဘုရား'

ပုဂ္ဂိုလ်။ ‘ယောဂီတွေမှာ ဒုလ္လဘ တရား ငါးပါးနဲ့ ပြည့်စုံယင်၊ ပျင်းတဲ့ပုဂ္ဂိုလ်နဲ့ ဖျင်းတဲ့ ပုဂ္ဂိုလ်ကလွဲယင် သစ္စာတရား နာရလို့ သစ္စာမြင်ယင် တဘဝထဲနဲ့ ကိစ္စ ပြီးနိုင်ပါတယ်၊ အခု ဆက်ပြီး အရိယာဖြစ်နိုင်တဲ့ အင်္ဂါ ငါးပါးကို ဆက်ပြောမယ်’

ယောဂီ။ ‘မှန်ပါ့ ဘုရား’

ပုဂ္ဂိုလ်။ ၁။ ဘုရားကို ယုံကြည်ခြင်း၊

၂။ အနာရောဂါ ကင်းခြင်း၊

၃။ နှလုံးသွင်း ဖြောင့်စင်ခြင်း၊

၄။ ဝီရိယ ထက်သန်ခြင်း၊

၅။ ရုပ် နာမ်တို့ကို ဉာဏ်ဖြင့် အမြင်သန်စေခြင်းစတဲ့ အင်္ဂါ ငါးပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်များကို အရိယာဖြစ်နိုင်တယ်လို့ နာယူကြရမယ်’

ယောဂီ။ ‘မှန်လှပါ ဘုရား’

ပုဂ္ဂိုလ်။ ‘မဂ်ဖိုလ် တားမြစ်တဲ့ တရားငါးပါး သိပြီးပြီနော်’

ယောဂီ။ ‘မှန်ပါ့ ဘုရား’

ပုဂ္ဂိုလ်။ ‘မဂ်ဖိုလ် ရကြောင်း တရားလေးပါးကို ဆက်မှတ်ကြရမယ်’

၁။ သပ္ပုရိသ သံသေဝ၊ သူတော်ကောင်းပညာရှိတို့နဲ့ပေါင်းဖေါ်ခြင်း

၂။ သဒ္ဓမ္မသဝနနှ၊ထို သူတော်ကောင်းပညာ ရှိတို့၏ မဂ်ဖိုလ် နိဗ္ဗာန်တရားတော်ကို နာကြားခြင်း။

၃။ ယောနိသော မနသိကာရ၊ထို နာပြီးသောတရားကို ထိုးထွင်း၍ သိမြင်အောင် အကြိမ်ကြိမ်နှလုံးသွင်းခြင်း။

၄။ ဓမ္မာနု ဓမ္မပဋိ ပန္န၊ ထို နှလုံးသွင်းပြီးသော တရားတော်အတိုင်း ကျင့်ခြင်း စတဲ့ တရားလေးပါးကို မဂ်ဖိုလ် ရကြောင်း တရားလို့ မှတ်ကြရမယ်၊ ယောဂီကြီး ဦးတင် ဒီနေ့ ဘာမှတ်မိသလဲလို့ မေးယင် ဘယ်လိုဖြေမလဲ'

ယောဂီ။ 'မှန်ပါ့ မှတ်သားမိတဲ့ အချက်တွေက....

၁။ တရားအားထုတ်သော်လည်း မပေါက်ရောက်နိုင်သည့် အန္တရာယ် ငါးပါး၊

၂။ မဂ်ဖိုလ် တားမြစ်တဲ့ တရား ငါးပါး၊

၃။ သာဝက ပါရမီဉာဏ်၊

၄။ အရိယာ ဖြစ်နိုင်သည့် အင်္ဂါ ငါးပါး၊

၅။ မဂ်ဖိုလ်ရကြောင်း တရားလေးပါး စုစုပေါင်း ငါးမျိုး ဖြစ်ပါသည်ဘုရား'

ပုဂ္ဂိုလ်။ 'အဲဒီ ငါးမျိုးကို သိပြီးတဲ့လူမှန်ယင် သမထ ဘာဝနာ လုပ်လုပ်၊ ဝိပဿနာ ဘာဝနာလုပ်လုပ်၊ အမှန်ကို ရနိုင်ကြတယ်၊ အဲဒီ ငါးမျိုးလောက်မှ မသိပဲနဲ့ ရမ်းကြိတ်နေယင်တော့ အကျိုးများသင့်သလောက် များပါ့အုံးမလား'

ယောဂီ။ ‘မများပါဘူး ဘုရား’
ပုဂ္ဂိုလ်။ ‘အေး အကျိုးမများဒါ သိယင်၊ အကျိုးများအောင် ကလျာဏ မိတ္တဆရာကောင်းများနဲ့ တွေ့တဲ့အခါ ကျိုးစားကြပေတော့’
ယောဂီ။ ‘မှန်ပါ့ ဘုရား’

* * *

‘ညက အကိုကြီး ရေးထားတဲ့ တရားဟော ပုဂ္ဂိုလ်နဲ့ ယောဂီကြီး ဦးတင် တရားဟောကြ ဖြေကြ ဖတ်ပီးပီ’

‘မေ ဘယ်လိုမြင်သလဲ၊ ဝေဘန်စမ်းပါအုံး’

‘ဘာဝနာ မရှုမပွားခင် သိကြမယ့် အချက် ငါးချက်ပဲ၊ ကောင်းပါတယ်၊ ဒါပေမယ့်’

‘ဘာဖြစ်သလဲ မေ’

‘ဗုဒ္ဓရဲ့ ဘာသာရေးစာပေ ဖြစ်လို့ ကျမ်းကိုးတော့ ဖေါ်ပြပါလို့ မေ အကြံပြုချင်တယ် အကိုကြီး’

‘စာအုပ်ရေးပီးဒါနဲ့ မှီငြမ်းတဲ့ကျမ်းတွေ အားလုံး စာရင်းပြုပီး တင်ပြပါ့မယ်’

‘ဒါမှလဲ စာအုပ်အင်္ဂါနဲ့ ညီပါတယ် အကိုကြီး’

* * *

## အခန်း (၈)

အလောင်းတော် မင်းမြတ်လည်း၊ ရွှေနန်းပြသာဒ်သို့ တက်တော်မူ၍ ထီးဖြူကနက်ဖြန့်ကြက်လျက် ခင်းအပ်သော အာသရေရှိသော မင်းနေရာထက်၌ တက်စံတော်မူ၏။

ကချေသည် မင်းသမီးတို့သည်လည်း အထူးထူးသော စည့်စောင်း့ ငြင်း့ စသည်တို့ဖြင့် သီ့က့မှုတ်တီးလျက် မငြိုးမငွေ့ကြောင်း ကောင်းစွာ ဖျော်ဖြေကုန်၏။

ဘုရားလောင်းလည်း ကိလေသာ၌ အာသာကင်းတော်မူ၍ မပျော်ရွှင်ရကား ထိုခဏ၌ပင် စက်တော်မူ၏။

အတီး့ အက့ မောင်းမ အပေါင်းတို့သည်လည်း စည်း့စောင်း့ ငြင်း့ တို့ကို ပိုက်၍ အိပ်စက်ကြလေသော်၊ ရွှေနန်းတော်၌ ထွန်းမြဲဖြစ်သော နံ့သာဆီမီး ထွန်းညှိလျက်ပင် ရှိ၏။

'ဖေဖေကြီး အိပ်ပျော်နေသလား'

'မအိပ်ပါဘူးသမီး ဆက်ဖတ်ပါ ဖေဖေ နားထောင်နေပါတယ်'

ညဦးယာန်သော် အလောင်းကိုယ်တော်မြတ်နိုး၍ နဝရတ်ကိုးပါးဖြင့် စီအပ်သော သလွန်တော်ထက် ထက်ဝယ် နေပြီးလျှင် အသီးသီးအိပ်ကြကုန်သော ကချေသည် မိန်းမတို့ကို ကြည့်ရှုတော်မူလျှင်....

အချို့ ရှူလျက်၊ အချို့ ဟောက်လျက်၊
အချို့ စက်စက်ယိုသော အရိအရည်ဖြင့် လိမ်းကျံလျက်၊
အချို့ အံသွားကြိတ်လျက်၊ အချို့ယောင်ယမ်းကုန်လျက်၊
အချို့ကား မိမိ၏ ခံတွင်းကို ဟင်းလင်း ဖွင့်ကုန်လျက်၊
ထိုခံတွင်းမှ မကောင်းသော ရနံ့ လှိုင်လျက်၊
အချို့ကား ခါးဝတ်ကျွတ်ကုန်လျက် အိပ်စက်ကြသည်ကို

မြင်၍ မြတ်သော ပြသာဒ်ကို မစင်ဘင်ပုပ် စက်ဆုပ်ဘွယ်သော သူကောင်တို့ဖြင့် ပြည့်သော သုသာန်ခွင်ကဲ့သို့ ထင်မှတ်တော်မူ၍....

ကာမဂုဏ်တို့၌ အတိုင်းထက်အလွန် ငြီးငွေ့တော်မူလျက်၊
နိုပ်စက်လေစွ တကားဟု မြည်တမ်းလျက် ယခုပင် တောထွက်အံ့ ဟု ကြံတော်မူ၍....
တံခါးခုံ၌ ခေါင်းဆိုက်လျက် အိပ်သော ဆန္နအမတ်ကို နိုးခေါ်၍ ကဏ္ဍကမြင်းတော်ကို ယခု- က, ချေ ဟု စေတော်မူ၏....

'ဟွန်း.... သမီးနဲ့ အဖေက ဘက်ညီပါတယ်....၊ အဖေက ပတ္တလားတီးယင် သမီးက ဆိုမှယ် ဓာတယ်၊ အခုတော့ အဖေဓာ

ဘုရားတရားအကြောင်းတွေ ရေးပြန်တော့လဲ သမီးက သိဒ္ဓတ္ထ မင်းသား တောထွက်ခန်း ဖတ်ပြပေးနေတယ်'

'ပါရမီဖြည့်ဘက် သမီးပေါ့ မေ ရယ်'

'ကောင်းပါတယ်၊ တော်တော်ကြာ သမီး အဖေ ကျွတ်တန်း ဝင်ပီး တောထွက်သွားတဲ့အခါသာ....'

'ဖေဖေကြီးက သမီးလေးနဲ့ ဘယ်တော့မှ ခွဲပီး တောမထွက် ပါဘူး'

'ကဲ သမီးလေး ကျောင်းစာတွေ ပါယင် သွားကြည့်တော့ ဖေဖေ စာရေးအုံးမယ်'

'မေမေလဲလာရော၊ သမီးလဲ နှင်တာနဲ့ တချိန်ထဲပဲ'

'ဒီလို မဟုတ်ပါဘူး သမီးရယ်၊ ကျောင်းစာ နောက်ကျမှာ စိုးလို့ပါ'

'ဖေဖေ စေတနာ မေမေ စေတနာ သမီး သိပါတယ်၊ စာ သွားကြည့်တော့မယ်နော်'

'မေ မွေးတဲ့ သမီးတွေထဲတော့ တမျိုး လိမ္မာသူလေးပါပဲ'

'အမေနဲ့ တူဒါကို အကိုကြီးရဲ့'

'မေ'

'အကိုကြီး'

'မေ-သိချင်တဲ့ သမထ ဘာဝနာနဲ့ ဝိပဿနာ ဘာဝနာကို ရေးမယ်လို့ အကိုကြီး ပြောထားတယ်နော်'

'အဲဒါ ဘာဖြစ်လို့လဲ'

'သမထ ဘာဝနာကို ရေးယင် သမထ လက်တွေ့အားထုတ် နေတဲ့ ပုဂ္ဂိုလ်တွေထံ သွားပီး နည်းလမ်း ခံယူချင်တယ်၊ အဲဒီ

လိုပဲ ဝိပဿနာကိုလဲ လက်တွေ့ ရှုပွားနေတဲ့ ရိပ်သာတွေသွားပြီး နည်းလမ်းခံယူချင်တယ် မေ’

‘ဘယ်ဆီသွားပြီး နည်းလမ်းခံယူရမှာလဲ ပြောပါအုံး’

‘မေတို့ မိသားစု သိတင်းကျွတ်တုန်းက မန္တလေး ရောက်ခဲ့ကြပြီနော်’

‘အဲဒါများ အခုမှ ပြန်မေးနေရသေးတယ်’

‘ဒီ သကြန်မှာ အကိုကြီး မန္တလေးသွားပြီး ဒုလ္လဘာ ရဟန်းခံချင်တယ်’

‘ဒါလေး ပြောချင်ဒါများ ခွင့်ပြုပါတယ်’

‘မေတို့ မိသားစုကိုတော့ ထားခဲ့ရ ကောင်းမလားလို့’

‘နေရစ်ပါရစေ ပြီလဆိုယင် မန္တလေးမှာ ပူလွန်းအိုက်လွန်းလို့ မနေချင်ပါဘူး၊ အကိုကြီးသာ ကျနော် အရက်ပြတ်ပါပြီဆိုဒါလဲ ကြေညာ နောက်ပြီး အမတွေကို ဒုလ္လဘာရဟန်း ဝတ်ခိုင်း၊ မေ ဒီက သာဓုခေါ်ပါမယ်’

‘သာဓုပါ မေ’

‘မန္တလေးကနေပြီး ဘယ်ကိုခရီးဆက်အုံးမလဲ’

‘မင်းကွန်း စစ်ကိုင်း မုံရွာ ပုပ္ပား အင်ကြင်းတော အဆင်ပြေယင် သွားမယ် မေ’

‘အကိုကြီး အရက်ဖြတ်ဒါက မကြာသေးလို့ ကျန်းမာရေးအတွက် စိတ်မချဘူး’

‘ဒီနေ့ဆို တလပြည့်လာပြီ အရက်အတွက် ရောဂါပေါ်မလာတော့ပါဘူး စိတ်ချပါ မေ’

(ချစ်ဇနီးမေနဲ့ အိမ်ထောင်သက် ငွေရတုသဘင် ကျင်းပရန် ဟန့်စ်သာလိုတော့သည်၊ တကြိမ်တခါမျှ ရန်ဖြစ်ဖူးသည် မရှိ၊ လင်အလိုကို မယားသိဒါလို မယားအလို လင်သိခဲ့သည် မဟုတ်ပါလား)

* * *

## " သမထ ဘာဝနာ လမ်းညွှန် "

* စိတ်ကို ကြီးပွားတိုးတက်အောင် လုပ်သော အလုပ်ကို- ဘာဝနာ- ဟု ခေါ်သည်။

* သမထ ဘာဝနာ- သမာဓိ အမှုးရှိသော 'မဟာကုသိုလ်ဇော'ကို ဆိုသည်။

အမှာ ...

'သမထ ဘာဝနာကို လိုက်စားလိုကြသော သူတော်စင် ယောဂီ အပေါင်းတို့အား သမထ (၏) ကျိုးကြောင်း တရားများကို....

* ဆရာတော်ကြီး ဦးသိဒ္ဓိ (နှင့်) တကာကြီး- ဦးအောင်- တို့၏....

* အမေး(နှင့်) အဖြေ- များကို ဝေဘန် ပိုင်းခြား၍ ရှုပွားကြပါကုန်....

* * *

# အခန်း (၇)

'အရှင်ဘုရား တပည့်တော်အား သံသရာ ဝဋ်ဆင်းရဲမှ လွတ်ထွက်မြောက်ပါစေခြင်း အကျိုးငှာ မဂ်ဉာဏ် ဖိုလ်ပေါက် နိဗ္ဗာန်ရောက်ကြောင်း အကောင်းဆုံးဖြစ်သောကမ္မဋ္ဌာန်းတရားကို ကရုဏာ ရှေ့ထား၍ ပေးသနားတော်မူပါဘုရား'(၃ ခေါက်ဆို)

ဆရာတော် ဦးသိဒ္ဓိ။ တကာကြီး ဦးအောင်'

တကာကြီး ဦးအောင်။ 'ရှိပါ့ ဘုရား'

ဆရာတော်။ 'သမထ ဘာဝနာ သက်သက်ကိုသာ ဆရာတော် လမ်းညွှန်မှာ အဲဒီအချက်ကို ရှေးဦးစွာ သတိပြုကြရမယ်နော် ကြားလား'

ဦးအောင်။ 'မှန်ပါ့ ဘုရား'

ဆရာတော်။ ပဉ္စာနန္တရိယ ကံကြီးငါးပါးကို မကျူးလွန်ခဲ့လျှင် တရားအားထုတ်က....

* အလွန် ဉာဏ်ထိုင်းလျှင်- ခုနစ်နှစ်၊

* ဉာဏ် အလတ်စားဆိုလျှင်- ခုနစ်လ၊

* ဉာဏ် ထက်လျှင် ခုနစ်ရက်နဲ့ တရား ရနိုင်တယ် တကာကြီး'

ဦးအောင်။ 'ယုံကြည်ပါတယ် ဘုရား'

ဆရာတော်။ 'သမထ ဘာဝနာကို ရှုပွါးတဲ့ အခါမှာလဲ ဗုဒ္ဓဟောကြားတော်မူတဲ့ ဒေသနာတော်နဲ့ ကိုက်ညီမှသာ အောင်မြင်နိုင်တယ်'

ဦးအောင်။ 'ယုံကြည်ပါတယ် ဘုရား'

ဆရာတော်။ 'သမထ ဘာဝနာ ရှုပွါးလိုတဲ့ယောဂီများသည်၊ ဘုရား, တရား, သံဃာ, မိဘ, ဆရာသမား, အနန္တဂိုဏ်းဝင်, ပုဂ္ဂိုလ်များကို ကာယကံမှု, ဝစီကံမှု, မနောကံ မှုများ မကျူးလွန်အောင် စောင့်ထိန်းနိုင်ကြရမယ် တကာကြီး'

ဦးအောင်။ 'စောင့်ထိန်းလျက်ပါ ဘုရား'

ဆရာတော်။ 'သမထ ဘာဝနာ ရှုပွါးလိုတဲ့ ယောဂီတယောက်ဟာ ငါးပါးသီလကို အောက်ထစ်ဆုံးထားပြီး ပြည့်စုံအောင် နေထိုင်ကြဘို့လိုတယ်'

ဦးအောင်။ 'ငါးပါးမက တပည့်တော် ရှစ်ပါးမှ ကိုးပါး နဝမ သီလအထိ အဓိဋ္ဌာန်ဖြင့် စောင့်ထိန်းလျက်ပါ ဘုရား'

ဆရာတော်။ ‘သီလရှိမှ သမာဓိ ရနိုင်တယ်၊ ဒါကြောင့် သီလကို ပထမ စောင့်ထိန်းပါလို့ ဆရာတော် ဟောနေဒါ’

ဦးအောင်။ ‘မှန်ပါ့ ဘုရား’

ဆရာတော်။ ‘သမထ ဘာဝနာ ရှုပွါးပီးတော့ အချို့က ဆေးစွမ်း, အင်းစွမ်း, ဓါတ်စွမ်း တိုးတက်ကိုအောင်လုပ်တဲ့ စူဠဂန္ဓာရီ ထွက်ရပ်ပေါက် လမ်းလိုက်ကြတယ်’

ဦးအောင်။ ‘အချို့ဆရာတော်များက စူဠဂန္ဓာရီ လမ်းသည် ဝိဇ္ဇာ ထွက်ရပ်ပေါက် အငယ်စားလို့ ပြောဆိုကြပါတယ် ဘုရား’

ဆရာတော်။ ‘အဲဒီလိုပဲ သမထ ဘာဝနာ ရှုပွါးပီးတော့ အချို့ပုဂ္ဂိုလ်များက မဟာဂန္ဓာရီ ထွက်ရပ်ပေါက် လမ်းလိုက်ကြတယ်၊ တကာကြီးပြောဒါလိုပါပဲ၊ ဝိဇ္ဇာထွက်ရပ်ပေါက် အကြီးစား ခေါ်ရမှာပေါ့ ဟုတ်လား’

ဦးအောင်။ ‘မှန်ပါ့ဘုရား’

ဆရာတော်။ ‘ဝိဇ္ဇာဖြစ်အောင် သမထဘာဝနာ အားထုတ်တဲ့သူဟာ သီလ သမာဓိ မရှိပဲ့နဲ့ ကျင့်ကြံ အားထုတ်လို့ ရပါ့မလား’

ဦးအောင်။ ‘သီလ သမာဓိ မရှိယင် ဝိဇ္ဇာ မဖြစ်နိုင်ပါဘူး ဘုရား’

ဆရာတော်။ ‘ဝိဇ္ဇာဖြစ်တဲ့အခါ ကိလေသာကုန်ပီလား တကာကြီး’

ဦးအောင်။ ‘ကိလေသာ ရှိမြဲပါဘုရား’

ဆရာတော်။ ‘ဒီနေရာမှာ အဲဒါ မှတ်ထား’

ဦးအောင်။ ‘ကိလေသာ ရှိမြဲ မှတ်ပီးပါပီ ဘုရား’

ဆရာတော်။ ‘သီလသမာဓိနဲ့ ပြည့်စုံတဲ့သူ သမထ ဘာဝနာ အားထုတ်ယင် ရူပဈာန်-အရူပဈာန်ဆိုတဲ့ လောကီဈာန် သမာဓိတွေကို ရသွားနိုင်တယ်’

ဦးအောင်။ ‘အကြောင်းတရားကို သိပါပီဘုရား၊ အကျိုးတရားကို ဟောတော်မူပါ’

ဆရာတော်။ ‘အဲဒီ ရူပဈာန် အရူပဈာန်သမာဓိတွေနဲ့ ပြည့်စုံယင်အင်မတန် သက်တမ်းရှည်တဲ့ ဗြဟ္မာဘုံတွေကို ရောက်သွားနိုင်တယ်၊ အဲဒီမှာ ရောက်သွားပီးတော့....

* တကမ္ဘာ နှစ်ကမ္ဘာ....
* လေးကမ္ဘာ ရှစ်ကမ္ဘာ....
* ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် တိုင်အောင် အသက်ရှည်ပီး တည်နေနိုင်တယ် တကာကြီး’

ဦးအောင်။ ‘ဗြဟ္မာဘဝက မသေရတော့ဘူးလား ဘုရား’

ဆရာတော်။ ‘သမထ ဘာဝနာ သက်သက်ပဲ ဆရာတော်ပြောနေတယ်၊ အဲဒါကို ပြန်ပီး သတိရှိလိုက်ပါ’

ဦးအောင်။ 'တပည့်တော် သတိ လွတ်သွားပါတယ် ဘုရား.... သိခံတော်မူပါ'

ဆရာတော်။ 'ပရိယတ္တိဆိုတာ ဘာလဲ'

ဦးအောင်။ 'စာပေပညာပါ ဘုရား'

ဆရာတော်။ 'ပဋိပတ္တိဆိုတာ ဘာလဲ'

ဦးအောင်။ 'တရားကျင့်စဉ်ပါ ဘုရား'

ဆရာတော်။ 'စာပေပညာ အခြေခံ ရှိတဲ့သူနဲ့ မရှိတဲ့သူ၊ သူတို့ နှစ်ဦးဟာ တရားကျင့်ကြံ အားထုတ်တဲ့အခါ ဘယ်သူက ပိုပြီးသာမယ် ထင်သလဲ'

ဦးအောင်။ 'အမှန်အတိုင်းဆိုရယင် စာပေပညာရှိသူက သာ ရပါ့မယ် ဘုရား'

ဆရာတော်။ 'တကာကြီး ဦးအောင် အဖြေကို ဒီနေရာမှာ မှတ်ထားကြနော်'

ဦးအောင်။ 'မှန်ပါ့ ဘုရား'

ဆရာတော်။ 'တကာကြီး အခု ဆရာတော်ပြောခဲ့ဒါတွေ ဘာ များ မှတ်မိသလဲ'

ဦးအောင်။ 'သမထ ဘာဝနာရှုပွားပြီး စူဠဂန္ဓာရီ(နဲ့) မဟာ ဂန္ဓာရီ ဝိဇ္ဇာ ထွက်ရပ်ပေါက်လမ်းလိုက်တဲ့ ပုဂ္ဂိုလ် များ၊ နောက် ရုပ်စျာန်(နဲ့)အရူပစျာန်၊ နောက် ပရိယတ္တိ(နဲ့)ပဋိပတ္တိစတဲ့ သုံးမျိုးကို မှတ်သားမိ ပါတယ် ဘုရား'

ဆရာတော်။ 'သုံးမျိုး မှတ်ထားတယ် ဟုတ်လား'

ဦးအောင်။ 'မှန်ပါ့ဘုရား'

ဆရာတော်။ 'စူဠဂန္ဓာရီ- မဟာဂန္ဓာရီစတဲ့ ဝိဇ္ဇာ ထွက်ရပ်ပေါက်လမ်းကို ရပါလို၏လို့ ဆုတောင်းယုံနဲ့ ရပါမလား'

ဦးအောင်။ 'ကိုယ်တိုင် ရှုပွားကျင့်ကြံ အားထုတ်မှုမရှိပဲ ဆုတောင်းယုံမျှနဲ့ မရနိုင်ပါဘုရား'

ဆရာတော်။ 'ကောင်းပီ ရူပစျာန်-အရူပစျာန်ဆိုတဲ့ လောကီစျာန်ကိုလဲ ကိုယ်တိုင် မကျင့်မကြံ အားမထုတ်ပဲနဲ့ ဆုတောင်းယုံနဲ့ ရနိုင်ပါမလား တကာကြီး'

ဦးအောင်။ 'မရနိုင်ပါ ဘုရား'

ဆရာတော်။ 'စာပေပညာ ပရိယတ္တိမသင်ပဲ ဆုတောင်းယုံနဲ့ ရနိုင်ပါမလား တကာကြီး'

ဦးအောင်။ 'ကိုယ်တိုင် စာပေပညာ မသင်ကြားပဲ ရတယ်လို့ မရှိပါ ဘုရား'

ဆရာတော်။ 'ပဋိပတ္တိ ကျင့်စဉ်ကိုကော ကိုယ်တိုင် ကျင့်ကြံ အားထုတ်မှုမရှိပဲ ရတယ်လို့ ကြားဘူးသလား'

ဦးအောင်။ 'မကြားဘူးပါ ဘုရား'

ဆရာတော်။ 'ကိုယ်တိုင် ကျင့်ကြံအားထုတ်မှုမရှိယင် ဘာမဆို ဆုတောင်းယုံနဲ့ မရဘူးဆိုတာသိယင် သမထဘာဝနာ အားထုတ်ကျင့်ကြံပါ၊ သီလ သမာဓိနဲ့ ပြည့်စုံယင် အားထုတ်မှုမှန်လျင်-

* ဝိဇ္ဇာ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ဖြစ်နိုင်တယ်၊
* ရူပစျာန်-အရူပစျာန်ဆိုတဲ့ လောကီစျာန် ရသွားနိုင်တယ် တကာကြီး'

ဦးအောင်။ 'ယုံကြည်ပါသည် ဘုရား'
ဆရာတော်။ 'တကာကြီး ဦးအောင်'
ဦးအောင်။ 'ဘုရား'
ဆရာတော်။ 'သင်သည် သူတော်ကောင်း သူမြတ်လောင်း သမထ ဘာဝနာတရား အားထုတ်မည့် ယောဂီ ဖြစ်လိုလျှင် ကိုယ့်ကိုယ်ကိုပေါ် မသူတော် ခုနစ်ပါးဘဝသို့ မရောက်အောင် ကြည့်ရှု ဆင်ခြင် ထိန်းသိမ်းကြရမည်'
ဦးအောင်။ 'မှန်လှပါ ဘုရား'
ဆရာတော်။ 'ဒီနေ့တော့ ဒီနေရာမှာ တရားဖြတ်မယ်၊ မနက်ဖြန်....

သမထဘာဝနာ ကျင့်စဉ် ပထမအဆင့် (၁) ခန်း စပြီး ပြသ ဟောကြားမယ် တကာကြီး ဦးအောင်'
ဦးအောင်။ 'မှန်ပါ့ ဘုရား

* * *

မှတ်ထားချက်။ သမထ ဘာဝနာ အားထုတ်ရန် ကျင့်စဉ်များတွင် ဖတ်ရှု နာကြားရန်အတွက်....

* ဤစာအုပ် နောက်ဆက်တွဲ

'ပထမ ကဏ္ဍတွင်'

* ဘုရားရှိခိုး အမျိုးမျိုး။

* ပုတီးစိတ်နည်း အမျိုးမျိုး။

* မေတ္တာခံ၊ မေတ္တာပို့ ဆုတောင်းအမျိုးမျိုး။

* ကမ္မဋ္ဌာန်း ဆုတောင်းအမျိုးမျိုးပါရှိပါသည်။

## ‘သမထ ဘာဝနာ ကျင့်စဉ်’

## အဆင့် (၁) စခန်း။

* ငါးပါးသီလ ခံယူခြင်း။
* ရတနာသုံးပါး ကန်တော့ခြင်း။
* ကမ္မဋ္ဌာန်း ဆုတောင်းခြင်း။
* ပုတီးစိတ်ခြင်း။
* သမာဓိ ရရန် ကြံစီ အားထုတ် ခြင်း များ ပြသ ဟောကြား ထားသည်။

## အခန်း (၁၀)

ဆရာတော်။ 'ဒီနေ့ သမထ ဘာဝနာ ကျင့်စဉ် အဆင့်(တစ်) စခန်း တရားအားထုတ်နည်းကိုပြသဟောကြားမယ် တကာကြီး ဦးအောင်'

ဦးအောင်။ 'မှန်ပါ့ဘုရား'

ဆရာတော်။ 'သမထ ဘာဝနာ အားထုတ်မယ်ဆိုယင် ဆိတ်ငြိမ်ရာ နေရာမှာ ထိုင်ပါ....

* စိတ်အနှောက်အယှက် မရှိတဲ့နေရာဟာ ဆိတ်ငြိမ်အရပ် တောအရပ်လို့ မှတ်ရမယ် တကာကြီး'

ဦးအောင်။ 'မှန်ပါ့ဘုရား'

ဆရာတော်။ 'တရားအားထုတ်မယ်ဆိုဒါနဲ့....

* ပထမ ငါးပါး သီလ ခံယူကြပါ။
* ဒုတိယ ရတနာသုံးပါး မိဘ ဆရာသမား တို့ အပေါ် ပြစ်မှားမိက ထိုအပြစ်မှ ပပျောက် စေခြင်း အကျိုးငှါ ကတော့ကြပါ။
* တတိယ ကမ္မဋ္ဌာန်းတောင်း ဂုဏ်တော်ကို ရွတ်ဖတ်ကြရမယ် တကာကြီး'

ဦးအောင်။ 'မှန်ပါ့ဘုရား'

ဆရာတော်။ 'တကာကြီးဦးအောင် ယောဂီများအတွက် ဘာများ ဆောင်ရွက်ထားသလဲ'

ဦးအောင်။ 'ငါးပါးသီလခံယူခြင်း၊ ရတနာသုံးပါးကတော့ခြင်း၊ ကမ္မဋ္ဌာန်းတောင်း ဂုဏ်တော်ပါသည့် ပုံနှိပ်စာရွက်များကို ယောဂီ တို့အား ဓမ္မဒါန ဝေငှလှူဒါန်းပြီးပါပြီ ဘုရား'

ဆရာတော်။ 'ယောဂီတွေ ရထားတဲ့ ဂုဏ်တော် စာမူတွေကို အဲဒီအတိုင်း ပုဒ်ဖြတ် ပါဒ်ဖြတ် မှန်ကန်အောင် လိုက်နာပြီး ပီပီ ပြင်ပြင် အလွတ်ရအောင် ကျက်မှတ်ထားကြ'

ဦးအောင်။ 'မှန်ပါ့ဘုရား'

ဆရာတော်။ 'သီလ ခံယူခြင်း၊ ရတနာသုံးပါး ကတော့ခြင်း၊ ကမ္မဋ္ဌာန်းတောင်းခြင်း ကိစ္စ ပြီးဒါနဲ့ တကာကြီး ဦးအောင်က ထိုင်ပုံထိုင်နည်း ပြပေးပါ'

ဦးအောင်။ ‘ယောကျ်ား ယောဂီများ ခင်ဗျား … တင်ပလ္လင်ခွေ၍ ထိုင်ကြရပါမယ်၊ ခြေနှစ်ဖက် တင်းတင်းကြပ်ကြပ်ထပ်မတင်ပဲ ခြေတဖက်နဲ့တဖက် အခင်းပေါ် ညီညာစွာ စုံချ၍ တင်ပလ္လင်ခွေ ထိုင်နည်းဖြင့် ထိုင်ကြပါလို့ အကြံပေးပါတယ်။ အကျိုးတရားကတော့ ကြာကြာထိုင်နိုင်အောင်ပါပဲ’

ဦးအောင်။ ‘အမျိုးသမီး ယောဂီများက ဒူးတုပ်၍ ထိုင်ကြဘို့ပါပဲ’

ဆရာတော်။ ‘ယောဂီတို့ သမထ ဘာဝနာကို ထိုင်ပြီး အားထုတ်ခြင်းက ပီတိ ပိုပြီး သမာဓိ ရလွယ်တယ် မှတ်ကြ’

ဦးအောင်။ ‘မှန်ပါ့ ဘုရား’

ဆရာတော်။ ‘အဆင့် ‘တစ်’ စခန်းအားထုတ်စ ယောဂီများကိုတော့ ဒီနေရာမှာ သတိတခု ပေးချင်တယ်-တရား အားထုတ်နေစဉ် ဝီရိယလွန်ပြီး အိပ်ချင်လာတတ်တယ်၊ ငိုက်မြည်း လာတတ်တယ်၊ အဲဒီလိုဖြစ်လာတဲ့အခါ မတ်တပ်ရပ်လိုက်၊ လမ်းလျှောက်လိုက်နဲ့ အားထုတ်နိုင်ပါတယ်၊

* ထိုင်တယ်၊ ထိုင်ရာက မတ်တပ် ရပ်တယ်၊ မတ်တပ်ရပ်ရာက လမ်းလျှောက်တယ် ဆိုယင် ဣရိယာပုဒ် လို့ ခေါ်တယ်။

* အိပ်ချင်တယ် ငိုက်မြည်းတယ်လို့ ဆိုယင်၊ ထိနမိဒ္ဓ လို့ ခေါ်တာလဲ မှတ်ကြ’

ဦးအောင်။ ‘မှန်ပါ့ ဘုရား’

ဆရာတော်။ 'အဆင့် 'တစ်'စခန်းက အားထုတ်စ ယောဂီ များကို အနှောင်အဖွဲ့ လွတ်လွတ် ကင်းကင်းနဲ့ သမထ ဘာဝနာကို ရှုပွားစေရတဲ့ အကြောင်း ကတော့ အနုစား ယောဂီတွေ ဖြစ်တယ်လို့ ယူဆ လို့ပါပဲ'

ဦးအောင်။ 'သင့်မြတ်လှပါ ဘုရား'

ဆရာတော်။ 'အဆင့် 'တစ်'စခန်းက ယောဂီတွေကို သမထ ဘာဝနာ ဘယ်ကစပြီး အားထုတ်ရမလဲ ဆိုယင် မေတ္တာတရားရယ်၊ သီလရယ်၊ ဂုဏ်တော် ပုတီး စိတ်ဒါရယ် အခြေခံပြီး သမာဓိ ရသည်အထိ ရှု ပွားကြရမယ်'

ဦးအောင်။ 'မှန်ပါ ဘုရား'

ဆရာတော်။ 'အဲဒီနောက်မှ ကမ္မဋ္ဌာန်း- ဝင်လေ- ထွက်လေနဲ့ စိတ်ကို ရှုပြီး သမာဓိ ထပ်ပွားပေးရမယ်'

ဦးအောင်။ 'သင့်မြတ်လှပါ ဘုရား'

ဆရာတော်။ 'သမာဓိ ခိုင်မြဲလာဒါနဲ့ အဆင့် 'နှစ်' စခန်းကို တက်ရတဲ့ ယောဂီတဦးဟာ အကျိုး များလာ နိုင်တယ်'

ဦးအောင်။ 'မှန်ပါ ဘုရား'

ဆရာတော်။ 'အဆင့် 'တစ်' စခန်းက ယောဂီတွေကို သမထ ဘာဝနာ ဘယ်ကစပြီး အားထုတ်ရမယ်ဆိုဒါ ပြောပြီးပြီ၊ ဒီယောဂီတွေ သမာဓိရှိတယ်၊ မရှိဘူး ဘယ်လို စစ်ကြရမလဲ'

ဦးအောင်။ 'ပြသ ဟောကြားတော်မူပါ ဘုရား'

ဆရာတော်။ 'ငရုပ်သီးကို မစားပဲနဲ့ စပ်တယ်လို့ သိပါ့မလား'

ဦးအောင်။ 'စားကြည့်မှ စပ်မှန်း သိပါမယ် ဘုရား'

ဆရာတော်။ 'ထန်းလျက်ကို မစားပဲနဲ့ ချိုတယ်လို့ သိပါ့မလား'

ဦးအောင်။ 'စားကြည့်မှ ချိုမှန်းသိရပါတယ် ဘုရား'

ဆရာတော်။ 'အဲဒီလိုပဲ သမာဓိရသည် မရသည်ကို ကိုယ်တိုင် ငရုပ်သီးစားတော့ စပ်ဒါသိတာလို၊ ထန်းလျက်စားတော့ ချိုဒါသိတာလို ကိုယ်သိတာက ပိုမှန်ဒါပေါ့ ဒကာကြီးရဲ့'

ဦးအောင်။ 'ကိုယ်တွေ့သိမှ အသိပေါ့ ဘုရား'

ဆရာတော်။ 'အဆင့်'တစ်'စခန်းက ယောဂီတွေ သမာဓိရအောင် ဘာတွေ လုပ်ကြရသလဲ'

ဦးအောင်။ 'သီလစခန်း၊ မေတ္တာစခန်းတွေပြီး ဖွင့်ကြရပါမယ် ဘုရား'

ဆရာတော်။ 'အခုရောက်လာတဲ့ ယောဂီတွေမှာ ထောင်တတ်တဲ့ နားရှိတော့ ကလျာဏ မိတ္တဆရာကောင်းနဲ့ တွေ့ဒါနဲ့တပြိုင်နက် သမထ ဘာဝနာအားထုတ်မှု့ကျင့်စဉ်နည်းလမ်းတွေ တွေ့ပြီ ဟုတ်လား'

ဦးအောင်။ 'တွေ့နေကြပါပြီ ဘုရား'

ဆရာတော်။ 'တွေ့နေတဲ့ လမ်းကလေးကို မပျောက်အောင် နောက်က ကပ်ပြီးလိုက်ရမယ်'

ဦးအောင်။ 'မှန်ပါ့ ဘုရား'

သရာတော်။ ‘အဆင့်‘တစ်’စခန်းက ယောဂီတွေ အဲဒီလမ်း အတိုင်း နောက်က ကပ်လိုက်နိုင်ယင် အဆင့် ‘နှစ်’စခန်းရောက်မှာ သေချာတယ် တကာကြီး’

ဦးအောင်။ ‘မှန်ပါ ဘုရား’

သရာတော်။ ‘ဒီနေ့တော့ ဒီနေရာမှာ တရားဖြတ်မယ်၊ မနက် ဖြန် သမထ ဘာဝနာကျင့်စဉ် အဆင့်နှစ်စခန်း ပြသ ဟောကြားမယ် တကာကြီး ဦးအောင်’

* * *

" သမထ ဘာဝနာ ကျင့်စဉ် "

အဆင့် ( ၂ ) စခန်း။

* မိမိခန္ဓာကိုယ်ကို ဗုဒ္ဓထံလှူ၍ တရားအား ထုတ်ခြင်း။

* 'ထွက်လေ ဝင်လေ မှန်မှန်ရှု၍ သမာဓိ တည်ခြင်း'

# အခန်း (၁၁)

ဆရာတော်။ ‘ဒီနေ့ သမထ ဘာဝနာကျင့်စဉ် အဆင့်‘နှစ်’ စခန်းကို ဟောကြားရမယ်၊ စဟောမဲ့နေရာက မနေ့က အဆင့်‘တစ်’စခန်းမှာ အနှောင်အဖွဲ့မပါပဲ ယောဂီများ တရားအားထုတ်ရတဲ့အကြောင်းက စမယ်’

ဦးအောင်။ ‘မှန်ပါ့ဘုရား’

ဆရာတော်။ ‘မနေ့က အဆင့်‘တစ်’စခန်းမှာ၊ သီလခံယူခြင်း၊ ရတနာသုံးပါး ကတော့ခြင်း၊ ကမ္မဋ္ဌာန်း ဆု

တောင်းခြင်း ပြီးဒါနဲ့ တရားအားထုတ်မှုမှာ အနှောင်အဖွဲ့ လွတ်လွတ်ကင်းကင်း ရှိပွားစေရတဲ့ အကြောင်း ဟောခဲ့တယ်'

ဦးအောင်။ 'မှန်ပါ့ ဘုရား'

ဆရာတော်။ 'ယခု အဆင့်'နှစ်'စခန်းမှာ တရားအားထုတ်မဲ့ ယောဂီကို-

* မိမိခန္ဓာကိုယ်ကို ဗုဒ္ဓထံသို့ တရားအားထုတ်ဆဲ အချိန်အတွင်းမှာ လှူဒါန်းပြီးမှ သမထ ဘာဝနာ အားထုတ်ကြရမယ်'
* ထိုအချိန်တွင် မည်သည့် ကိစ္စမျိုးမဆို ပေါ်လာခဲ့သော် တရားအားထုတ် မပျက်အောင် သတိပြု စောင့်ထိန်းကြရမယ်'

ဦးအောင်။ 'မှန်ပါ့ ဘုရား'

ဆရာတော်။ 'အဲဒီနောက် အာဏာပါနု'ထွက်လေ-ဝင်လေကို' သမာဓိတည်အောင် မှတ်ကြရမယ်'

ဦးအောင်။ 'မှန်ပါ့ ဘုရား'

ဆရာတော်။ 'ထွက်လေ ဝင်လေကို မှန်မှန် ရှုပါ-

* လျှော့ပြီးလဲ မရှုနဲ့
* ပြင်းပြင်းထန်ထန်လဲ မရှုနဲ့
* ရမ်းရှု မှန်းရှုခြင်း အလုပ်ကို မလုပ်ကြနဲ့'

ဦးအောင်။ 'မှန်ပါ့ ဘုရား'

ဆရာတော်။ ‘ထွက်လေ- ဝင်လေကို နှာဖျားက သိသိနေ အောင် စိတ်အာရုံနဲ့ သိမှတ်ရမယ်’

ဦးအောင်။ ‘မှန်ပါ ဘုရား’

ဆရာတော်။ ‘စိတ်တခုနိုင်ယင် ကိလေသာ နူနာအမြစ် ပြတ်နိုင် တယ်’

ဦးအောင်။ ‘မှန်ပါ ဘုရား’

ဆရာတော်။ ‘အခုအချိန်ကစပြီး ယောဂီအားလုံး ၁၅-မိနစ် တိတိ ထွက်လေ-ဝင်လေ မှန်မှန်ရှုပြီး သမာဓိ စခန်း ဝင်ကြရမယ်၊ ပြင်ဆင်ပြီးဒါနဲ့ စမှတ်ကြ’

(စာဖတ်သူ ယောဂီ၊ တကာလည်း ၁၅-မိနစ်တိတိ၊ ထွက်လေ ဝင်လေကို မှန်မှန်ရှုပြီး သမာဓိအလုပ် လုပ် ကြည့်ပါ)

ဆရာတော်။ ‘အချိန်ပြည့်ပြီ ယောဂီတို့’

ဦးအောင်။ ‘မှန်ပါဘုရား’

ဆရာတော်။ ‘တကာကြီး ဦးအောင် နှာဖျားက ထွက်လေ ဝင်လေ သိသိနေရဲ့လား’

ဦးအောင်။ ‘ဆယ့်ငါးမိနစ် အပြည့်မသိပါ၊ အာရုံတွေ တခြား ပြေးသွားနေပါတယ် ဘုရား’

ဆရာတော်။ ‘သမှာ သမာဓိခေါ်တဲ့ အာရုံကိုတခြားသို့ ပြေး မသွားပဲ တည်နေအောင် ကြိုးစား အားထုတ်ရ မယ်’

ဦးအောင်။ 'ကြိုးစား အားထုတ်ပါ့မယ် ဘုရား'

ဆရာတော်။ 'ကမ္မဋ္ဌာန်း ဝင်တဲ့အခါမှာ သတိထားဘို့ရာက အာရုံနဲ့ သိမှတ်တဲ့စိတ် ၂-မျိုး မှတ်ထားရမယ်၊ ဘယ်လိုလဲဆိုတော့-

* အာရုံနဲ့ သိမှတ်တဲ့စိတ်ကို တဲ့တဲ့နေအောင် ရှုရမည်။
* အာရုံထဲက စိတ် ထွက်မသွားအောင် သတိ ပြုရမည်။
* ကမ္မဋ္ဌာန်း ဝင်တဲ့အခါ၊ စိတ်က ဘာတခုမျှ မစဉ်းစားနဲ့။ ဘာအာရုံမှ ဝင်မလာစေနဲ့၊ စိတ် ပြန့်လွင့်ခြင်းကို သတိပြုရမယ်'

ဦးအောင်။ 'မှန်ပါ့ ဘုရား'

ဆရာတော်။ 'သမထ ဘာဝနာ ကျင့်စဉ် အဆင့်'တစ်'စခန်းမှာ မေတ္တာရယ်၊ သီလရယ်၊ ဂုဏ်တော်ရယ်၊ အချင်း ခံပြီး သမာဓိရအောင် အားထုတ်ခဲ့တယ်'

ဦးအောင်။ 'မှတ်မိပါ ဘုရား'

ဆရာတော်။ 'အဆင့်'နှစ်'စခန်းမှာ မိမိခန္ဓာကိုယ်ကို ဗဟိဒ္ဓ လှူပြီးမှ တရားအားထုတ်ဒါရယ်၊ ကမ္မဋ္ဌာန်းမှာ ထွက်လေ-ဝင်လေ မှန်မှန်ရှုပြီး သမာဓိတည်ဒါ ရယ် နှစ်ဆင့်တက်လာတယ် မှတ်မိကြရဲ့လား'

ဦးအောင်။ 'မှတ်မိပါတယ် ဘုရား'

ဆရာတော်။ ‘ဒီနေ့ အဆင့်‘နှစ်’စခန်း ဒီမှာရပ်မယ်၊ မနက်ဖြန် အဆင့်‘သုံး’စခန်း ဆက်ပြီး ပြသဟောပြောမယ် တကာကြီး’

ဦးအောင်။ ‘မှန်ပါ့ ဘုရား’

* * *

" ဿမထ ဘာဝနာကျင့်စဉ် "

အဆင့်(၃)စခန်း

F 6

## အခန်း (၁၂)

ဆရာတော်။ 'ဒီနေ့ သမထ ဘာဝနာ ကျင့်စဉ် အဆင့် 'သုံး' စခန်းကို ဟောကြားမယ်၊ ဒီအဆင့်က သမထမှာ အထက်တန်းအဆင့် ဖြစ်တယ်'

ဦးအောင်။ 'မှန်ပါ့ ဘုရား'

ဆရာတော်။ 'ဒီ အထက်တန်း အဆင့်မှာ....

* ပီယသိဒ္ဓိ၊

* ဓနု သိဒ္ဓိ၊

* ကာယသိဒ္ဓိ၊

* ဝိဇ္ဇာမဟိဒ္ဓိ ဆိုတဲ့ လမ်းတွေကို အောင်မြင်ရန် ကျင့်စဉ် လမ်းတွေရှိတယ်'

ဦးအောင်။ 'မှန်ပါ့ ဘုရား'

ဆရာတော်။ 'သမထ ဘာဝနာ ကျင့်စဉ် အဆင့် (၁)နဲ့(၂) စခန်းမှာ ကျန်နေရစ်ကြတဲ့ ယောဂီတွေက တော့....

* သူတို့မှာ ဗဟုသုတ ရှိလို့ မာနကြီးဒါရယ်၊
* တရားလုပ်ငန်းကို ကောင်းကောင်း မယုံကြည်ဒါရယ်၊
* ယုံမှား တွေးတောဒါရယ်၊
* ဆရာ့စကားကို မရိုသေပဲ စဉ်းစား ဆင်ခြင်နေဒါရယ်၊
* တရားကို တင်းတင်း အားမထုတ်ပဲ သက်သာ ခိုနေတဲ့သူတွေပဲဖြစ်တယ်'

ဦးအောင်။ 'မှန်ပါ့ ဘုရား'

ဆရာတော်။ 'ကျင့်စဉ် အဆင့် (၁)နဲ့ (၂)စခန်းက တက်လာတဲ့ ယောဂီပုဂ္ဂိုလ်များက
* စူဠဂန္ဓာရီ- အတတ်ပညာလမ်း၊
* မဟာဂန္ဓာရီ- အကျင့်ပညာလမ်း နဲ့၊
ဝိပဿနာ ဘာဝနာ- စခန်း သုံးသွယ်ကို ဘယ်လမ်းလိုက်ကြမလဲဆိုဒါ ရွေးကြရတော့မယ်'

ဦးအောင်။ 'မှန်ပါ့ဘုရား'

ဆရာတော်။ 'မိမိ သံသရာကို ငြီးငွေ့သော ယောဂီ ပုဂ္ဂိုလ်များကတော့ ဝိပဿနာ ဘာဝနာ စခန်း ကူးပြောင်းသွားကြလိမ့်မယ်'

ဦးအောင်။ 'မှန်ပါ့ ဘုရား'

ဆရာတော်။ 'သမထ ဘာဝနာ ကျင့်စဉ် အဆင့် (၁)နဲ့ (၂) စခန်းကတက်လာတဲ့ ယောဂီပုဂ္ဂိုလ်များသည်....

* တရား အားထုတ် သော်လည်း မပေါက် ရောက်နိုင်သည့် အန္တရာယ် ငါးပါးက လွတ် ကင်းတဲ့ ယောဂီပုဂ္ဂိုလ်များ၊
* မဂ် ဖို တားမြစ်တဲ့ တရားငါးပါးက လွတ် ကင်းတဲ့ ယောဂီပုဂ္ဂိုလ်များး
* မဂ် ဖိုရကြောင်း တရားလေးပါးကို နှလုံး သွင်းတဲ့ ယောဂီပုဂ္ဂိုလ်များ....
* အရိယာ ဖြစ်နိုင်အောင် တရားကို ကျင့်ကြံ အားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်များ- နဲ့....
* သာဝက ပါရမီဉာဏ် ပြည့်စုံတဲ့ ယောဂီ ပုဂ္ဂိုလ်များ ဖြစ်တယ်လို့ ဆရာတော် ယူဆ တယ်တကာကြီး'

ဦးအောင်။ 'ဆရာတော်၏ ယူဆချက် ပြည့်စုံပါတယ် ဘုရား'

ဆရာတော်။ 'အဆင့် (၁)နဲ့ (၂) စခန်းက တက်လာကြတဲ့ ယောဂီပုဂ္ဂိုလ်များကို သီလ- သစ္စာ- ခန္တီ- မေတ္တာ- ပါရမီရှိကြလို့ အဆင့် (၃) စခန်း အထက်တန်းကို တက်လာကြတယ်လို့ ပြောယင် လဲ မှားမယ်လို့ မထင်ဘူး'

ဦးအောင်။ 'မမှားနိုင်ပါ ဘုရား'

ဆရာတော်။ 'အဲဒီ ပုဂ္ဂိုလ်တွေကို ဘယ်လမ်းရွေးကြလို့ ပြောနေရအုံးမလား၊ မလိုတော့ဘူး ထင်တယ်'

ဦးအောင်။ 'မှန်ပါ့ ဘုရား'

ဆရာတော်။ 'ဒီလိုဆို ဒို့ဆီက အဆင့် (၃) တက်မဲ့ ယောဂီပုဂ္ဂိုလ်များကို မိမိတို့ ပေါက်ရောက်ရာ သန့်ရာ သန့်ရာ လမ်းသုံးသွယ်ကိုသာ ရွေးချယ်ကြပေတော့လို့ ဆရာတော် မှာလိုက်မယ်'

ဦးအောင်။ 'သင့်မြတ်လှပါ ဘုရား'

ဆရာတော်။ 'သမထကျင့်စဉ် အဆင့်'တစ်' စခန်းမှာ ယောဂီတွေကို ဘာကြောင့် အနှောင်အဖွဲ့ မထားခဲ့သလဲ'

ဦးအောင်။ 'နုစဉ်အခါ ဖြစ်လို့ပါ ဘုရား'

ဆရာတော်။ 'အင်း နုစဉ်အခါကတောင်၊ တနေ့ ဘုရားကို နံနက်တကြိမ် ည တကြိမ် မှန်မှန်ရှိခိုးပြီး ဂုဏ်တော် (၉) ပါးကို တဆင့်တဆင့် တက်ပြီးတော့ သီလ သစ္စာ- ခန္တီ- မေတ္တာ- ပါရမီ ဖြည့်ခဲ့ကြတယ်ဟုတ်လား'

ဦးအောင်။ 'မှန်ပါ့ ဘုရား'

ဆရာတော်။ 'အဲဒီလို အကျိုးရရှိခဲ့ဘာ ဖင့်နွှဲခြင်း, ပျင်းခြင်း, ခင်တွယ်ခြင်း, သတိမမူခြင်း စတဲ့ မကောင်းမှုတွေကို ပါယ်ခဲ့လို့ မှဟုတ်လား'

ဦးအောင်။ 'မှန်ပါ့ ဘုရား'

ဆရာတော်။ ‘သမထကျင့်စဉ် အဆင့်‘နှစ်’က တက်လာတဲ့ ယောဂီပုဂ္ဂိုလ်တွေကို ဗုဒ္ဓထံ မိမိခန္ဓာကိုယ်ကို တရားအားထုတ်စဉ် အချိန်အတွင်း လှူဒါန်းရန် အနှောင်အဖွဲ့ ပါလာတယ် ဟုတ်လား’

ဦးအောင်။ ‘မှန်ပါ့ဘုရား’

ဆရာတော်။ ‘ထွက်လေ- ဝင်လေ- ရှူ့ပွားပီးတော့ သမာဓိ တည်ငြိမ်အောင် အားထုတ်တဲ့အထိ မြင့်လာ တယ် ဟုတ်လား’

ဦးအောင်။ ‘မြင့်လာပါ ဘုရား’

ဆရာတော်။ ကိုယ့်ဟာကို တရားမြင်လာတယ်၊ အစကတဲ့ တိုးတက်ကြီးပွားလာတယ်၊ ဒါတွေကို ကျုပ် မြင်လာပါပီ၊ ကျုပ်တော့ ထွက်ရပ်ဂိုဏ်းဝင် ဆရာလုပ်လို့ ရပါပီ၊ ဘာရပါပီ ညာရပီနဲ့ အခြားသူတွေကို လိုက်ပြောနေယင် သင့်တော် ပါ့မလား’

ဦးအောင်။ ‘မသင့်တော်ကြောင်း ဘုရား’

ဆရာတော်။ ‘တရားကို ကိုယ်မြင်ဒါ သူများသွားပြောယင် မသူတော် ခုနှစ်ပါးထဲ ပါသွားမယ် မှတ်ထား’

ဦးအောင်။ ‘မှတ်ထားကြောင်းပါ ဘုရား’

ဆရာတော်။ အဲဒီတော့ ကိုယ်မြင်တဲ့တရားကို သူတပါးသွား မပြောခင် ကိုယ်မြင်တဲ့တရားကို သေသေ ချာချာ ပြန်စစ် ပြန်မြင် ပြန်ကျင့်ကြံ အားထုတ် ခြင်းဖြင့်ကြဘို့ လိုတယ်’

ဦးအောင်။ ‘မှန်ပါ့ ဘုရား’

ဆရာတော်။ ‘အဆင့်‘သုံး’ခန်းတက်မဲ့ ယောဂီပုဂ္ဂိုလ်များသည် သူတပါး အထင်ကြီးရန် မလုပ်ကြပဲ မိမိသိက္ခာကို စောင့်ထိန်းခြင်းသာလျှင် မိမိတကာယ်မြင်၍ တကယ်လိုရာသို့ ရောက်နေပြီလို့ ယုံကြည်ကြပါကုန်’

# အခန်း (၁၃)

'တကာ့မလေး မေ့'

ဦးပဥ္စင်း မင်းကွန်းဘက် ရန်ကင်းချောင် ရောက်နေဒါ ဒီနေ့ ၃-ရက်မြောက်ပီ၊ ဒီချောင်ကိုရောက်အောင် မင်းကွန်း ခေါင်းလောင်းကြီး အုတ်နံရံတံတိုင်းတောင်ဘက်ကပ်လျက် နွား လှဲဝိုင်းက လှည်းငှားပီး လာခဲ့ရတယ်၊ ဗမာအခေါ် ခရီးတတိုင်သာ သာ ရှိတယ်တဲ့'

'ရောက်တဲ့နေ့ကစပီး 'ဝိပဿနာ ဘာဝနာ လမ်းညွှန်(နဲ့) ကျင့်စဉ်ကို' ရေးနေတယ်၊ အတော် ရေးပီးပီ'

'တကာ့မလေး မေ'တို့ မင်းကွန်းရောက်စဉ်အချိန်က မြသိန်း တန် ဆုတောင်းပြည့်ဘုရား၊ လူအိုရုံနဲ့ မင်းကွန်းခေါင်းလောင်း မပီးသေးသော ခြင်္သေ့အုတ်ပုံကြီး ကြည့်ပြန်ခဲ့ကြတော့ ဦးပဥ္စင်း

အခုရောက်နေတဲ့ တောရ ရန်ကင်းချောင်လို သာယာတဲ့ ချောင်မျိုး ဆိတ်ငြိမ်တဲ့ချောင်မျိုး ခန်းနားထယ်ဝါတဲ့ ကျောင်း, ကန်, ဇရပ်, ဓမ္မာရုံတွေ မမြင်ခဲ့ကြရဘူးပေါ့'

'ဦးပဥ္စင်း သတင်းသုံးရတဲ့ကျောင်းကို မန္တလေး ဗဟိုရ်စည် ဦးအေးမောင်(ဇနီး)ဒေါ်ပုတို့က လှူဒါန်းထားတဲ့ ကျောင်းဖြစ်တယ်၊ ကျောင်းတွင်းမှာ စာပွဲ ကုလားထိုင်၊ ကုတင်၊ ဘီဒိုတွေက လက်ရာကောင်းတွေ ချည့်ပါပဲ၊ မျက်နှာသစ် ကြွေကန်တခု၊ လက်ဆေးကြွေဂန်က တခု သတ်သတ်စီ ထားတယ်၊ ရေချိုးခန်းမှာ ရေဖျန်းတပ်ထားတဲ့အပြင် ရေဘုံပိုင်ခေါင်းကလဲ အပိုပါသေးတယ်၊ ရေလောင်းအိမ်သာ ကြွေအိုးဖြူဖြူနဲ့ ကုဋိ(အိမ်သာ) ဆိုတော့ ဦးပဥ္စင်းလိပ်ခေါင်းရောဂါရှိတဲ့သူအတွက် ဆေးတသက်ပေါ့'

'ကဆုန်လပြည့်ကျော်(၁) ရက်နေ့ည လသာသာ(၈)နာရီ အချိန်လောက်မှာ ဦးပဥ္စင်း တောင်ပေါ်တက်သွားတယ်၊ ချောင်ရဲ့ အရှေ့ဘက်ဆီ မျှော်ကြည့်လိုက်ဒါနဲ့ လရောင်အောက်မှာ မြစ်မင်းဧရာဝတီနဲ့ တသွင်သွင်စီးနေတဲ့ ရေရောင်စိမ်းလွဲ့လွဲ့ကို မြင်ရတော့ စိတ်အေးချမ်းပီးတော့ အမောပြေသွားတယ်'မေ'ဘွာဘွာ တဏှာမလေး နော်'

'ဝိပဿနာ ဘာဝနာ လမ်းညွှန်(နဲ့)ကျင့်စဉ်' ရေးနေတဲ့ ရဟန်းတပါးအနေနဲ့ ရုပ်-နာမ်ကိုသာ မြင်သင့်တယ်၊ မမြဲဒါတွေကို မမြဲဘူး၊ မမြဲဘူးဆိုဒါ စိတ်က သိရမယ်၊ မဟုတ်ပါလား'

'သာယာမဆုံးတဲ့ မြစ်မင်းဧရာဝတီကြည့်လို့ အမောကလေး ပြေဒါနဲ့ တောင်ပေါ် ဆက်တက်လိုက်တယ်၊ ငွေစေတီ ဆုတောင်းပြည့်ဘုရား ရောက်သွားတယ်၊ ရုတ်တရက် ဘုရားဝတ် မပြုနိုင်သေးဘူး၊ အရှေ့တောင်ယွန်းယွန်းက လျှပ်စစ်မီးရောင် ထိန်လင်းနေတဲ့ မန်းရွှေမြို့တော်ဆီ မျက်စိ ရောက်သွားတယ်'

'သည်တွင် ရွှေမြို့၊ သည်သို့ ရွှေပြည်၊ စိတ်ကရေသည် ရွှေမန်း တောင်ကြီး ရှုလို့မဆုံးတော့သည်၊လို့ စိတ်ထဲက ရတုလိုလို ငါး ပေါက် အောက်ပြန်နဲ့ ရေးထားတဲ့ တေးလိုလို ဆိုမိတယ်'

'ဦးပဥ္စင်း မျက်စိ အားကောင်းလာလို့ ရွှေမန်းတောင်ကြီးကို မြင်တယ်လို့ မထင်လိုက်နဲ့ တကာမလေး၊ လျှပ်စစ်မီးတွေ စောင်း တန်းမှာရော စေတီမှာရော အာရုံခံ ဇရပ်တွေမှာရော တောင်အစ အဆုံး ထွန်းထားလို့ မြင်ရဒါ'

'အဲဒီလိုအချိန် ရွှေမန်းမြို့ဆီ စိတ်ရောက်သွားတော့ တကာ မလေး မေတို့ မိသားစုအိမ်လဲ စိတ်က ရောက်ပါတယ်၊ ဒါပေမယ့် ဦးပဥ္စင်းက ရဟန်းဘောင်မှာဆိုတော့-

ရဟန်းတော်များ(၏) အထိန်းသည်၊
ဝိနည်း သိက္ခာပုဒ်တော်
ဖြစ်တယ်မဟုတ်ပါလား'

'ဦးပဥ္စင်း ရဟန်းတော်များ ဝိနည်း သိက္ခာပုဒ်တော်ကို ကြောက်ကြောက်လာပြီး လူ့ဘောင်လောကကို စိတ် ထွက်ထွက် သွားတယ်၊ ဒါပေမယ့် ထွက်သွားတဲ့စိတ်တွေကို သတိနဲ့ ပြန်ပြန် ထိန်းရတယ်'

'ငွေစေတီ ဆွဲလွဲသံကလေးက တောင်ပေါ်လေညှင်း ခတ် ပြင်းပြင်း တိုက်လိုက်ဒါနဲ့ တပြိုင်နက် သာယာတဲ့အသံ ထွက်လာ ပါတယ်၊ ဦးပဥ္ဇင်းလဲ အမောပြေပီဖြစ်လို့ ဘုရားကတော့ပြီး ၃၁-ဘုံ ကျင်လည်ကြကုန်သော သတ္တဝါအပေါင်း ချမ်းသာ ကျန်းမာစေ ကြောင်း ဆုတောင်းမေတ္တာ ပို့လိုက်ပါတယ်'

'လူ့ဘောင်လောက လူဝတ်နဲ့နေစဉ်က မည်သူ့ထံကိုမှ စာ ဒီလောက် ရှည်ရှည်မရေးမိခဲ့ပါဘူး၊ အခု ရဟန်းဘောင် ရောက် လာမှပဲ စာကို ဒီလို ရှည်ရှည်ကြီးရေးပီး ပြန်ဖတ်မိတဲ့အခါ ချောင်းဆိုသော်တာ အမည်ခံဘဲ ဦးပဥ္ဇင်း စာရေးဆရာကို ပြစ် တင်ခဲ့တာ မှားတယ်လို့ ပြန်ပီး မြင်လာတယ်'

'ဦးပဥ္ဇင်း ရေးပို့ထားတဲ့ 'သမထ ဘာဝနာ လမ်းညွှန်'(နဲ့) ကျင့်စဉ် လက်ရေးမူတွေကို လက်နှိပ်စက်ရိုက်ပီး ပြည်ထဲရေးနဲ့ သာသနာရေး စာပေစိစစ်ရေးကို ဘာသာရေးခွင့်ပြုချက် တောင်းထားပါနော်'

'ဒါပါပဲ တကာမလေးမေ'

ကျန်းမာပါ( ၏ )

ကျန်းမာကြပါစေ။

အရှင် တေဇလင်္ကာရ

ခေတ္တ/မင် ကွန်း ရန်ကင်းချောင်

'ဝိပဿနာ ဘာဝနာ လမ်းညွှန်'

ဆွေးနွေးခန်း (၁)

'သာသနေ၊ သာသနာသည်၊
ဩသက္ကိတေ၊ ဆုတ်ယုတ်သည်ရှိသော်၊
ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်သည်၊
နဟောတိ၊ မဖြစ်'

'ဝိပဿနာ ထွန်းကားလာလျှင် သာသနာ ကွယ်တော့မည်ဟု အချို့ပုဂ္ဂိုလ်များ အယူရှိကြ၏။ အမှန်မှာ ဝိပဿနာ အမည်ခံပြီး မိမိတို့ထင်ရာ ဟောကြ ပြောကြ လုပ်ကြသူများအတွက်သာ သာသနာကွယ်မည်။

* မဂ်-ဖိုလ် ရကြောင်းအကျင့်သာ ကျင့်ရမည် ဆိုလျှင်-
* သောတာပန် သကဒါဂါမ်၊ အနာဂါမ် ရဟန္တာ ဘယ်အခါမှ မဆိတ်သုံးပါ-ဟု....
* မဟာ ပရိနိဗ္ဗာနသုတ်တွင် သုဘဒ္ဒရဟန်းအား ဗုဒ္ဓ ဟောကြားတော်မူခဲ့သည်။

## အခန်း (၁၄)

### ‘ ဝိပဿနာ ဘာဝနာ အခြေခံ ဆွေးနွေးခန်း ’

ဦးထွေးလှိုင်။ ‘ကျုပ်က ဝိပဿနာစာအုပ်ဆိုယင် မဖတ်ဘူးဒါနဲ့ပါတယ်၊ လမ်းထဲက ဓမ္မာရုံ မှာလဲ ၉-ရက်တိုင်တိုင် တရားအားထုတ်ဘူးတယ်’

ဦးထင်ကြီး။ ‘ကျုပ်ကတော့ ခင်ဗျားတို့လို တရား အားထုတ်ဘူးတဲ့သူမဟုတ်လို့၊ ဝိပဿနာဘာဝနာ အခြေခံဆွေးနွေးကြဒါ လာနားထောင်တာပဲ’

ဦးဇာရှိန်။ ‘ကျုပ်က ဥာဏ်စဉ် နာသည် အထိ တရားထိုင်ခဲ့ရပြီ’

ဦးမောင်ခင်။ ‘ကျုပ်ကတော့ ဝိပဿနာတရား အားထုတ်ခြင်းအတွက်လူကျန်းမာပြီး စိတ်လဲရွှင်လန်းလာတယ်’

ကြီး။ 'မသိလို့မေးပါရစေ ခင်ဗျာ၊ ရှတ်ရှံ အံ့ရှံ ဖတ်ရှံ မျှနှင့် ဝိပဿနာ ဆိုချမလား'

လှိုင်။ 'ဝိသေသေန ပဿတီတိ ဝိပဿနာ၊

'ဂိသေသေန အထူးသဖြင့်၊ ပဿတိ မြင်တတ်၏။ ဣတိတသ္မာ ထိုကြောင့်၊ ဝိပဿနာ မည်၏'

* 'အထူးသဖြင့်မြင်သည်ဆိုသည်မှာ....ပညတ်၊ အမြေးကို ခွါလှမ်း၍ ရုပ်-နာမ်ကို မြင်ခြင်း၊ ရုပ်-နာမ် တို့၏....

'အနိစ္စ လက္ခဏာ....

'ဒုက္ခ လက္ခဏာ....

'အနတ္တ လက္ခဏာ....တို့ မြင်

ဒါကိုသာ ဝိပဿနာဆိုရမယ်၊ရှတ်ရှံအံ့ရှံ ဖတ်ရှံမျှနဲ့ ဝိပဿနာမဆိုနိုင်ဘူး ဦးထင်ကြီး'

ကြီး။ 'ဦးဇာရှိန် ဝိပဿနာလုပ်တော့မယ်ဆိုယင် ဘာတွေ သိထားရမလဲ ခင်ဗျာ'

ရှိန်။ 'အဓိပတိသုံးပါးကို သိထားဘို့လိုတယ်၊ဘာတွေလဲ ဆိုယင်....

၁။ အတ္တာ ဓိပတိ....မိမိ ကိုယ်ကို အားထားပြီး တရားကို အားထုတ်ရမည်။

၂။ လောကာဓိပတိ... လောကကိုရှက်ကြောက်ပြီး တရားကို အားထုတ်ရမည်။

၃။ မမ္မ မိပတိ ....တရားတော်ကို ရှိသေလေး
စားပြီး အားထုတ်ရမည် ဆိုတာတွေပါပဲ'

ဦးသင်ကြီး။ 'ဦးမောင်ခင် ခင်ဗျား ဝိပဿနာ ဘာဝနာ အားထုတ်မယ် ဆိုယင် ဘယ်လို နေရာမျိုးမှာ အားထုတ်ရမလဲ'

ခင်။ 'အိမ်မှာပဲ အားထုတ်ထုတ်၊ကျောင်းမှာပဲ အားထုတ်ထုတ် ဆိတ်ငြိမ်ရာ နေရာမှာ အားထုတ်နိုင်ပါတယ်၊ လိုဒါက တရားအားထုတ်နည်း ကျင့်စဉ်ပါပဲ ခင်ဗျာ'

ကြီး။ 'ဦးထွေးလှိုင် ဝိပဿနာ ဘာဝနာ ဘယ်က စပြီး ရှုပွားရမလဲ ခင်ဗျာ'

လှိုင်။ 'ဝိပဿနာ ရှုတယ်ဆိုတာ ရုပ်-နာမ် ဖြစ်ပျက်ကို တွေ့ မြင် သိရမယ်။ မိမိခန္ဓာ ဖြစ်ပျက် ဒုက္ခ စက်ကြီး လည်နေဒါ သိရမယ်'

* ပထမတော့ ဒုက္ခစက်မြင်အောင် ကြည့်ပေး၊
* နောက်တော့ မုန်းအောင်ကြည့်၊
* အမုန်းများတော့ မလိုချင်တော့ဘူး၊
* မလိုချင်တော့ လွှတ်တော့ဒါပဲ၊အဲဒီအခါမှာ ဉာဏ်အမြင်ဟာ စင်ကြယ်သွားပြီး၊
* ပဋိဂ္ဂုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ယောကျ်ား မိန်းမ မရှိတော့ဘူး၊
* အမှန်ရှိဒါက ရုပ် (နဲ့) နာမ်၊

* ဖြစ်ပျက် ဒုက္ခစက်ပဲလို့ ပိုင်ပိုင် နိုင်နိုင် ဆုံးဖြတ်ချက် ချနိုင်ယင် ဝိပဿနာ ဘာဝနာ ဆက်ရှုပွါးကြဘို့သာလိုတော့ဒါပဲ ဦးထင်ကြီး'

ကြီး။ 'ဝိပဿနာကို ပကတိမျက်လုံးနဲ့ ကြည့်လို့ မြင်နိုင်ပါမလား'

လှိုင်။ 'ဝိပဿနာသည် သာသနာတွင်း မျက်လုံးနဲ့ တပ်ကြည့်ခြင်းကို ဆိုထားတယ်၊ ပကတိ မျက်လုံးနဲ့ ကြည့်တာကို ဝိပဿနာလို့ မဆိုဘူး'

ကြီး။ 'ဦးဇာရှိန် မေးပါရစေ ခင်ဗျာ(ဦးထင်ကြီးမှတ်စုစာအုပ်ဖွင့်ကြည့်၍) ငါ ဆိုတဲ့ စကားငါးမျိုးကို သိပါရစေ'

ရှိန်။ 'တဏှာ၊ မာန၊ ဒိဋ္ဌိ၊ သညာ၊ ဝိညာဏ် ဆိုဒါ ရှိတယ်....

၁။ တဏှာ....ငါ။ သာသာ ယာယာ၊သိမ်းသိမ်းပိုက်ပိုက် ငါ- ငါ၏ ဥစ္စာကို ပြောဆိုခြင်း။

၂။ မာန .... ငါ။ ထောင်လွှား တက်ကြွသောမာနဖြင့် ငါလို့ပြောဆိုခြင်း။

၃။ ဒိဋ္ဌိ .... ငါ။ အစိုးပိုင်၊ အစိုးတရအားဖြင့် ငါအစိုးပိုင်၏၊ငါအစိုးရ၏၊ ငါအမှန် ရှိသည်လို့ ပြောဆိုခြင်း။

၄။ သညာ....ငါ။ အမှတ်သညာ အားဖြင့်၊ ငါ
ဟုတ်၏၊ ငါရှိ၏ လို့ ပြောဆို
ခြင်း။

၅။ ဝိဉာဏ်....ငါ။ အကြံအစီအားဖြင့် ငါရှိ၏၊
ငါဟုတ်၏လို့ ပြောဆိုခြင်း
ငါ ငါးမျိုး ရှိပါတယ်'

ဦးထင်ကြီး။ 'ငါဆိုတဲ့စကားကိုပြောယင် ဘယ်လို အပြစ်
ရှိသလဲ'

ရှိန်။ 'ငါ ဆိုသော စကားလုံး ငါးမျိုးတွင်
၁။ တဏှာ၊ ၂။ မာန၊ ၃။ ဒိဋ္ဌိ အားဖြင့် ပြော
ဆိုတဲ့ငါ သုံးမျိုးသည်၊အပြစ်ရှိတယ်။ သို့ပေမဲ့
အပါယ်လေးပါး ကျရောက်တဲ့ အကုသိုလ်
ကံမဟုတ်၊ သံသရာဝဋ်မှ မကျွတ်လွတ်ခြင်း
အကြောင်းဖြစ်တယ်၊ ဒါကြောင့် အပြစ်ရှိ
တယ်လို့ ပြောဒါ'

* နောက် ကျန်တဲ့ သညာ(နဲ့)ဝိဉာဏ် အား
ဖြင့် ပြောဆိုမှုက အပြစ်မရှိဘူး၊

* ဗုဒ္ဓ ပင်'ငါ၏ချစ်သား၊ ငါနှ စဉ်အခါက
စတဲ့ ငါ ဆိုတဲ့စကားကို၊ သညာ ဝိဉာဏ်
ဖြင့် မိန့်တော်မူခဲ့ဘူးတယ်၊

ကြီး။ 'ဦးမောင်ခင် လောကုတ္တရာ သမာဓိဆိုတာ
ဘယ်လိုလဲ'

ခင်။ 'မဂ် သမာဓိ၊ ဖိုလ်သမာဓိပဲ၊ ဒီသမာဓိကလဲ ပညာပြည့်စုံမှ သူကလဲ ပြည့်စုံဒါ'

ကြီး။ 'ဘယ်လို ပညာလဲ'

ခင်။ 'လောကုတ္တရာ ပညာဆိုဒါက မဂ်ဉာဏ် ဖိုလ်ဉာဏ်ပဲ၊ ဒီ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရအောင် ဘာ. ကို အားထုတ်ရမလဲ ဆိုလို့ရှိယင်၊ သီလ, သမာဓိ, ပညာ, ဆိုတဲ့ ဒီအကျင့် ၃ မျိုးထဲမှာ....

- ပညာအကျင့်ဆိုတဲ့ ဝိပဿနာ ဘာဝနာ အားထုတ်ရမယ်၊ ဒီပညာ ဘာဝနာက ပြည့်စုံသွားယင်တော့ သီလရော, သမာဓိရော, ပညရော, အကုန်လုံး တပါတည်း ပြည့်စုံသွားတော့တာပဲ'

ကြီး။ 'ခင်ဗျားတို့ သုံးယောက်က ဝိပဿနာ ဘာဝနာ အားထုတ်ဘူးတဲ့ ပုဂ္ဂိုလ်တွေ ကျနော်က တကြိမ်မှ အားထုတ်ဘူးတဲ့သူ မဟုတ်တော့ ဝိပဿနာ လမ်းဆုံးလိုက်ကြယင် ခင်ဗျားတို့က သာမှာပဲလို့ ထင်တယ်'

ခင်။ 'ဒီလိုမတွက်ပါနဲ့ ကျုပ်ဖတ်ခဲ့ဘူးတဲ့ စာအုပ်က အရှင်အာနန္ဒာ ရဟန္တာဖြစ်အောင် ဘယ်လိုကျင့်ရတယ်ဆိုတာ ပြောပြမယ်....

'ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူပြီးတဲ့နောက်....

'၃ လလွန်လို့ ၄ လထဲရောက်တဲ့အခါမှာ ပဌမ သံဂါယနာ တင်ပွဲကြီး စပီးတော့ ကျင်းပတယ်....

'သံဂါယနာတင်ဆိုဒါ ကမ္ဘာအေးမှာ ဆဋ္ဌမ သံဂါယနာတင် ဒါလို့ ဗုဒ္ဓ ဟောကြားတော်မူခဲ့တဲ့ တရားတော် ဝိနည်းတော်တွေ ကို အကုန်လုံးစုပြီးတော့ ဆုံးဖြတ်ကြ အတည်ပြုကြ ရွတ်ဆိုကြ ဒါပါပဲ'

'အဲဒီတုန်းက သံဂါယနာတင်တို့ သံဃာတော် ငါးရာ ရွေး တယ်၊ အဲဒီသံဃာ ငါးရာထဲမှာ အရှင်အာနန္ဒာမှတပါး ၄၉၉ ပါးက အားလုံး ရဟန္တာတွေချည်းပဲ၊ အရှင်အာနန္ဒာ တပါး တည်းပဲ သောတာပန်ရှိတယ်'

'အဲဒါကြောင့် အရှင်အာနန္ဒာလဲ သံဂါယနာ အစည်းအဝေး မကျင်းပခင် အလျင်တရက်မှာ၊ တညတည်းနဲ့ ရဟန္တာဖြစ်အောင် လို့ အပြင်းအထန် အားထုတ်နေတယ်၊ တညလုံး စင်္ကြံနှံ လျှောက်ပြီး....

* 'ကာယဂတာသတိ'ခေါ်တဲ့'ကာယနုပဿနာ သတိ ပဋ္ဌာန်'ကို ပွားများအားထုတ်နေတယ်၊ နံနက် လင်း ခါနီး ရောက်နေသည့်တိုင် ရဟန္တာမဖြစ်သေးဘူး'

'ဒီတော့ အရှင်အာနန္ဒာက စဉ်းစားတယ်၊ ငါ အားထုတ်ဒါ ကတော့ အစွမ်းကုန်ပြီ၊ မြတ်စွာဘုရားကလဲ အမိန့်ရှိခဲ့ဒါပဲ'

'အာနန္ဒာသင့်မှာ၊ ပါရမီကုသိုလ်တွေကတော့ ပြည့် စုံနေပြီ၊ တပုံးကိုသာ အားထုတ်ရစ်ပေတော့၊ မကြာခင် ပဲ ရဟန္တာဖြစ်ပါလိမ့်မယ်တဲ့'

'ဘုရားကလဲ ဒီလို မှာသွားဒါပဲ၊ ငါအားထုတ်တာလဲ အရေး တော့ ကုန်နေပါပြီ၊ ဒီသာသနာတော်မှာ ပြင်းပြင်းထန်ထန်

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေထဲမှာ ငါလဲ တယောက်အပါ အဝင်ပဲ၊ ဒါထက်ပိုပြီး တရားအားထုတ်စရာတော့ မရှိတော့ပါ ဘူး၊ ဘာကြောင့် တရားက မတိုးတက်ပဲ ရှိနေပါလိမ့်၊ မတိုးလို့ အရှင်အာနန္ဒာက စဉ်းစားနေတယ်’

‘ဪ....ငါက တညလုံး စင်္ကြံသွားပြီး အပြင်းအထန် အားထုတ်နေတယ်၊ ဒါကြောင့် ဝီရိယလွန်ပြီး သမာဓိက အား နည်းနေတာပဲလို့ သတိပေါ်လာသတဲ့’

‘ဒါကြောင့် သမာဓိနဲ့ ညီမျှသွားအောင် ဝီရိယကို နဲနဲလျော့ ဦးမှပဲ၊ အခန်းထဲဝင်ပြီး ခဏလောက် လှဲအိပ်ယင်း အားထုတ်ဦး မှပဲလို့စိတ်ကူပြီး အရှင်အာနန္ဒာဟာ အခန်းထဲဝင်သွားပြီး ကုတင် ပေါ်မှာထိုင်၊ ထိုင်ရာက လှဲအိပ်လိုက်တာပဲ၊ ဒီလို လှဲအိပ်လိုက်တဲ့ အခါမှာ အိပ်တယ် အိပ်တယ်လို့ သတိနဲ့အမှတ်မျိုးမှာပဲ ရဟန္တာ ဖြစ်သွားတယ်တဲ့’

‘ဦးထင်ကြီး ဝိပဿနာ ဘာဝနာအားထုတ်တဲ့အချိန်မှာ ဘာမျှ အားမငယ်ပါနဲ့၊ ယုံယုံကြည်ကြည်သာ တရားအား ထုတ်ပါ’

ကြီး။ ‘နာကြားရဒါ ဝမ်းသာတယ်ဗျာ’

လှိုင်။ ‘ဦးထင်ကြီး ဘာများ သိချင်သေးလဲ’

“စိတ်”

ဦးထင်ကြီး။ ‘ပုထုဇဉ် စိတ်ဆိုဒါ သိပါရစေ’

လှိုင်။ ‘အပြင် ညစ်သည်စိတ်၊ အတွင်း ညစ်သည်စိတ်၊ အိမ်သည်စိတ် စတဲ့ ပုထုဇဉ်စိတ် ၁၃- မျိုး ရှိ တယ်....

* အမြင်စိတ် ညွှန်သည် ငါး(၅) ယောက် ဆိုဒါက....

၁။ မြင်စိတ် ။ ၃။ နံစိတ် ။
၂။ ကြားစိတ် ။ ၄။ စားစိတ် ။

၅။ တွေ့ထိစိတ်။

* အတွင်းစိတ် ညွှန်သည် ခြောက်(၆)ယောက် ဆိုဒါက....

၆။ လောဘစိတ်။ ၉။ အလောဘစိတ် ။
၇။ ဒေါသစိတ် ။ ၁၀။ အဒေါသစိတ် ။
၈။ မောဟစိတ် ။ ၁၁။ တွေးတောကြံစီစိတ်။

* အိမ်သည်စိတ် နှစ်(၂) ယောက်ဆိုဒါက....

၁၂။ လေကို- သွင်းသောစိတ် ။
၁၃။ လေကို- ထုတ်သောစိတ် ။

ကြီး။ 'အဲဒီစိတ် ၁၃-မျိုးကို ဝိပဿနာ ဘာဝနာ အား ထုတ်တဲ့အခါ ဘယ်လိုနေရာ အသုံးပြုကြသလဲ ခင်ဗျာ'

လှိုင်။ 'စိတ္တာ နုပဿနာမှာ သတိနဲ့ မှတ်ပီး မြင်လာ အောင် ရှုပွါး အားထုတ်ကြရပါတယ်'

ကြီး။ 'ဘယ်လို သတိနဲ့မှတ်ပီး စိတ္တာနုပဿနာကို ရှု ပွါးရသလဲ ခင်ဗျာ'

လှိုင်။ ‘စိတ္တာနုပဿနာကို စိတ္တ ဝိပဿနာနဲ့....

၁။ မြင်စိတ်လာယင် - မြင်စိတ်ကို ရှုလိုက်ရုံပဲ၊
၂။ ကြားစိတ်လာယင် - ကြားစိတ်။ ။
၃။ နံစိတ်လာယင် - နံစိတ် ။ ။
၄။ စားစိတ်လာယင် - စားစိတ် ။ ။
၅။ ထိစိတ်လာယင် - ထိစိတ် ။ ။
၆။ လောဘစိတ်
၇။ ဒေါသစိတ်
၈။ မောဟစိတ် } လာယင် အဲဒီ စိတ်တွေကို ရှုလိုက်ရုံပဲ၊
၉။ အလောဘ
၁၀။ အဒေါသ(နဲ့)
၁၁။ တွေးတောကြံစီစိတ် } တွေ လာယင် အဲဒီစိတ်တွေကို ရှုလိုက်ရုံပဲ၊
၁၂။ လေကို သွင်းတဲ့ - စိတ်လာယင် - ဝင်လေလို့ ရှုလိုက်ရုံပဲ။
၁၃။ လေ ထုတ်တဲ့ စိတ်လာယင် - ထွက်လေလို့ ရှုလိုက်ရုံပဲ’

“ဝေဒနာ”

ဦးထင်ကြီး။ ‘ဝေဒနာဆိုဒါ ဘယ်နှစ်မျိုးရှိပါသလဲ ခင်ဗျား’

လှိုင်။ ‘သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဝေဒနာ ၃-မျိုး ရှိတယ်....

၁။ တခါတခါ ခံသာတဲ့ ဝေဒနာ ပေါ်တယ်
အဲဒီ ခံသာတဲ့ ဝေဒနာကို 'သုခ ဝေဒနာ
လို့ ခေါ်တယ်၊

၂။ တခါ တခါတော့ မခံသာတဲ့ ဝေဒနာ
ပေါ်တယ်၊ အဲဒီ မခံသာတဲ့ ဝေဒနာကို
'ဒုက္ခ ဝေဒနာ' လို့ခေါ်တယ်၊

၃။ မျက်လုံးထဲက မြင်ဒါ၊ နားထဲက ကြားဒါ၊
နှာခေါင်းထဲက နံဒါ၊ ပါးစပ်ထဲက စား
ဒါတွေ၊ ဝမ်းထဲကဖြစ် ဝမ်းထဲက ပျက်ဒါ
ဟာ ဥပေက္ခာ ဝေဒနာတွေပဲ'

ရှိန်။ 'ကိုထွေးလှိုင် ဒီနေရာမှာ ဝေဒနာ လူသတ်
သမား သေမင်းဆိုဒါ နဲ့ ပြောပါရစေ.... ဒီလို
ဦးထင်ကြီး....

* ဒေါမနဿ· ဝေဒနာကြောင့်....
ကိုယ့်ဒေါသနဲ့ ကိုယ် သတ်သေ
ကြတယ်၊

* သောမနဿ- ဝေဒနာကြောင့်....
အပျော် ကျူးလို့ သေကြ
တယ်၊

* မူးမေ့ပြီး သေသွားဒါကတော့ ဥပေက္ခာ
ဝေဒနာ သတ်ဒါပဲ၊

* ဝေဒနာက ဦးယင် ကိုယ် သေပွဲ ဝင်ရမယ်၊

* ကိုယ်က ဝေဒနာကို သတိနိုင်ယင် နိဗ္ဗာန် ရောက်မယ်'

ခင်။ 'ဦးထင်ကြီးက ဝိပဿနာ ဘာဝနာကို ဘာမျှ အားမထုတ်ရသေးတဲ့အတွက် ဝေဒနာ သတိရုံနဲ့ နိဗ္ဗာန် ရောက်တယ်လို့ မပြောနဲ့ ဦးဇာရိုန်'

နိဗ္ဗာန်

ရိုန်။ 'ဒီအယူအဆက လွဲမှားဒါပဲ၊ ဒါန, သီလ, သမထ လောက် သိတဲ့သူကို နိဗ္ဗာန်ကို ကံ-က တိုက်ရိုက် ကျေးဇူးမပြုနိုင်တဲ့ ကိစ္စ ဝိပဿနာ ဉာဏ်ကသာ တိုက်ရိုက် ကျေးဇူး ပြုနိုင်တဲ့ အကြောင်း ပြောပြရတယ်၊ ဒါမှ တရား အား ထုတ်ချင်တဲ့စိတ် ပေါ်လာမှာပေါ့ဗျ'

ကြီး။ 'ဦးဇာရိုန်က နိဗ္ဗာန်ကို ကံ-က တိုက်ရိုက် ကျေးဇူး မပြုဘူး ဆိုဒါ ပြောပါအုံး ခင်ဗျား'

ရိုန်။ ကံ-ကို ပယ်ရန် မလိုပါ၊ ကံ့က ဝေးသော အကြောင်းတွေပါ'

* ဒါနကလဲ- ဒုက္ခဉာဏ် ကို၊ အဝေးကနေ ကျေးဇူးပြုတယ်၊

* သီလကလဲ- ဒုက္ခဉာဏ် ကို၊ အဝေးကနေ ကျေးဇူးပြုတယ်၊

* သမထကလဲ- ဒုက္ခဉာဏ် ကို၊ အဝေးကနေ ကျေးဇူးပြုတယ်၊

၁။ ဒါနက ပေးကမ်းစွန့်ကြဲမှု သဒ္ဓါ ပြဋ္ဌာန်းတယ်။ ဉာဏ်ပါပြန်တော့လဲ ကမ္မဿကတာ

ဉာဏ်လောက်ပဲပါတယ်၊ အဲဒီဉာဏ်က နိဗ္ဗာန် တိုက်ရိုက် ကျေးဇူးမပြုနိုင်ဘူး၊

၂။ သီလကလဲ ကာယကံ၊ ဝစီကံ၊ လုံမှုပဲ၊

၃။ သမထကလဲ တည်ကြည်မှု (သမာဓိ)ပဲ အဲဒီ (၃)ပါးစလုံးက နိဗ္ဗာန်ကို တိုက်ရိုက် ကျေးဇူးပြုနိုင်တဲ့ ဉာဏ်မပါဘူး၊ ဒါကြောင့် ဒါန သီလ သမထက ဒုက္ခဉာဏ်ကို အဝေးက ကျေးဇူးပြုတယ် အားပေးတယ်၊ တိုက်ရိုက် အနီးဆုံး ကျေးဇူးပြုဒါကတော့ ဖြစ် ပျက် မြင်တဲ့ ဝိပဿနာဉာဏ်ဖြစ်တယ်၊ ဒီဉာဏ်ကမှ ဒုက္ခဉာဏ် ဖြစ်တယ်၊ ဒုက္ခဉာဏ်လာမှ နောက်က နိဗ္ဗာန် မြင်တဲ့ ဒုက္ခနိရောဓ ဉာဏ်ပေါ်တယ်၊ ဒါ နိဗ္ဗာန်ရောက်ကြောင်း လမ်းစဉ်ပဲ ဦးထင်ကြီး'

လှိုင်။ 'ဒီနေ့ ဝိပဿနာ ဘာဝနာ အခြေခံ ဆွေးနွေး ခန်း ဒီနေရာမှာ ရပ်ကြရအောင်.... နောက် သီတင်းနေ့ကျတော့ ဆက်ပြီး ဆွေးနွေးကြရ အောင်....ဆက်ဆက်လာကြဗျား'

‘ဝိပဿနာဘာဝနာ လမ်းညွှန်’

ဆွေးနွေးခန်း (၂)

* ဝိပဿနာဘာဝနာဆိုသည်မှာ....

ပညာအမြှုးရှိသော မဟာကုသိုလ်စောကို ဆိုသည်။

* ကိုယ်တွေ့အသိပညာတိုးပွါးအောင် လုပ်သောအလုပ်ကို

ဝိပဿနာဘာဝနာဟူ၍ ခေါ်ဆိုသည်။

# အခန်း (၁၅)

ဦးထွေးလှိုင်။ 'ပြီးခဲ့တဲ့သီးတင်းမှာ ဝိပဿနာ ဘာဝနာ ဆွေးနွေးခန်းတစ်(၁) စခဲ့ပါတယ်၊ ဒီနေ့ ဆွေးနွေးခန်း နှစ် (၂)စပါပြီ....

* စိတ်ကို မလိုချင်အောင် ငြီးငွေ့အောင်....
ဟောနိုင်လျှင် ဓမ္မကထိကကောင်း။

* စိတ်ကို မလိုချင်အောင် ငြီးငွေ့အောင်....
ကျင့်နိုင်လို့ရှိလျှင် ဓမ္မနု ဓမ္မပဋိပတ္တိ ပုဂ္ဂိုလ်။

* စိတ်ကို မလိုချင်အောင် ငြီးငွေ့အောင်....
ဥပါဒါန်စိတ်(နှင့်)ဝဲလန်းမှု၊ ဥပါဒါန်ချုပ်အောင် ရှုနိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်လို့ ရှိယင်၊ ယခုဘဝ နိဗ္ဗာန် ရမည့်ပုဂ္ဂိုလ်လို့ ဆိုရမယ်'

'အခု စတင်ပြီး ဦးဇာရှိန်က မင်္ဂ ကံ ကဲ နိဗ္ဗာန် အကျိုးပေးပုံ ဆွေးနွေးပါလိမ့်မယ်....

ဦးဇာရှိန်။ 'ကံ အမိ၊ ကံ အဖ-လို့ မလုပ်ပါနဲ့။

ဉာဏ် အမိ၊ ဉာဏ် အဖ လို့ လုပ်ကြပါ ပြောကြ ဆိုကြပါ၊

ကံ-က ကိလေသာကို မဖြတ်ဘူး၊ ဉာဏ်က ကိလေသာကို ဖြတ်တယ်၊

ဒါန သီလ ဘာဝနာကိုလုပ်ပါ၊ (သို့သော်) ဉာဏ် ဦးစီးလုပ်ပါ၊

သစ္စာသိပြီး လုပ်ပါ၊ ဝဋ်ပြတ်တဲ့ ကံကိုတော့ လုပ်သာလုပ်ပါ၊

လှူပါ သီလဆောက်တည်ပါ၊ ဝိပဿနာဉာဏ် မင်္ဂဉာဏ်နဲ့တွဲတဲ့ ကံ ကိုလုပ်ပါ။

ကံ ကိုအားကိုးတဲ့ဟာက ကမ္မသာကတ သမာဒိဋ္ဌိ ခေါ်တယ်၊ ဒိဋ္ဌိပါနေယင် ဒိဋ္ဌိက အပါယ်ကို ဆွဲချတယ်။

အဲဒါကြောင့် လှူတဲ့အခါဖြစ်စေ၊ သီလ ဆောက်တည်တဲ့အခါဖြစ်စေ၊ ဉာဏ်အမိ- ဉာဏ်အဖနဲ့ လုပ်ကြပါလို့ တင်ပြဆွေးနွေးခြင်း ဖြစ်ပါတယ်'

ဦးမောင်ခင်။ 'ကျနော် ခန္ဓာငါးပါးကို ဆက်ဆွေးနွေးပါမယ်'

၁။ ရုပ်၊ ၂။ ဝေဒနာ၊ ၃။ သညာ၊ ၄။ သင်္ခါ၊ ၅။ ဝိဉာဏ်ဆိုတဲ့ ခန္ဓာငါးပါး ရှိပါတယ်၊ အဲဒီ ခန္ဓာတွေကို....

'ဝိပဿနာ ဘာဝနာ ရှုပွါးတဲ့အခါ....

၁) ရုပ်က .... အမျိုးမျိုးပြောဒါ
သမာဓိရှိယင် သိနိုင်တယ်၊

၂) ဝေဒနာက .... အမျိုးမျိုးပြောဒါ
သမာဓိရှိယင် သိနိုင်တယ်၊

၃) သညာက .... အမျိုးမျိုးပြောဒါ
သမာဓိရှိယင် သိနိုင်တယ်၊

၄) စေတနာ(သင်္ခါရ)က အမျိုးမျိုးပြောဒါ
သမာဓိရှိယင် သိနိုင်တယ်၊

၅) စိတ် (ဝိညာဏ်) က အမျိုးမျိုးပြောဒါ
သမာဓိရှိယင် သိနိုင်တယ်၊

အဲဒီ ခန္ဓာငါး (၅)ပါးကို အခြေခံသဘောနဲ့ မှတ်ထားဘို့ ဆွေးနွေးပါတယ်။

ဦးထင်ကြီး။ 'ပြီးခဲ့တဲ့ သတင်းနေ့မှာ.... ၁၊ အဓိပတိ ၃-ပါး၊ ၂၊ ရုပ် နာမ် ဖြစ်ပျက်။ ၃၊ ငါဆိုတဲ့စကား ငါး (၅) မျိုး။ ၄၊ လောကုတ္တရာ သမာဓိ။ ၅၊ အရှင်အာနန္ဒာ ရဟန္တာ ဝိပဿနာ ကျင့်ကြံ အားထုတ်ပုံ။ ၆၊ ပုထုဇဉ်စိတ် ၁၃-မျိုး။ ၇၊ ဝေဒနာသုံး(၃)မျိုး။ ၈၊ ဝေဒနာလူသတ်သမား။ ၉၊ ကံသည် နိဗ္ဗာန်ကို တိုက်ရိုက် အကျိုးမပေး စတဲ့ တရားများကြားနာရပါတယ်'

'ဒီနေ့ ဉာဏ်အမိ ဉာဏ်အဖလုပ်ကြဖို့နဲ့ ခန္ဓာငါး (၅)ပါးဆိုဒါ ကြားနာရပါပြီ၊မေတ္တာရပ်ခံ

ချင်ဒါကတော့ ဝိပဿနာ ကျင့်စဉ် (နဲ့) ရှုပွါး
နည်း အလုပ်ပေးတရားကို ဆွေးနွေးကြဘို့ပါပဲ'

လှိုင်။ 'ကြွရောက်လာကြတဲ့ ယောဂီ ပုဂ္ဂိုလ် များထဲက
တရားထိုင်ဘူးကြတဲ့သူ ဆိုယင် ကိုယ်တွေ့ တရား
ထိုင်ကာစ အကြောင်း ပြောကြားပေးဘို့မေတ္တာ
ရပ်ခံပါတယ်'

ဦးကျော်မြတ်။ 'ကျနော်ကပဲ ကုသိုလ်ရအောင် ပြောပြပါ့မယ်၊
တရားထိုင်ကာစ တရားထိုင်ရဒါ ကြာလာတော့၊
ရုပ်တွေဟာ ဖေါက်ပြန် ပျက်စီးလာပြီး ဝေဒနာ
တွေ ပေါ်လာပါတယ်'

'ဘယ်လို ဝေဒနာတွေလဲ ဆိုတော့ ကာ
တောင့်လာပါတယ်၊ ညောင်းလာပါတယ်၊ ကြာ
ကြာ ဖိထိုင်နေတော့ကာ၊ ထုံကျင်ကိုက်ခဲလာပါ
တယ်၊ အဲဒီ အချိန်မှာ ဝေဒနာကို ဆက်မလိုက်
တော့ပဲ ပြုပြင်ပေးလိုက်ပါတယ်'

'ကျနော့် ကမ္မဋ္ဌာန်းဆရာက တရားထိုင်ကာ
စမို့ ဝိပဿနာဘာဝနာရှုဆိုဒါ ကိုယ်က လိုက်ပြီး
ဝေဒနာကို တမင်္ဂလာ လုပ်မယူရဘူး ရှာပြီး မရှုရ
ဘူး၊ စောင့်ပြီး ပေါ်ရာကို ရှုရမည်၊ ရှာရှုလျှင်
ပညတ်၊ ပေါ်ရာရှုမှ ပရမတ် ဖြစ်တယ်လို့ ပြော
ပါတယ်'

'နောက် တရား ထိုင်ဒါ ရက်ကလဲ ကြာ
သမာဓိကလဲ ရလာတော့ တနာရီလောက်ထိုင်တဲ့
အချိန် အတွင်းမှာ ပေါ်လာတဲ့ ဝေဒနာတွေကို

ဖြစ်ပျက်နဲ့ပဲ ပျောက်သွားပြီး ဥာဏ်စဉ် ရခဲ့ဒါပါပဲ၊ တရားထိုင်ကာစ ကိုယ်တွေ့ကတော့ ဒီလောက်ပါပဲ'

လှိုင်။ 'အခု ဆက်ပြီး ဦးဇာရှိန်က ဝိပဿနာ ဘာဝနာ ကျင့်စဉ်ကို ပြောကြားပါလိမ့်မယ်'

ရှိန်။ 'ကျုပ်ရိပ်သာက ဝိပဿနာ ဘာဝနာ အားထုတ်ပြီး ပြန်လာတော့ ခင်ဗျား ဘာ ဂုဏ်တော်တွေများ ရွတ်ဖတ်ခဲ့သလဲလို့ မေးတဲ့သူကမေးတယ်' (ယောဂီ အားလုံး ပြုံးမိကြဟန် ရှိသည်)

ဦးဇာရှိန်။ 'ဝိပဿနာ ဘာဝနာကျင့်စဉ်ဆိုဒါကတော့ တိုတိုကလေးပါ'

၁။ တင်ပလ္လင်ခွေထိုင်တယ်၊ နောက် လက်နှစ်ဖက် ဒူးခေါင်းပေါ်တင်ပြီး လက်ဖဝါး မှောက်ထားတယ်။

၂။ မျက်စိ မှိတ်လိုက်တယ်။

၃။ စိတ်ကလေးကို ငြိမ်အောင်ထားပြီးတော့ ဝမ်းဗိုက်ကို စိတ်နဲ့ အာရုံပြုလိုက်တယ်၊ နောက်.... အသက်ရှူသွင်းလိုက်တဲ့အခါ ဖေါင်းတက်လာဒါသိတယ်၊ 'ဖောင်းတယ်'လို့ တခါပဲ မှတ်လိုက်တယ်၊ အသက်ရှူလိုက်တဲ့အခါ ပိန်ကျသွားဒါသိရတယ်၊ 'ပိန်တယ်'လို့ တခါပဲ မှတ်လိုက်တယ်၊ ဖေါင်းတယ် ပိန်တယ်လုပ်ဒါနဲ့ ဝိပဿနာဘာဝနာအားထုတ်တယ်လို့ ပြောရတော့မသား

လို့ မေးနိုင်ပါတယ်၊ 'အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ၊ အနိစ္စ၊ ဒုက္ခ အနတ္တ အသိဉာဏ်တွေ ကောင်းကောင်းသိအောင် ပြည့်စုံအောင် ရှုမှတ်ကြမယ်'

'ကြောင်းကျိုးအမှန်၊ ရုပ် နာမ်ဖြစ်ပျက်၊ ဒုက္ခစက်ကို ကွက်ကွက်ကွင်းကွင်း ထင်လင်းမှုသာ ဝိပဿနာ'ဆိုဒါလဲ သိကြရပါမယ်။

ကဲ....အဲဒါတွေသိအောင် ဘာလုပ်ကြမလဲလို့ဆိုတော့ကာ 'ဖောင်းတယ် ပိန်တယ်'ကပဲစပြီး သမာဓိရအောင် ကျင့်ကြံအားထုတ်ကြရမယ်' 'ဖောင်းတယ် ပိန်တယ်' ကလေးလုပ်ဒါနဲ့များ သမာဓိရမယ်ဆိုယင် အခုထပြီးတော့ လုပ်ချင်ပါသေးတယ်လို့ စိတ်ထဲက ပြောချင် ပြောနေကြပါလိမ့်မယ်'

'စိတ်ထဲက ပြောမနေကျပါနဲ့၊ သမာဓိတည်အောင် ဒီနေရာမှာပဲ(၁၅)မိနစ်ခန့် 'ဖောင်းတယ် ပိန်တယ်'လုပ်ကြည့်၊ ဖောင်းတယ် ပိန်တယ်လုပ်တဲ့အချိန်ကလေးမှာ ကိုယ့်စိတ်ကိုတော့ ဘယ်မှထွက်မသွားအောင် ထိန်းကြရမယ်'

တရားထိုင်စ တောင့်လာတယ်၊ ညောင်းလာတယ်၊ ထုံကျင်လာတယ်ဆိုတဲ့ဝေဒနာတွေ ပေါ်လာမှာ အမှန်ပဲ၊ အဲဒီလိုပေါ်လာတဲ့ ဝေဒနာတွေကို ဖြစ်ပြီး ပျက်သွားမှာပဲလို့ အသိစိတ်

အသိဉာဏ်ရှိလာအောင် သိခံပြီး ဆက်တရားထိုင်နိုင်တဲ့သူများကို လာမည့် သီတင်းမှာ ဆက်ဆက်ကြွလာကြပါ၊ ဝိပဿနာ ဘာဝနာအလုပ်ပေးတရားတော် ကက်ဆက်ဖွင့်ပြီး ကြားနာဘို့ စီစဉ်ပေးမဲ့အကြောင်း မှာကြားပြီး ကျေနော်ဆွေးနွေးခန်း ရပ်နားပါရစေ'

လှိုင်။ 'ဝိပဿနာဆိုဒါ ရှုတ်ရုံ၊ အံရုံ ဖတ်ရုံမျှနဲ့ မသိနိုင်ပါဘူး၊ ကိုယ်တိုင်လုပ်ကြည့်မှ သိနိုင်ပါတယ်၊ အခု ဦးဇော်ရှိန်ပြောဒါ ကလေးလောက်ပဲ အိမ်မှာ စမ်းကြည့်ကြပါ၊ ဒီနေ့ ဒီမှာပဲ ဆွေးနွေးခန်း ပြီးဆုံးပါပြီ ခင်ဗျား'

* * *

‘ဝိပဿနာ ဘာဝနာ ရှုပွားနည်း’

ကလျာအပိုင်း (က)

* စိတ်-စိတ်ချင်း ရှုပွါးနည်း။

* **အသေကိုအရှင်က** ရှုပွါးနည်း။

* အနိစ္စ ရှုပွါးနည်း။

* သင်္ခါရ ရှုပွါးနည်း။

* အရှုခံတရားနှဲ့ - အရှုတရား။

* မဂ္ဂင်ငါးပါး .... ဟောပြခန်း။

* *

# အခန် (၁၆)

ဝိပဿနာ ဦးပိုင်။

'ဒီဓမ္မာရုံမှာ ဝိပဿနာ ဘာဝနာ အခြေခံ ဆွေးနွေးပွဲ ကျင်းပခဲ့ဒါ နှစ်ကြိမ်ရှိခဲ့ပါပြီ၊ ဒီနေ့ ဝိပဿနာ ဘာဝနာရှုပွါးနည်း ကဏ္ဍ (က)ကြီး စပြီး ဟောကြားပါမယ်'

'ရှေးတုန်းက ဘုရားရဟန္တာ ပုဂ္ဂိုလ်တွေ နိဗ္ဗာန်သွားကြတယ်ဆိုဒါလဲ ဒီ ဝိပဿနာလမ်းကချည်း သွားရဒါပဲ'

'ဝိပဿနာ မပါပဲနဲ့ နိဗ္ဗာန်ကို မသွားနိုင်ဘူး၊ တရားနာနေယင်း မဂ်ဖိုလ် နိဗ္ဗာန်ရောက်သွားတယ် ဆိုဒါတွေလဲ နဲနဲတော့ ရှုမှတ်သွားရသေးဒါပဲ'

'ဒါကြောင့် ဝိပဿနာဆိုဒါ အားလုံးသော ရဟန္တာ အရိယာပုဂ္ဂိုလ်တွေ နိဗ္ဗာန်သွားတဲ့မဟာ လမ်းမကြီးပဲလို့ သိထားကြပါ'

'ဒီ မဟာလမ်းမကြီးကို အစဥ်အတိုင်း လျှောက် သွားလို့ ရှိယင် ရှေးက ဘုရားရဟန္တာ အရိယာ ပုဂ္ဂိုလ်တွေ တွေ့သိထားတဲ့ သမာဓိဥာဏ် အထူး တွေကို ကိုယ်တိုင် တွေ့ရဘော့မှာပဲ၊ ဘယ်တော့ ကမှ မတွေ့ဘူးသေးတဲ့ စိတ်တည်ကြည်မှု သမာဓိ တွေကိုလဲ တွေ့ရမယ်၊ အဲဒီ သမာဓိတွေကြောင့် ဖြစ်ပေါ်လာတဲ့ တရား အရသာထူးတွေကိုလဲ အများကြီး တွေ့သွားနိုင်ပါလိမ့်မယ်'

'နောက်– အပါယ်ကျစေနိုင်တဲ့ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာတွေကင်းလို့ အပါယ်သံသရာကြီးမှ လွတ်မြောက် သွားရပေတော့မယ် တသံသရာလုံး လျှောက်ပြီး တွေ့သွားရမဲ့ အပါယ် ဆင်းရဲတွေမှ ဝိပဿနာ ဘာဝနာ အားထုတ်ပြီး လွတ်မြောက် သွားရတော့မယ်လို့ ယုံကြည် စိတ်ချပြီးတော့ တရားအားထုတ် ကြားနာ ကျင့်ကြံ သိမြင်ကြရ အောင် ရှုကြပါကုန်'

'ယောဂီကြီး ဦးထွေးလှိုင် ဝိပဿနာ ဘာဝနာ အားထုတ်ဖို့ စိတ် ဆုံးဖြတ်ပြီးပြီလား'

ဦးထွေးလှိုင်။ 'မှန်ပါ့ ဆရာကြီး'

ပိုင်။ 'ဦးထင်ကြီးကော'

ဦးထင်ကြီး။ 'စိတ်ကတော့ ရှိပါတယ်၊ စိတ်နောက်ကလိုက်ဖို့ လိုနေပါတယ်'

ပိုင်။ 'ရှေ့စိတ် ဖြစ်ပျက်ကို-
နောက်စိတ်က ရှုတတ်ရမယ်'

ကြီး။ 'ဘယ်လို ရှုရပါ့မလဲ ဆရာကြီး'

ပိုင်။ 'စိတ်နှစ်ခု ပြိုင်တူ မဖြစ်နိုင်ဘူးဆိုဒါ မှတ်-

* တစိတ် ချုပ်ပြီးမှ တစိတ်ဖြစ်တယ်၊

* အဲဒီစိတ်တွေကို ဝိပဿနာ အားထုတ်ကာစ ယောဂီ ပုဂ္ဂိုလ်တွေဟာ ခပ်ကျဲကျဲ တွေ့ရတယ်၊

* ဒါပေမယ့် ဒို့ပါရမီ မရှိသေးလို့ မတွေ့သေးတာလို့ မအောက်မေ့ရဘူး၊ ဥပမာကတော့.... ထမ်းလျက်ကျိုသလိုမကျသေးလို့ ဆေးဘက် မဝင်သေးဒါပဲလို့ အောက်မေ့ပါ၊ ထမ်းလျက်ကျအောင် ကျိုရသလို ရှေ့စိတ် နောက်စိတ် ဖြစ်ပျက်ကိုလဲ မရင့်သေးလို့ မတွေ့ဒါ၊ ရင့်ကျက်လာအောင် ကြိုးစားရှုမယ်လို့ စိတ်ကိုတင်ထား၊ စိတ်ကို ဝိပဿနာအသိနဲ့ ရှုပါများတော့ ရင့်လာဒါကို မြင်လာလိမ့်မယ်၊ သေသေချာချာ မြင်တယ်ဆိုဒါ တွေ့လိမ့်မယ်'

ကြီး။ 'ပုထုဇဉ်စိတ် ၁၃-မျိုးကို ဝိပဿနာ ဘာဝနာနဲ့ မြင်အောင် အားထုတ်ရမှာလား ဆရာကြီး'

ပိုင်။ 'အဲဒီစိတ် ၁၃-မျိုးနဲ့ မိမိတကိုယ်လုံးမှာ ဖြစ်ပျက် ဆိုဒါ မြင်လာအောင် ကြိုးစားရမယ်၊ ဖြစ်ဒါ ပျက်ဒါ စိတ်သိဒါနဲ့-

'ယထာဘူတ ဉာဏ်၊ ဟုတ်တိုင်းမှန်ရာ၊ သိတဲ့ ဉာဏ် ပေါ်လာပါလိမ့်မယ်'

'အဲဒီနောက် ငြီးငွေ့ မုန်းတီးလာတဲ့ ဉာဏ် ပေါ်လာတဲ့အခါ အဲဒီဉာဏ်ကို နိဗ္ဗာန်ဉာဏ် လို့ မှတ်ပါ'

'စိတ်....စိတ်ချင်း ရှုဆိုဒါ တိုတို ရှင်းရှင်း လေးပဲ၊ ဒါကို သဘောပေါက်အောင် ယထာဘူတဉာဏ်နဲ့ ကျင့်ကြံအားထုတ်ယင် ဝိပဿနာ ဘာဝနာကို သက်သက်သာသာနဲ့ အားထုတ်နိုင်ပါလိမ့်မယ်'

လှိုင်။ 'ကျနော် ဝိပဿနာ ဘာဝနာ လမ်းညွှန်ဆွေးနွေး ခန်းမှာ ကြိုတင် ဆွေးနွေးခဲ့တဲ့ စိတ်အကြောင်းကို ကြားနာလိုက်ရတဲ့ ယောဂီပုဂ္ဂိုလ်များအတွက် ဒီနေရာမှာ ကျေးဇူးတင်ကြပါလိမ့်မယ်'

ခင်။ 'သာဓုပါ ဦးထွေးလှိုင်'

ပိုင်။ 'အခုဆက်ပြီး 'အသေကို အရှင်က' ရှုပွါးနည်း ဟောပါမယ်'

ကြီး။ 'လူသေကို လူရှင်က ကမ္မဋ္ဌာန်း ရှုနည်းလား ဆရာကြီး'

လှိုင်။ 'ဟုတ်ပါတယ် ဦးထင်ကြီးရယ်၊ ဒီလောက်ထိ မေးနေစရာ မလိုပါဘူး'

ဦးထင်ကြီး။ ‘မသိမေး မစင်ဆေးတဲ့ ဦးထွေးလှိုင်’

ပိုင်။ ‘အမေးရှိမှလဲ ကောင်းပါတယ်၊ မေးတဲ့သူရှိတော့ ဖြေတဲ့သူ ဖြေရဒါပေါ့....

* အသက်ရှင်နေတဲ့ ပုဂ္ဂိုလ်သည် စိတ်တခု တည်းနဲ့ အသက် ရှင်နေ၏၊ ဒီရှင်နေတဲ့ စိတ် ချုပ်သွားယင် ဒီလူ သေဒါပဲ၊
* အဲဒီ အသေကို အရှင်က နေပြီး ဖြစ် ပျက် ကြည့်တတ်ယင် ဝိပဿနာလို့ ခေါ်တယ်၊
* အသေကို အရှင်ကနေ ရှုဖန်များလာ တော့ မုန်းလာလိမ့်မယ်၊
* မုန်းလာတဲ့ ပုဂ္ဂိုလ်ဟာ ဒီအသေမျိုး၊ ဒီစိတ်မျိုးတွေ ဒီလို သေနေဦးမှာပဲ ဆို တော့၊
* စိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာကို မလိုချင်တော့ ဘူး၊
* မလိုချင်အောင်ကျင့်နိုင်တဲ့ ယောဂီပုဂ္ဂိုလ် ဟိုသည် ဓမ္မာနုဓမ္မပဋိပတ္တိ ပုဂ္ဂိုလ် ဖြစ်ပီ’ ‘ဦးထွေးလှိုင် အသေကို အရှင်ရှုတဲ့အခါ ဖြစ် ပျက်ပဲ မြင်မယ် မဟုတ်လား’

လှိုင်။ ‘မှန်ပါတယ် ဆရာကြီး’

ကြီး။ ‘ဆွေးနွေးခန်း (၁) မှာ ‘ဦးထွေးလှိုင် ပြောခဲ့တဲ့ ဝိပဿနာ ရှုတယ်ဆိုဒါ ရုပ် နာမ်ဖြစ်ပျက်ကိုတွေ့

မြင် သိရမယ်၊ မိမိ ခန္ဓာ- ဖြစ်-ပျက်-ဒုက္ခစက်ကြီး လယ်နေဒါ သိရမယ်၊ ဒီအသေကို အရှင်က ရှု ဆိုတဲ့ ကဏ္ဍမှာ ဉာဏ်မြင်ရမှာပေါ့နော်'

လှိုင်။ 'ဟုတ်ပါတယ်ဦးထင်ကြီး' (မျက်နှာကြီးပြုံးအောင် ပြုံးလိုက်၏)

ပိုင်။ 'အနိစ္စဆိုဒါ သိကြရမှာပဲမဟုတ်လား ဦးဇာရှိန်'

ရှိန်။ 'မှန်ပါတယ် ဆရာကြီး'

ပိုင်။ 'ဝိပဿနာဘာဝနာ အားမထုတ်ခင်အချိန်မှာတော့ သမုတိနယ် ငါ- သူတပါး၊ ယောကျ်ား မိန်းမ ဆိုဒါ သညာ အနေနဲ့ ရှိနေဒါပဲလို့ မှတ်ကြ ဘယ်'

* 'ဝိပဿနာတရား အားထုတ်တဲ့အချိန်မှာ ဘာမျှမရှိ၊ ရုပ်-နာမ်-ဖြစ်-ပျက် ပဲ ရှိတယ် လို့ သိနေကြရမယ်'

* တရားအားမထုတ်သူတွင် ဒိဋ္ဌိစွဲ၊ ငါ (နဲ့) တဏှာ မာနစွဲ ၂-(နှစ်)မျိုး ရှိတယ်။ ဝိပဿနာ ဘာဝနာ ရှုပွါးတဲ့အခါ စိတ် ဖြစ်စေ၊ ဝေဒနာ ဖြစ်စေ၊ ရုပ် ဖြစ်စေ ပေါ်ရာကိုရှု၊ ဒီတရားဟာ ဖြစ်ပြီး ပျက် နေတဲ့ တရားလို့

* အနိစ္စ လို့ရှု

* အနိစ္စ လို့မှတ်

* အနိစ္စ လို့ ဖြစ်ပြီး ပျက်သွားပါက
လားလို့သိဖန်များတဲ့အခါဉာဏ်
ထဲမှာအနိစ္စသာရှိဒါပါပဲလို့ဆုံးဖြတ်
ချက်ချပါ၊ဆုံးဖြတ်ချက်လဲချပြီး
ရော ကိုယ့်ဉာဏ်က အနိစ္စချည်း
ဉာဏ်က သက်ဝင်သွားဒါပဲ၊
'ဦးဇာရှိန် သဘောပါရဲ့လား'

ဦးဇာရှိန်။ 'ဆရာကြီးပြောဒါ ဟောဒါက လိုရင်း တိုတိုရှင်း ရှင်းပဲ ကောင်းပါတယ်'

ပိုင်။ 'အခု သင်္ခါရကို သင်္ခါရချင်းရှုနည်း ဟောမယ်'

ရှိန်။ 'ဟုတ်ကဲ့ ဆရာကြီး'

ပိုင်။ 'သင်္ခါရေ သင်္ခါရာ ဝိပဿန္တိ၊

* ဤ သင်္ခါရတရားကို

* ဤ သင်္ခါရတရားနှင့် ရှုတာဖြစ်သည်။
'ဖဿ ပစ္စယာ ဝေဒနာ သည်၊ မျက်လုံး ထဲက ပေါ်သည်။

သင်္ခါရ တရားဖြစ်သည်၊
အဲဒီ သင်္ခါရကို မနော သင်္ခါရက နေပြီး၊
'ရှုပေး ကြည့်ပေး' ထိုအခါ....

* သင်္ခါရကို သင်္ခါရချင်း ရှုတယ်လို့ ဆိုတယ်၊

* သင်္ခါရကို သင်္ခါရချင်း ရှုတယ်ဆိုမှ နှစ်ဖက် ဒိဋ္ဌိ ကုန်တယ်၊

* အရှုခံ သင်္ခါရကို ရှုဉာဏ် သင်္ခါရက ရှုရမည်၊
* ရှုဉာဏ် သင်္ခါရထာ ရှုမည် ဆိုတော့....
* အရှုခံ သင်္ခါရဟာ သင်္ခါရ မဟုတ်ဖေတော့ဘူး၊
* အနိစ္စ အဖြစ် ရောက်ပြီး အရှုခံတယ်၊
* ရှုဉာဏ်က သင်္ခါရ အဖြစ်နဲ့ ရှုတယ်၊
* အရှုခံ သင်္ခါရက အနိစ္စ အဖြစ်နဲ့ အရှုခံတဲ့ အခါ ရှုဉာဏ် သင်္ခါရက သင်္ခါရ အဖြစ်နဲ့ ရှုတယ်၊

* အနိစ္စာဝတ သင်္ခါရာ ဥပ္ပါဒ ဝယ ဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ တေသံ ဝိပ သမော သုခေါ။
'သင်္ခါရ တရား များသည် မမြဲ၊ ဖြစ်ခြင်း ပျက်ခြင်း သဘော ရှိ၏၊ ဖြစ်ပြီး ပျက်တယ် ထိုဖြစ်ပျက် နှစ်ခု မရှိခြင်းသည် ငြိမ်းချမ်းရာ နိဗ္ဗာန် ဖြစ်၏'
'အနိစ္စနဲ့ သင်္ခါရ ကွဲပုံ တွဲပုံ ပေါ်ရဲ့လား ဦးမောင်ခင်'

ခင်။ 'ပေါ်ပါတယ် ဆရာကြီး'

ဝိပဿနာ ဦးပိုင်။

'ဆက်ပြီး 'အရှုခံတရားနဲ့ အရှုတရား' ဟောမယ်၊ မှတ်ထားကြ....

၁။ ဖြစ်ပျက်က အနိစ္စ အရှုခံတရား၊
ရှေ့မှ ဖြစ်ပီး ပျက်သည့် အနိစ္စက အရှုခံ တရား။

၂။ ရှုတာက မဂ္ဂ၊
နောက်က ဖြစ်ပျက်ကို သိလိုက်တာကမဂ္ဂ၊

'အရှုခံ တရား ငါးပါး'

၁) စိတ်၊ ၂ ရုပ်နာမ်၊ ၃) သင်္ခါရတန၊
၄) ဖဿ၊ ၅) ဝေဒနာ-ပဋိစ္စ သမုပ္ပါဒ်အစဉ်၊

'ရှုသည့်တရား ငါးပါး'

၁) သမ္မာဒိဋ္ဌိ၊ ၂)သမ္မာသင်္ကပ္ပ၊ ၃) သမ္မာ ဝါယမ၊ ၄) သမ္မာသတိ၊ ၅) သမ္မာ သမာဓိ။

ကြီး။ 'မှတ်သား ပီးပါပီ ဆရာကြီး'

ပိုင်။ 'ဝိပဿနာ ရှုက နိဗ္ဗာန်ရနိုင်သည်၊ ရှေ့က ဝိပဿနာ မဂ်ငါးပါးနဲ့ ရှုက နောက်မှ လောကုတ္တရာမဂ် ရှစ်ပါး အလိုလို လိုက်ပါလိမ့်မယ်၊ ရှေ့က ဝိပဿနာ မဂ်ငါးပါးနဲ့သာရှုပါ၊ နောက်က မဂ္ဂင်ရှစ်ပါး သောတာပန်ဖြစ်သည့် မဂ်က အလိုလို လိုက်ပါလိမ့်မယ်'

'ရှေ့မဂ်က ဒုက္ခသစ္စာ မြင်သည်၊ ထိုနောက် ဝိပဿနာ မဂ် တွေ အားကြီးလာယင် မဂ္ဂင် ရှစ်

ပါး ပေါ်လာတယ်၊ မဂ္ဂင်ရှစ်ပါးက နိဗ္ဗာန်မြင်သော ဉာဏ်ဖြစ်သည်၊ ရှေ့ပိုင်းက ဝိပဿနာမဂ်မပါပဲနဲ့ နောက်ပိုင်းက လောကုတ္တရာမဂ်မလာနိုင်ပါ၊ လောကုတ္တရာ မဂ်မလာပဲ နိဗ္ဗာန်မမြင်နိုင်ပါ'

ကြီး။ 'ဝိပဿနာမဂ် နဲ့ လောကုတ္တရာ မဂ် ရှင်းပြပါဆရာကြီး'

ပိုင်။ 'ဝိပဿနာ မဂ်သည်၊ ဖြစ် ပျက်ကိုမြင်သည်၊ သူရင့်လာယင် မဂ္ဂင်ရှစ်ပါးပြည့်သည့်လောကုတ္တရာမဂ် ဖြစ်သည်၊ ထိုအခါ နိဗ္ဗာန်ကိုသာ မြင်သည်၊ နိဗ္ဗာန် မြင်လို့ ရှိယင်၊ သောတာပတ္တိ မဂ်အစစ်ဖြစ်ပီလို့ မှတ်ပါ'

၁။ ဝိပဿနာ ဉာဏ်နဲ့ ဖြစ် ပျက် မြင်အောင်ရှု၊
၂။ ရှုပါများလို့ ရင့်လာယင် နိဗ္ဗာန် မြင်သော မဂ္ဂင်ရှစ်ပါး ဖြစ်လာလိမ့်မယ်၊
၃။ ဝိပဿနာ ဉာဏ်သည် မဂ်ဉာဏ်ကို ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက် ပြုနိုင်သည့်လို့ နားလည်ရမယ်၊

၁) နံပါတ်က ဝိပဿနာဉာဏ်၊
၂) နံပါတ်က မဂ်ဉာဏ်၊

* နံပါတ်၁၊ အားထုတ်လျှင်....
* နံပါတ်၂၊ သည် အလိုလို ပြီးမည်။

* ဝိပဿနာဉာဏ်က မဂ္ဂင်ငါးပါး၊ ဖြစ်ပျက်မြင်တယ်ဆိုယင်၊ ကိုယ့်ဝမ်းထဲမှာ မဂ္ဂင်ငါးပါး ကိုယ်ပိုင်ရပီလို့ အောက်မေ့ပါ၊
* ဖြစ်ပျက် ဆုံးပီလို့ဆိုယင် သောတာပတ္တိမဂ် ရပီလို့ အောက်မေ့ပါ၊ သောတာပတ္တိ မဂ် ဆိုသည်မှာ၊ မဂ္ဂင်ရှစ်ပါး ဖြစ်တယ်၊
* မိမိ ခန္ဓာကိုယ်ကြီး ကြည့်ကြည့် ဝေဒနာ ကြည့်ကြည့် စိတ်ကြည့်ကြည့်၊ ရုပ် ဖြစ် ပျက် မြင်တယ်၊ ဖြစ် ပျက်ချည်း မြင်ဒါက ဝိပဿနာ ဉာဏ်ဖြစ်တယ်၊

ဝိပဿနာဉာဏ်မှာ မဂ္ဂင် ငါးပါး ရှိသေးတယ်'

* အဲဒီဉာဏ်ရပီး ရင့်လာလို့ ဖြစ်ပျက်တွေ မြင်ပါများလာသောအခါ ဖြစ်ပျက်တွေဟာ ဖျတ်ကနဲ ရှုယင်း မတ္တ ပျောက်လိမ့်မယ်၊ အဲဒီလို ပျောက်ကွယ်သွားဒါကို ဖြစ် ပျက် ဆုံးသည်လို့ ဆိုတယ်။

သောတာပတ္တိ မဂ်ဉာဏ်ရယင် အပါယ် တံခါး ပိတ်တဲ့ဉာဏ် ရပီလို့ မှတ်ပါ။

* နိဗ္ဗာန်မြင်ဒါက နှစ်ဉာဏ်နဲ့ မြင်တယ်၊
* ဖြစ် ပျက် မြင်ဒါက နံပါတ် ၁) ဝိပဿနာ ဉာဏ်ဖြစ်တယ်၊

* ဖြစ် ပျက် ရှုယင်း မတ္တနဲ့ ပျောက်လွယ်သွား
ပြီး၊ ၂-မိနစ်၊ ၃-မိနစ် ကျအောင်၊ ဖြစ် ပျက်
တွေဆုံးသွားဒါ မြင်တဲ့ဉာဏ်က ၂-နံပါတ်၊
မဂ်ဉာဏ်ဖြစ်တယ်။

ဒီနေ့တော့ ဒီနေရာမှာ ရပ်ကြရအောင် ဦး
ထွေးလှိုင်'

လှိုင်။ 'အခု ဆရာကြီး ပြောကြားတဲ့ ဝိပဿနာ ဉာဏ်
နဲ့ မဂ်ဉာဏ်ဆိုဒါက တရားအားထုတ်လို့ ရင့်
လာတဲ့အခါမှာ တွေ့ကြုံရမယ့် လမ်းတွေပါပဲ၊
ဒါပေမယ့် အခုလို ကြားနာရတဲ့ အကျိုးကျေး
ဇူးတွေဟာ နောင်တချိန် ယောဂီ ပုဂ္ဂိုလ်များ
အတွက် အဖိုးမဖြတ်နိုင်တဲ့ တရားထူး တရားမြတ်
ခံစားရပါလိမ့်မယ်၊ မှာကြားယင်း ကျနော်တို့
ဓမ္မာရုံမှာ ဝိပဿနာ အခြေခံ ဆွေးနွေးပွဲ ပြီး
ဆုံးကြောင်း ကြေညာလိုက်ပါတယ် ခင်ဗျား'

ပိုင်။ 'ယခု ဟောပြခဲ့တဲ့နည်း အမြွက်နဲ့အညီ ဝိပဿနာ
လုပ်ငန်းစဉ်ကို မှန်ကန်စွာ အားထုတ်နိုင်ကြ၍
ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်
တရားတော်မြတ်ကို မဂ်ဉာဏ် ဖိုဉာဏ်တို့ဖြင့်
လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြ
ပါစေ'

* *

## ‘ဝိပဿနာ ဉာဏ်စဉ်များ’

၁။ သမ္မသနဉာဏ် - လက္ခဏာရေး သုံးပါးကို ဆင်ခြင်သော ဉာဏ်။

၂။ ဉဒယဗ္ဗယဉာဏ် - ဖြစ် ပျက် ကို မြင်သော ဉာဏ်။

၃။ ဘင်္ဂဉာဏ် - အပျက်ကိုသာ မြင်သော ဉာဏ်။

၄။ ဘယဉာဏ် - အပျက် ကိုမြင်၍ ကြောက်သောဉာဏ်။

၅။ အာဒီနဝဉာဏ် - အပြစ် ကို သာ မြင် သော ဉာဏ်။ (ဝါ)ဘေးရန် မြင်သောဉာဏ်။

| | | | |
|---|---|---|---|
| ၆။ | နိဗ္ဗိန္ဒဉာဏ် | - | ငြီးငွေ့သော ဉာဏ်။ |
| ၇။ | မုစ္စိတုကမျတာဉာဏ် | - | ကျွတ်လို လွတ် လို သော ဉာဏ်။ |
| ၈။ | ပဋိသင်္ခါဉာဏ် | - | လက္ခဏာရေး ၃ ပါးကို တဖန်ပြန်၍ ဆင်ခြင်သော ဉာဏ်။ |
| ၉။ | သင်္ခါရုပေက္ခာဉာဏ် | - | သင်္ခါရတို့၌လျစ်လျူရှုသော ဉာဏ်။ |
| ၁၀။ | အနုလောမဉာဏ် | - | လောကုတ္တရာဘက် သို့ ရောက်ခါနီးဉာဏ်။ စသည့် ဆယ်ပါးသော ဉာဏ်တို့ သည်၊ ဝိပဿနာဉာဏ် အကျယ် (၁၀)ပါးတည်း။ |

* * *

## 'ဝိပဿနာဉာဏ် - အကျဉ်း ၂ - ပါး'

၁။ ယထာဘူတဉာဏ်။ ၂။နိဗ္ဗိန္ဒာဉာဏ်

၁။ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်....
ဤသုံး(၃)ပါးကို ယထာဘူတဉာဏ်သွင်းပြီး။

၂။ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ မုစ္စိတုကမျတာ၊ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာနှင့် အနုလောမဉာဏ်....
ဤခြောက်(၆)ပါးတို့ကို နိဗ္ဗိန္ဒာဉာဏ်သွင်းက ဝိပဿနာဉာဏ် အကျဉ်း၂ပါး ရ၏။

'အနိစ္စဉာဏ်၊ဒုက္ခဉာဏ်၊အနတ္တဉာဏ်တို့ကို မထင် ထင်အောင် စဉ်းစား ရှုဆင်ခြင်သည်ကို သမ္မသနဉာဏ် ဆိုသည်။သမ္မသန ဉာဏ်အား ကြီးလျှင် အထက်ဉာဏ်တို့ အလိုလိုပေါ်၍ လာလိမ့်မည်။

## ‘ဝိပဿနာဉာဏ် အလတ်ခြောက်(၆)ပါး

## (လောကီဘက်မှ)

၁။ နာမရူပပရိစ္ဆေဒဉာဏ်

၂။ ပစ္စယပရိဂ္ဂဟဉာဏ်

၃။ အနိစ္စဉာဏ်

၄။ ဒုက္ခဉာဏ် ။

၅။ အနတ္တဉာဏ်။

၆။ နိဗ္ဗိန္ဒဉာဏ် ။ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ အနိစ္စဉာဏ် ဒုက္ခဉာဏ်နှင့် အနတ္တငါးပါးကို ယထာဘူတဉာဏ်ဟူ၍ ဆိုရသည်။

## 'ဝိပဿနာဉာဏ်သုံး(၃)ပါး'

## (လောကုတ္တရာဘက်မှ)

၁။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်။

'လောကီဘက်မှ ဝိပဿနာဉာဏ် ခြောက်(၆)ပါး
'လောကုတ္တရာဘက်မှ ။ ။ သုံး(၃)ပါးပေါင်း
ကိုး(၉)ပါး ဖြစ်သည်။

* * *

## 'အောက်ဉာဏ်(နှင့်)အထက်ဉာဏ်'

'အောက်ဉာဏ် - နာမရူပ ပရိစ္ဆေဒဉာဏ် ခေါ်သည်။

အထက်ဉာဏ် - ယထာဘူတ ဉာဏ်ခေါ်သည်။

'အောက်ဉာဏ် * စိတ်ရှုတဲ့ ပုဂ္ဂိုလ် စိတ်တွေ့လျှင် အောက်ဉာဏ် ရှိသေးသည်။

* ဝေဒနာရှုတဲ့ ပုဂ္ဂိုလ် ဝေဒနာတွေ့လျှင် အောက်ဉာဏ် ရှိသေးသည်။

အထက်ဉာဏ် * စိတ်(သို့မဟုတ်) ဝေဒနာရှုသောသူ ဖြစ်ပျက်တွေ့လျှင် အထက်ဉာဏ်ရပြီ၊ ရောက်ပြီလို့ဆိုရမည်။

* အထက်ဉာဏ်ရသော ယောဂီပုဂ္ဂိုလ်သည် (သမုဒယနဲ့ ဝယမြင်၍) ဒိဋ္ဌိ ပြုတ်သွားသည်။

'ယထာဘူတဉာဏ် - တွင် မဂ္ဂင်ငါးပါး ရှိ၏။

* ဖြစ် ပျက် သာ မြင်သည်၊ မုန်းခြင်း၊ ရွံခြင်း မပါ သေးချေ။

'နိဗ္ဗိန္ဒဉာဏ် တွင် မဂ္ဂင်ငါးပါး ရှိ၏။

* ဖြစ်ပျက်ကို မြင်သည်။ မုန်းခြင်း၊ ရွံခြင်း ပါလာ သည်။ ဆက်ပြီးရှုတော့ မုန်းစရာကြီး ရွံစရာကြီးဆို ဒါ ဒုက္ခသစ္စာပါကလားလို့ ဉာဏ်က တက်လာ သည်။ ရှုနေယင်း ခန္ဓာပျောက်သွားသည်။ ဘာဖြစ် လို့ ပျောက်သွားသလဲဆိုလျှင် သစ္စာမြင်သော ကြောင့် ဖြစ်သည်။

ယထာဘူတဉာဏ်ဖြင့်-ရုပ် နာမ် တို့ကို အဟုတ်အမှန်သိမြင်သော ပုဂ္ဂိုလ်သည်....

* နိဗ္ဗိန္ဒတိ ငြီးငွေ့၏၊ ငြီးငွေ့သောသူသည်....
* ဝိရဇ္ဇတိ-ကျွတ်လေ လွတ်လေ၏။
* ဝိမုတ္တသ္မိံ-ကျွတ်ပြီး လွတ်ပြီးသည်၌ အဟံ- ငါသည်၊ ဝိမုတ္တံ-ကျွတ်လွတ်ရသည် အမှန် ဖြစ်ပေပြီ၊ ဣတိ-ဤသို့၊ ဉာဏံ-ဆင်ခြင်စိတ် ချ၊အ-အေးကြီး အေးရသော၊ပစ္စဝေက္ခဏာ ဉာဏ်သည်၊ ဟောတိ-ဖြစ်၏။

'သည်ဉာဏ်တွေ ပေါ်လာတော့ ဘယ်လိုနေမှာလဲဆိုယင်၊ ယခင် ကိလေသာတွေရှိတော့၊ ကိလေသာအပူတွေက လောင် နေသဖြင့် ခန္ဓာကိုယ်ကြီးသည် အေးချမ်းတယ်လို့ ဘယ်တော့မှ

မရှိဘူး၊ သည်ဥာဏ်တွေ ပေါ်လာပြီဆိုမှဖြင့် ညဲ့ဥ်သိပ်ရေကို အလွန်ပူပြင်းတဲ့အချိန်မှာ လောင်းလိုက်ရသလို အေးသွားဒါပဲ၊ ကိလေသာအပူတွေရှိလို့ ခန္ဓာကိုယ်ကြီးဟာ ပူနေဒါ ကိလေသာ မရှိယင် အေးချမ်းသွားမှာပဲ'

၁။ ယထာဘူတဥာဏ်-ဖြစ် ပျက် မြင်သည်။
၂။ နိဗ္ဗိန္ဒဥာဏ် -ဖြစ် ပျက် မြင်ပါများလို့ မုန်းသည့် ဥာဏ်။
၃။ မဂ်ဥာဏ် -ဖြစ် ပျက် မုန်းသဖြင့်မလိုချင်လို့ ဆုံးသွားသည့် ဥာဏ်။

(အနတ္တ လက္ခဏာသုတ်ဟော ဥာဏ်(၃)ဥာဏ်)

* *

## 'သစ္စာဉာဏ်သုံး(၃)ပါး'

၁။ ဖြစ်ပျက်မြင်တဲ့သစ္စာဉာဏ်....

* ခန္ဓာကိုယ်ထဲမှာ ပေါ်လာသမျှ လောဘမှ တပါး၊ ကျန်တဲ့ရုပ်တွေ၊ ဝေဒနာ၊ သညာ၊ စိတ်တွေဟာ ဒုက္ခသစ္စာချည်းပဲ။ ဒုက္ခသစ္စာ ပေါ်လို့ ဒုက္ခသစ္စာ သိဒါ၊ သစ္စာဉာဏ်ခေါ် တယ်။ ပေါ်တိုင်း ပေါ်တိုင်း....

* ဒုက္ခပေါ် ....ဒုက္ခလို့ သိရမယ်။

* သမုဒယပေါ် ....သမုဒယလို့သိရမယ်။

* သမုဒယ ချုပ်ယင်....သမုဒယ ချုပ်တယ်လို့ သိရမယ်။ အဲဒီသိလုံးကလေးကို....

* မဂ္ဂသစ္စာလို့ ထပ်သိလိုက်ယင် လေးခုစလုံး ပေါ်တိုင်းပေါ်တိုင်း သိသိနေဒါ သစ္စဉာဏ်လို့ မှတ်ပါ။

ပျက် မှုန်းတဲ့ ကိစ္စဉာဏ်....

* ခန္ဓာကိုယ်ထဲမှာ ရုပ်တခုဖြစ်စေ၊ (လောဘမှ တပါး) စိတ်တခုဖြစ်စေ ပေါ်လာတယ်၊ ပေါ်လာတဲ့အခါ အော်....ဒီတရားဟာ ဖြစ်လဲဖြစ်တယ်၊ ပျက်လဲပျက်တယ်လို့ ၂-ခု သိရမယ်၊ အဲဒီတော့ အဖြစ်အပျက်မှတပါး ဒုက္ခ မရှိပါကလားလို့ ပိုင်ပိုင်နိုင်နိုင်သိဒါကို ကိစ္စဉာဏ်လို့ ခေါ်တယ်၊ ဖြစ်မှုကိစ္စ၊ ပျက်မှုကိစ္စ သိဒါက ကိစ္စဉာဏ်လို့ မှတ်ပါ။

ပျက် ဆုံးတဲ့ ကတဉာဏ်....

* ခန္ဓာကိုယ်ထဲမှာ ရုပ်ကိုဖြစ်စေ၊ နာမ်ကိုဖြစ်စေ ပေါ်လာဒါကိုလဲ သိတယ်၊ ဖြစ် ပျက် သွားဒါကိုလဲ သိတယ်၊ ပိုင်ပိုင်နိုင်နိုင် သိပြီးဒါ ကိစ္စပြီးဒါ၊ သိဒါ၊ ဖြစ် ပျက် ဆုံးဒါကိုသိတဲ့ ဉာဏ်ဟာ ကတဉာဏ်ခေါ်တယ်။

* * *

## ‘သစ္စာသိဖို့ အရေးကြီးပုံ’

‘ဖြစ်ပျက် ရှုတဲ့မဂ်သည် ဝိဇ္ဇာဖြစ်သောကြောင့် သင်္ခါရကို ချုပ်စေတယ်၊ သင်္ခါရနဲ့ ကမ္မဘဝအတူတူပဲ၊ ခန္ဓာငါးပါးဒုက္ခကို ဒုက္ခသစ္စာလို့ သိသွားတော့ သိတဲ့တရားက မဂ္ဂသစ္စာ ဖြစ်သွားတယ်၊ အဝိဇ္ဇာက-ဝိဇ္ဇာဖြစ်သွားတော့ အဝိဇ္ဇာချုပ်တယ်၊ ဝိဇ္ဇာက သင်္ခါရကို ချုပ်စေသောကြောင့် သင်္ခါရက-အသင်္ခါရ ဖြစ်သွားတယ်၊ သင်္ခါရ ဖြစ်သွားတော့ မပုံပြင်တော့ဘူး၊ အဝိဇ္ဇာနဲ့ သင်္ခါရပျောက်သွားတော့ ခန္ဓာငါးပါး ဒုက္ခသစ္စာ မလာတော့ပဲ တဏှာမာန၊ ဒိဋ္ဌိစတဲ့ ကိလေသာလဲ ပြတ်ပြီဖြစ်တော့ အားလုံး ခန္ဓာလည်းဆုံး၊ ကိလေသာလည်းဆုံး ဖြစ်သွားတယ်’

* * *

‘ဝိပဿနာစခန်းနိဂုံး’

‘ဝိပဿနာ ဘာဝနာ အခြေခံ ရှုပွားကျင့်ကြံ လမ်းညွှန်မှုကို ဤ၌နေရာမှာ အဆုံးသတ်ပါတော့မည်....

* ဝိပဿနာ ရိပ်သာ တခုတခုတွင် မသွားနိုင်သေးမီ၊ ဘာဝနာ ပွားများအားထုတ်လိုက မိမိအိမ်တွင် အောက်ပါကျင့်စဉ်ကို စတင်ပါ....။

* ဝိပဿနာ အားထုတ်လိုတဲ့ ယောဂီပုဂ္ဂိုလ်ဖြစ်ပါမူ ဤ-စာအုပ် ဝိပဿနာအခန်းကို တခေါက်ဖတ်ပါ၊ တခေါက်နဲ့ နားမလည်ယင် နားလည်သည့်အချိန်ထိ ဖတ်ပါ၊ ဖတ်ပြီးတော့....

* ထွက်လေ - ဝင်လေ လို့ စိတ်ကမှတ်မှတ်။
* ထွက်သက်-ဝင်သက် လို့ စိတ်ကမှတ်မှတ်။
* ဖြစ်တယ် - ပျက်တယ် လို့ စိတ်ကမှတ်မှတ်။
* ဖေါင်းတယ်-ပိန်တယ် လို့ စိတ်ကမှတ်မှတ်။ ကိုယ်နှစ်သက်တဲ့ ဝေါဟာရကို မှတ်နိုင်ပါတယ်။

(ယောကျ်ား မိန်းမ ထိုင်ပုံ ထိုင်နည်း ရှေ့က ရေးခဲ့ပြီးပါပြီ ရှုပါ။)

၁။ အသက်မှန်မှန် ရှုပါ (စပြီ)

* ကိုယ့်စိတ်ကို (သတိဆိုပြီး) ထိန်းလိုက်ပါ။
* မျက်စိ မှိတ်လိုက်ပါ (နှာ:မှ လေသံ မကြား သည်မှာ အကောင်းဆုံးဖြစ်၏- စိတ်နဲ့ ထိန်းပါ)

* ဗိုက်ကလေးကို အာရုံစိုက်လိုက်ပါ....
'ဖောင်းတယ် - ပိန်တယ်'
'ဖောင်းတယ် - ပိန်တယ်'
'ဖောင်းနေတာ မြဲသလား....မမြဲဘူး၊
'ပိန်နေတာကော မြဲသလား....မမြဲပါဘူး၊

* ၅-မိနစ်၊ ၁၀-မိနစ်လောက်ထိုင်ပြီး 'ဖောင်းတယ်၊ ပိန်တယ် မှတ်နေရာက....

(ကျမ်းပြုပုဂ္ဂိုလ် ကိုယ်တွေ့ စိတ်တခု)

'ဥက္ကဋ္ဌကြီး ဆရာသုခ (စာရေးဆရာ၊ ဒါရိုက်တာ)က ငါ့-ကို မနော ဖူစင်စွာဖြင့်၊ တပည့်တော် သာဓုခေါ်ပြီး လက်စုံ မိုးသွားတယ်၊ ဝမ်းသာလိုက်ထာ သတိ.... သတိ....

* 'ဖေါင်းတယ်၊ ပိန်တယ်' (ထွက်သွားတဲ့ စိတ်တွေ ပြန်ထိန်းရမယ်)

* 'ဖောင်းတယ်၊ ပိန်တယ်'

* 'ဖောင်းတယ်၊ ပိန်တယ်'

(၅-မိနစ် အကြာမှာ ကိုယ်တွေ့-လူထု ဒေါ် အမာက စိတ်ပုတီးများတောင် စိတ်နေဒါပဲ၊ ဦးလှ....လဲ ဘယ်လိုပါလိမ့်)....

* 'ဖောင်းတယ်၊ ပိန်တယ်'

'ဖောင်းတယ်၊ ပိန်တယ်'

(၅- မိနစ်အကြာမှာ ဟီးနိုးကားသံ တမျိုး အသံချဲ့စက် သီချင်းတွေကလဲ ငါ့အကြိုက်ချို ဖွင့်နေဒါပါပဲ၊ ဒုက္ခ ဒုက္ခ)

* 'ဖောင်းတယ်၊ ပိန်တယ်'

'ဖောင်းတယ်၊ ပိန်တယ်'

(၁၀- မိနစ်အကြာ ဥက္ကဋ္ဌ သတိ....ကလေး ၅- မိနစ်အတက်မှာ) ကားသံတမျိုး အသံချဲ့စက်သံက တမျိုး၊ တကတဲ ခြင်ကလဲ ကိုက်လိုက်ဒါ ဒုက္ခ ဒုက္ခ၊ဒီနေ့ ဆရာသုခ ရန်ကုန်

ပြန့်ယင် မနက်ဖြန် ရောက်မှာပဲ၊ ဖျားနေ
ရက်ကြီးနဲ့ မတော်တဆ နာမကျန်းဖြစ်ယင်
ဟာ....ငါ စိတ်တွေ ဘယ်ရောက်ကုန်ပါလိမ့်
ဒုက္ခ ဒုက္ခ။
'ဖောင်းတယ်၊ ပိန့်တယ်'
'ဖောင်းတယ်၊ ပိန့်တယ်'
'ဖောင်းတယ်၊ ပိန့်တယ်'
(ကိုယ်တွေ့- ဒီကုသိုလ်မျိုး မရချင်နေတာ၊
၄-၅ ရက်နေပြီး ပြန်မယ်၊ ဟာ.... စိတ်တွေ
ဖေါက်ပြန်လာပြီ၊ယောကျ်ားပဲ ဘာလို့မဖြစ်
ရမှာလဲ ဆက်လုပ်)
'ဖောင်းတယ်၊ ပိန့်တယ်'
'ဖောင်းတယ်၊ ပိန့်တယ်'
ဖောင်းတယ်၊ ပိန့်တယ်' (ဟော နာရီ စေ့
သွားပြီ)။

(ဝိပဿနာ အားထုတ်စအချိန် ကိုယ်တွေ့ တင်ပြခြင်း ဖြစ်ပါတယ်)။

'အဲဒီလို တရားထိုင်စမှာ စိတ်တွေဟာ ဟိုရောက် ဒီရောက် ထွက်ပြေးတဲ့အခါ ပြေး၊ ပြန်ထိန်းတဲ့အခါ ထိန်းနဲ့ ၄-၅ ရက် အချိန်မှန်မှန် ထိုင်ပြီး တရားအားထုတ်မိတဲ့အခါ 'စဉ်းစား စိတ် ကူးစရာက ကုန်လာမှ' စိတ်တွေဟာ ယဉ်လာပြီး တည်ငြိမ်လာ ပါတယ်'

'စိတ်တည်ငြိမ်လာတဲ့အချိန်က စပြီး'

'ဖောင်းတယ်၊ ပိန့်တယ်· ဆိုဒါ စိတ်က စွဲလာပြီး၊ သမာဓိကလေး တည်လာမယ်၊ အဲဒီသမာဓိ ဝင်မဝင်ကလဲ ကိုယ့်ဟာကို သိလာပါတယ်'

'နောက်·သမာဓိ တည်လာတဲ့အချိန်မှာ ဏလျာဏမိတ္တဆရာ ကောင်းများနဲ့ သော်ငြင်း၊ ဤစာအုပ်ပါ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အသိဉာဏ်တွေနဲ့သော်လည်း မှတ်သား ရှုပွါး ကျင့်ကြံ အားထုတ်ကြပါလို့ ဝိပဿနာစခန်း နိဂုံးချုပ်ပါအံ့'

"အရှင်တေဇ လင်္ကာရ"

* * *

## "သောတာပန် ဖြစ်လိုသူများ"

* သောတာပန် ဖြစ်ရန် ကျင့်စဉ်၊
* ,, ,, တရား ရှုပွါးနည်း၊
* ,, ,, ပုဂ္ဂိုလ် ၄-မျိုး။
* ,, ,, အင်္ဂါ ၇-ပါး။
* ,, ,, ထင်ရှားသော တရားများ
* စူဠ သောတာပန်၊
* မဟာ သောတာပန်၊
* သောတာပန် ပုဂ္ဂိုလ်တို့ မကျရောက်ရာ ခြောက်ဌာန။

* သောတာပန် ပါယ်ပီးသော သံယောဇဉ် ငါး(၅)ပါး။
* သံယောဇဉ်ဆယ်(၁၀)ပါး။
* ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကွာခြင်း သုံး(၃)မျိုး။
* သောတာပန် စစ်တန်း၊
* သောတာပန် ပုဂ္ဂိုလ်တို့၏ အကြောင်းအကျိုး တင်ပြခြင်း။

## အခန်း (၁၇)

'သောတာပန် ဆိုသည်မှာ-

လက်ဦးစွာ သောတာပတ္တိ မဂ်ပညာကို ဝိပဿနာ၏ အစွမ်းဖြင့် ပွါးစေ၍ သံယောဇဉ် ငါး(၅)ပါးတို့၏ ကုန်ဆုံး ချုပ်ငြိမ်းရပ်သိမ်းခြင်းကြောင့်၊ အနုပါဒိသေသ နိဗ္ဗာန်သို့ တဖြောင့်တည်းသွားသည့် ဗောဓိပက္ခိယ ဓမ္မအယာဉ်သို့ ရှေးဦးစွာရောက်သောအရိယာ ပုဂ္ဂိုလ်ကို သောတာပန် ဟုခေါ်၏။

## 'သောတာပန်ဖြစ်ရန် ကျင့်စဉ်'

သောတာပန်ဖြစ်ချင်လျှင်၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ သတ်ရမည်၊ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာဟာ ဘယ်မှာကပ်နေသလဲဆိုလျှင်၊ ခန္ဓာ ငါး(၅)ပါးမှာ ကပ်နေသည်။ ဒိဋ္ဌိသည် ခန္ဓာငါးပါးစလုံးမှာ ကပ်နေသည်၊ ခန္ဓာမှသိသဖြင့် ဒိဋ္ဌိဖြစ်ရသည်။

ခန္ဓာ၏ အနိစ္စ အချက်၊ ဒုက္ခ အချက်၊ အနတ္တအချက် မသိသဖြင့်၊ ခန္ဓာ ဒုက္ခသစ္စာမသိ၍ ဒိဋ္ဌိကပ်နေသည်။ ဝိစိကိစ္ဆာ ခန္ဓာငါးပါးသည် ဘယ်လိုစပြီး ဖြစ်ပါလိမ့်မည်လဲ၊ ဘယ်လိုဖြစ်လို့ ဘယ်လို ပျက်ပါလိမ့်မည်လဲဟု ယုံမှား ကြံစည်နေခြင်းဖြစ်သည်။

ထိုကဲ့သို့ ကြံစည်နေလျှင် ပဋိစ္စသမုပ္ပါဒ်ကို ပြရမည်၊ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရမည်၊ ခန္ဓာငါးပါး ဘယ်ကလာသနည်းဟုဆိုလျှင်- ပဋိစ္စသမုပ္ပါဒ်က လာသည်ဟု ဆိုရမည်။

ယခု ပစ္စုပ္ပန်မှာ ခန္ဓာထဲမှာ ဖြစ်ပျက်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ဘို့ အရေးကြီးသည်၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ မသတ်ပဲ ပထမ မဂ်မရနိုင်၊ ဒိဋ္ဌိကို ဝိပဿနာနဲ့ ခွါရမည်၊ ဝိပဿနာ ပွါးပြီးသကာလ မဂ်နဲ့ ခွါရမည်။ ဒိဋ္ဌိခွါမည့်ကြံလျှင် ခန္ဓာငါးပါး ပြရမည်။ခန္ဓာငါးပါး ပြမည့်ကြံလျှင် ပဋိစ္စသမုပ္ပါဒ်ကို ပြရမည်'

'ပဋိစ္စသမုပ္ပါဒ် သုံးမျိုး'

၁) အတိတ် ပဋိစ္စသမုပ္ပါဒ်၊

၂) အနာဂါတ် ပဋိစ္စသမုပ္ပါဒ်၊

၃) ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်'စသည်သုံး(၃)မျိုးဖြစ်သည်။

* 'အတိတ်က ပဋိစ္စသမုပ္ပါဒ်သည်၊ ပြီးပြီးသား အကြောင်းတွေ ဖြစ်နေလို့ ကိုယ်နဲ့မဆိုင်ဘူး ပြီးပြီးသားကို လိုက်သတ်နေလို့ မဖြစ်ဘူး'

* 'အနာဂါတ် ပဋိစ္စသမုပ္ပါဒ်ဆိုသည်၊ မလာသေးသဖြင့် ကိုယ်နဲ့ မဆိုင်သေးဘူး၊ လိုက်သတ်စရာ မလိုသေးဘူး'

* 'ယခု ပစ္စုပ္ပန်ပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ် ခန္ဓာသာလျှင် အရေးကြီးသည်၊ ယခုထိုင်နေသည့် ခန္ဓာငါးပါးသည်၊ ပစ္စုပ္ပန် ခန္ဓာငါးပါးဖြစ်သည်'

'ယခု ပစ္စုပ္ပန်ခေါ်တဲ့ ပဋိစ္စသမုပ္ပါဒ် ခန္ဓာငါး ပါးပေါ်မှာ ဒိဋ္ဌိ ဝိစိကိစ္ဆာ ခွါရမည်'

* 'ယခုပေါ်တဲ့ ခန္ဓာငါးပါးမှာ (စက္ခုံစ ပဋိစ္စ၊ ရူပေစ ဥပ္ပဇ္ဇတိ၊ စက္ခု ဝိညာဏံ) အဆင်းနဲ့ မျက်စိတိုက်ဆိုင်တော့ မြင်စိတ်ပေါ်သည်၊ အဆင်းရုပ်နဲ့ မျက်စိရုပ် (ရုပ် ၂-ခု) တိုက်တော့ မြင်စိတ် (စက္ခုဝိညာဏ်)ပေါ်သည်။ စက္ခု ဝိညာဏ် တခုထဲမဟုတ်၊ နာမက္ခန္ဓာ လေးပါးစလုံး အတူ ဖြစ် အတူပျက်သည်'

'ယင်း ခန္ဓာငါးပါးသည် အဖြစ်တူ၊ အပျက်တူ၊ နေရာတူ၊ အာရုံတူ၊ တပြူးတည်း၊ တပြွတ်တည်း၊ တပြိုင်တည်းဖြစ်သည်။ တပြိုင်တည်း ပျက်သည်။ တခြားစီခွဲ၍ မဖြစ်ပေ'

* 'အဆင်းနဲ့ မျက်စိက ရုပ်၊ မြင်သိက နာမ်၊ ၂-ခု တိုက် တော့၊ နာမက္ခန္ဓာ လေးမျိုးပေါ်သည်၊ အကြောင်း ရုပ် တရား ၂-ပါးကြောင့်၊ အကျိုးနာမ်တရား ၄-ပါးပေါ် သည်၊ ခန္ဓာငါးပါးပေါ်သည်။

* 'အကြောင်းတရားက ရုပ်၊ တကျိုးတရားက နာမ်၊ ကြောင်းကျိုး ပဋိစ္စသမုပ္ပါဒ် ဖြစ်သည်၊ အကြောင်းထဲ မှာ ငါ-ပါသေးသလား၊ ရုပ်လို့ဆိုမလား-

'ခန္ဓာငါးပါးဟာ ဘာလဲ၊ အကြောင်းကြောင့် ဖြစ်တဲ့ အကျိုးတရားဆိုသဖြင့်၊ ဝိစိကိစ္ဆာ ကွာသည်၊ ဒိဋ္ဌိလည်း ကွာသည်။ အကျိုးထဲမှာ ငါ ပါသေးရဲ့လား၊ နာမ်လို့ ဆိုမလား၊ အကြောင်း အကျိုး တိုက်ဆိုင်တော့ ခန္ဓာငါးပါး ပေါ်တယ်၊ ဒွါရ ခြောက်ပေါက်မှာ ခန္ဓာငါးပါး လှည့်ပေါ်နေသည်'

'ခန္ဓာငါးပါး ပေါ်တိုင်း၊ ဖြစ်လိုက် ပျက်လိုက်လို့သိတဲ့ တဉာဏ်-တဉာဏ် လိုက်ပေးရမည်၊ ကိုယ့်အသေ ကိုယ်မြင်သည်။ ကိုယ့်အသေ ကိုယ်မြင်ပါများတော့ ရွံမုန်းလာသည်။ ရွံမုန်းလာသောအခါ နောက် ခန္ဓာမလိုချင်ဘူး၊ နောက် လိုချင်တဲ့တဏှာက ကပ်ခိုရ မရတော့ဘူး'

'အဲဒါ မဂ်က ဖြတ်ခြင်းဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ် ပြတ်သွားသည်၊ မဂ် အခြားမဲ့ဘွင် ဖိုလ် လိုက်ဦးမည်ကား မုချမလွဲပေ၊ ကိုယ့်အသေ ကိုယ်မြင်ဒေါက မဂ်၊ မဂ်ဘလာသမျှ အနာဂါတ် ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်ချသည်'

'မဂ် ဆိုသည်မှာ ၂-ဘက်စွန်း ဖြစ်သည်။ ကိုယ့်အသေတော့ ဒုက္ခသစ္စာလို့ သိသည်။ ဒီနောက်က အနာဂါတ် တဏှာကိုလည်း ဖြတ်သည်။ ဤကဲ့သို့ မြင်သော မဂ်သည် ဝိပဿနာ မဂ်ပင်ဖြစ်သည်။ မဂ်စစ်မဟုတ်သေးပေ။ မဂ္ဂင်ငါး(၅)ပါးသာ ရှိသေးသည်။ ရှစ်ပါးရှိမှ မဂ်စစ်ခေါ်သည်။

* 'အကြောင်းတရား အကျိုးတရားသည် ရုပ် (နှင့်) နာမ် ဆိုသဖြင့် ငါ မပါတော့ပေ၊ ထိုကြောင့် ဒိဋ္ဌိ ဝိစိကိစ္ဆာ ကွာသွားသည်၊ဤမျှကို အသိကွာ ရှိသေးသည်၊ အလုပ်နဲ့ ကွာခြင်းမဟုတ်သေးပေ၊ ဉာတ ပရိညာပဲ ရှိသေးသည်။

'တီရဏ ပရိညာ ပွါးရဦးမည်၊ ပဟာန ပရိညာနဲ့ လည်း ပယ်ရဦးမည်။ ကွာစရာ သုံး (၃) ကြိမ် ရှိသည်။ မဂ္ဂင် ငါး (၅) ပါးသာ ရှိသေးသဖြင့် တဒင်္ဂသာပယ်နိုင်သည်၊ အမြစ်ပြတ်အောင်မပယ် နိုင်သေးပေ။

* မဂ္ဂင် ရှစ် (၈) ပါး ပြည့်မှ ပဟာန ပရိညာဖြင့် အမြစ်ပါ ပယ်နိုင်သည်။

* မဂ္ဂင် ရှစ် (၈) ပါး ပြည့်မှ ပဟာန ပရိညာဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာ ၂-ပါးကို အမြစ်ကပယ်နိုင်သည်။ ဤ ကဲ့သို့ ပယ်နိုင်မှ သာလျှင် သောတာပန် တည် တော့သည်။

## ‘သောတာပန် တရား ရှုပွါးနည်း’

‘ကွေးမှု ဆန့်မှု စသော ကိုယ်လက်လှုပ်ရှား ပြုပြင်မှု ဟူသမျှကို ဖြစ်ပေါ်လာတိုင်း သိအောင် ရှုရမည်။ စိတ်၌ဖြစ်ပေါ်လာသော ဝေဒနာဟူသမျှကိုလည်း ဖြစ်ပေါ်လာတိုင်း သိအောင် ရှုရမည်။ ရှုဖန်များလာသော အခါ တခြားသို့ ပျံ့လွင့်သော စိတ် မရှိသလောက်ပင် ဖြစ်ပြီးလျှင် ‘သမာဓိသည် ဝိပဿနာ ခဏိက သမာဓိ ဖြစ်မည်။ ၎င်းပြင် နိဝရဏတို့နှင့် ကင်းစင် နေခြင်းကြောင့် စိတ္တဝိသုဒ္ဓိသည်း မည်၏။

‘ကွေးမှု ဆန့်မှုစသော ကိုယ်လက်လှုပ်ရှားမှု ပြုပြင်မှု စသော ရုပ်အပေါင်းကို အသိနာမ်နှင့် ပိုင်းခြားသိးသန့်၍ သိ၏။ ဤကဲ့သို့ နာမ်(နှဲ့)ရုပ်ကို ပိုင်းခြား၍သိသောအခါ နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရ၏။

'ထိုနောက် ရုပ် နာမ် တို့၏ အကြောင်းတရား အကျိုးတရား ဆက်စပ်မှုတို့ကို သိမြင်သော ပစ္စယာ နုဂ္ဂဟဉာဏ် ဖြစ်ပေါ်၏ ထိုနောက် ရုပ် နာမ်တို့ ပျောက်ပျက် သွားကြသည်ကို မြင်သော အနိစ္စ သမ္မသနဉာဏ် ဖြစ်၏။

* ထိုနောက်.... ဒုက္ခ သမ္မသနဉာဏ် ဖြစ်ပေါ်၏။
* ထိုနောက်.... အနတ္တသမ္မသနဉာဏ် ဖြစ်ပေါ်၏။
* ထိုနောက်.... ဥဒယဗ္ဗယ ဉာဏ် ဖြစ်ပေါ်၏။
* ထိုနောက်... ဉာဏ်စဉ်အတိုင်း တက်ပြီးလျှင်....

'သောတာပန် တည်၏'

* * *

## 'သောတာပန် ပုဂ္ဂိုလ်လေးမျိုး'

၁။ သတ္တက္ခတ္တုပရမ သောတာပန်။ ။
နုံ့သော ဝိပဿနာ၏ အစွမ်းဖြင့် ပထမ မဂ်ကို ပွားစေ၍ သောတာပန်အဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်။

'လည်းကောင်းပုဂ္ဂိုလ်သည် ခုနစ်( ၇ )ကြိမ်
သုဂတိဘဝ၌ ပဋိသန္ဓေနေ၍ ကျွတ်လွတ်၏'

၂။ ကောလံ ကောလ သောတာပန်။ ။
မနုံ့လွန်း မထက်လွန်း အလတ်ဖြစ်သော ဝိပဿနာ၏ အစွမ်းဖြင့် ပထမ မဂ်ကို ပွားစေ၍

သောတာပန်အဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်။

'လည်းကောင်းပုဂ္ဂိုလ်သည် အချို ၂-ကြိမ်၊ အချို ၃-ကြိမ်၊အချို ၄-ကြိမ်၊ အချို ၅-ကြိမ်၊ အချို ၆-ကြိမ် သုဂတိဘဝ၌ ပဋိသန္ဓေနေ၍ ကျွတ်လွတ်၏'

၃။ **ကေဗိဇီ သောတာပန်။** ။

ထက်သော ဝိပဿနာ အစွမ်းဖြင့် ပထမ မဂ်ကို ပွားစေ၍ သောတာပန်အဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်။

'လည်းကောင်းပုဂ္ဂိုလ်သည် တကြိမ် သုဂတိ ဘဝ၌ ပဋိသန္ဓေနေပြီး ကျွတ်လွတ်၏'

၄။ **ဘုံစဉ်စံ သောတာပန်။** ။

၁။ ဝိသာခါ၊ ၂။ အနာထပိဏ်၊ ၃။ သိကြားမင်း၊ ၄။ အနေကဝဏ္ဏနတ်သား၊ ၅။ စူဠရထနတ်သား၊ ၆။ မဟာရထနတ်သား၊ ၇။ နာဂဒတ္တ နတ်သားဟု ဆိုအပ်ကုန်သော ပုဂ္ဂိုလ်တို့သည် ဘုံစဉ်စံ ဝဋ္ဋာဘိရတိ သောတာပန်ပုဂ္ဂိုလ် ခုနစ်(၇)ဦးဖြစ်ကြ၏။

'သောတာပန် ပုဂ္ဂိုလ်တို့သည် ရှစ်(၈)ကြိမ် မြောက်သောဘဝကို မယူကြကုန်'

* * *

## 'သောတာပန် အင်္ဂါခုနစ်(၇)ပါး'

၁။ လောဘ၊ ဒေါသ၊ မောဟဖြစ်တိုင်း နောက်က ချက်ခြင်း လောဘဖြစ်တယ်၊ ဒေါသဖြစ်တယ်၊ မောဟဖြစ်တယ်ဟု သိခြင်း။

၂။ သိသည်နှင့် တပြိုင်နက် ဖြစ်ကျော မရှည်စေပဲ ချက်ခြင်း ငြိမ်းအေးအောင် လုပ်ခြင်း။

၃။ မြတ်စွာဘုရား သာသနာတော်မှတပါး၊ အခြား သာသနာတွင် နိဗ္ဗာန်ရောက်ကြောင်း ထွက်ရပ်လမ်းမရှိဟု သိမြင်ခြင်း။

၄။ မပယ်နိုင်သေးသော ကိလေသာ ထကြွ သောင်းကျန်း လာသောအခါ ချက်ခြင်း ကုသလိုသည့် စိတ္တုပ္ပါဒ် ဖြစ်ပေါ်လာခြင်း။

၅။ အရာရာ အမှုကိစ္စ ဆောင်ရွက်ပြောဆိုရာတွင် ခံမိ၏ သီလ၊ သမာဓိပညာကို အဖျက်မခံခြင်း။

၆။ မြတ်စွာဘုရား ဟောကြားသော တရားတော်ကို နာစဉ်အခါဖြစ်စေ၊ တရားစာအုပ်ကို ဖတ်စဉ်အခါဖြစ်စေ၊ အာရုံတပါးသို့ မပြန့်လွင့်ပဲ အနက်အဓိပ္ပါယ်သိပြီး နာယူ ဖတ်ရှုနိုင်ခြင်း။

၇။ တရား နာရသဖြင့်လည်းကောင်း၊ တရားစာ ဖတ်ရသဖြင့်လည်းကောင်း၊ ဝမ်းမြောက်၍မဆုံးဖြစ်သည့်ပြင် တရားနှလုံး သွင်းသောအခါ၌လည်း ဝမ်းမြောက်မဆုံး ဖြစ်ခြင်း၊ စသည့် အင်္ဂါခုနစ်(၇)ပါးဖြစ်သည်။

* * *

## သောတာပန် ပုဂ္ဂိုလ်တို့တွင် ထင်ရှားသော ဖြစ်ပေါ်သော တရားများ။

၁။ သောတာပန်ပုဂ္ဂိုလ်သည် သစ္စာလေးပါးတရားကို မြင်တတ်သော ပညာမျက်စိ ထင်ရှားဖြစ်၏။

၂။ သစ္စာလေးပါးတရားကို သိမြင်၏။

၃။ သစ္စာလေးပါးတရားကို ပိုင်းခြား၍ သိမြင်၏။

၄။ သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိမြင်၏။

၅။ သစ္စာလေးပါးတရားကို ဖုံးလွှမ်းသော မောဟ အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအလင်းရောင် ဖြစ်ပေါ်၏။

၆။ အလုံးစုံသော ဇောဘုမ္မက သင်္ခါရတရားတို့သည်၊ ဖြစ်ခြင်းသဘောရှိ၏။ ထိုဖြစ်ခြင်းသဘောရှိသော တရားဟူသမျှသည် ပျက်ခြင်းသဘောရှိ၏ဟု သိမြင်၏။

၇။ သစ္စာလေးပါးတရားကို ကိုယ်တိုင်သိမြင်၏။

၈။ သောတာပန်ပုဂ္ဂိုလ်သည် ကိုယ့်ကိုယ်ထဲတွင် အထက်ပါဉာဏ်များ ရောက်လာပြီဟု သိ၏။

၉။ ဤ-ဟာ ဇောန် ဒုက္ခဆုံးတဲ့ နိဗ္ဗာန်ပဲဟု ကိုယ်တိုင် ဆုံးဖြတ်၏။

၁၀။ ဉာဏ်က နိဗ္ဗာန်ထဲချည်း သက်ဝင်၏။

၁၁။ ဤ-ဟာ နိဗ္ဗာန်မဟုတ်ဘူးဟု သံသယကင်းလွတ်၏။

၁၂။ ဤ-ဟာ နိဗ္ဗာန် ဟုတ်သလော မဟုတ်သလောဟု သံသယ ကင်း၏။

၁၃။ ရဲရဲတင်းတင်းကြီး ဤလမ်းသည် နိဗ္ဗာန်လမ်းပဲဟု ယုံမှား သံသယ ကင်း၏။

၁၄။ ဘယ်သူက ဘာပြောပြော ဤဟာ နိဗ္ဗာန်လမ်း၊ အခြားလမ်းသည် လမ်းလွဲချည်းပဲဟု ဆုံးဖြတ်နိုင်၏။

၁၅။ သစ္စာလေးပါးတရားကို သူများပြောမဟုတ် ကိုယ်တိုင်သိမြင်ခြင်း စသည်တို့ ဖြစ်ကုန်၏။

## 'စူဠ သောတာပန်'

'နာမ ရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၂-ပါးနှင့် ပြည့်စုံ၍ ဝိပဿနာကို ကြိုးပမ်းအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် သဗ္ဗညုရှင်တော်ဘုရား၏ သာသနာတော်၌ သက်သာရာကို ရသည်၊ ဆောက်တည်ရာကို ရသည်။ မြဲသောဂတိရှိသည် ဖြစ်၍ စူဠသောတာပန်မည်၏။

၁။ နာမ ရူပ ပရိစ္ဆေဒဉာဏ်ဆိုသည်မှာ နာမ်တွေ၊ရုပ်တွေကို အသွယ်သွယ်၊ အမျှင်-အမျှင်၊ အသီး-အသီး တခြားစီနေအောင် ထင်နိုင် မြင်နိုင် ပိုင်းခြားနိုင်သောဉာဏ်ကို ဆိုသည်။

၂။ ပစ္စယ ပရိဂ္ဂဟဉာဏ်ဆိုသည်မှာ ဘယ်ဟာကြောင့် နာမ် ရုပ်ဖြစ်သည်ဟု နာမ် ရုပ်တို့၏အကြောင်းကို အမှန်သိနိုင် မြင်နိုင် သိမ်းဆည်းနိုင်သောဉာဏ်၊

လူ နတ် ဗြဟ္မာ၊ ငရဲ တိရစ္ဆာန်မရှိ၊ စင်စစ်မူကား အကျိုးအကြောင်း နာမ် ရုပ်မျှဖြစ်သော ပဋိစ္စသမုပ္ပါဒ် ပင်တည်းဟူသော နားလည်သောဉာဏ်ကို ဆိုသည်။

## 'မဟာ သောတာပန်'

'မဟာ သောတာပန်ဆိုသည်မှာ နာမ ရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ် ၂-ပါးကို လက်ကိုင်ထားရပြီး ဝိပဿနာဉာဏ်အဆင့်ဆင့်ဖြင့် မနားမနေ၊ မီးပွက်သောယောကျ်ားကဲ့သို့ ရှုမှတ်ပွားများ အားထုတ်သည်ရှိသော်၊ ဝိပဿနာ ဉာဏ်အဆင့်ဆင့်တက်၍ ရှေးဦးစွာ နိဗ္ဗာန်ကိုမျက်မှောက်တွေ့သိမြင်လျက်၊ သောတာပတ္တိဖိုလ် ဉာဏ်များ ဖြစ်ပေါ်လာသော ပုဂ္ဂိုလ်ကို မဟာသောတာပန်ဟု ခေါ်သည်။

## 'သောတာပန်ပုဂ္ဂိုလ်သည် ဝိနိပါတနဘေးမှ'
## 'လွတ်လေပြီ'

'သောတာပန်ပုဂ္ဂိုလ်တို့၏ ဉာဏ်မျက်စိဖြင့် ဘုရားကိုသိမြင်၊ တရားတော်နှင့် သံဃာတော်ကိုသိမြင်၊ သုံးဆယ့်တဘုံ အလုံးစုံဟူသမျှ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ချည်းသာဟု ဆုံးဖြတ်သိမြင်၍ တလင်းထဲလင်း တရှင်းထဲရှင်း၊ ဝိစိကိစ္ဆာကင်းလျှင် အပါယ်မြစ်ပြတ်၏၊ အပါယ်နှင့် အမှောင်ကင်းပြတ်၏။ အပါယ်မင်းတို့ပိုင်နက် လောကီဘက်မှ ထွက်မြောက်ပြီး၊ လောကုတ္တရာဘက်သို့ ရောက်ရ၏။ လောကုတ္တရာဘက် ဘုံလေးဆင့်ရှိရာတွင် ပထမအဆင့်ဖြစ်သော သောတာပတ္တိဘုံသို့ရောက်၍ သောတာပတ္တိဘုံသား သောတာပန်ပုဂ္ဂိုလ်ဖြစ်ရ၏။ ယင်းသောတာပန်ပုဂ္ဂိုလ်သည် အပါယ်သံသရာမှ လွတ်ကျွတ်သော်လည်း၊ သုဂတိသံသရာမှ မလွတ်မကျွတ်သေးပေ၊ သောတာပန်ပုဂ္ဂိုလ်သည် ဝိနိပါတနဘေးဖြစ်သော ဗရမ်းဗတာ ကျရောက်တတ်သည့်ဘေးမှ လွတ်ပေပြီ'

## ‘သောတာပန် မကျရောက်ရာ’

## ‘ခြောက်ဌာန’

‘သောတာပန် ပုဂ္ဂိုလ်တို့မှာ ဝိပ္ပလ္လာသ ရှစ်ပါးပယ်လိုက်သဖြင့်·

၁။ အကျိုး　　၄။ အနူ

၂။ အကန်း　　၅။ အရွဲ

၃။ အအ　　၆။ မိစ္ဆာဒိဋ္ဌိ ဘဝဆိုသည့် ၆- ဌာန သို့ သွား တတ်သော ပဋိစ္စ သမုပ္ပါဒ် ပြတ်၏။

* အပါယ်လေးပါး သွားသည့် ပဋိစ္စသမုပ္ပါဒ် လည်း ပြတ်၏။

* သောတာပန် ပုဂ္ဂိုလ်သည် ပဉ္စနန္တရိယ ကံ ငါးပါးနှင့် နိယတ မိစ္ဆာဒိဋ္ဌိတို့ကို မလွန်ကျူးတော့ပေ။
* သောတာပန် ပုဂ္ဂိုလ်သည် တစုံတခုသော မကောင်းမှုကို အကယ်၍ ပြုစေကာမူ၊ ပြုအပ်ပြီးသော မကောင်းမှုကို မဖုံးကွယ်သည့်ပြင်၊ ထိုမကောင်းမှုကို မထိန်ချန်ပဲ ဝန်ခံ၏။
* သောတာပန် ပုဂ္ဂိုလ်သည်၊ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသည်နှင့် တပြိုင်နက် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့ ပယ်လိုက်လျှင် ဝိစိကိစ္ဆာလည်း အလိုလို ပယ်ပြီးဖြစ်၏။
* ဒိဋ္ဌိသည် ငရဲ မျိုးစေ့ဖြစ်၏၊ ဒိဋ္ဌိ ရှိသူသည် အပါယ်နှင့် အိုးစား မကွဲသေးဟု မှတ်ယူရမည်။
* ပထမ မဂ်မှာ ဒိဋ္ဌိပြုတ်သဖြင့် ရ၏။ ဒိဋ္ဌိနိရောဓော နိဗ္ဗာန်၊

* * *

## ‘သောတာပန် ပါယ်ပြီးဖြစ်သော သံယောဇဉ်’

## ‘ငါးပါး’

၁။ ဒိဋ္ဌိသံယောဇဉ်။

‘ခန္ဓာငါးပါး ရုပ် နာမ်တရားတို့ကို ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး၊ ယောကျာ်း မိန်းမ၊ လူ နတ် ဗြဟ္မာ စသဖြင့် အထင်မှား အမြင်မှား အယူမှားခြင်း။

၂။ ဝိစိကိစ္ဆာ သံယောဇဉ်။

‘အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုသည် ဟုတ်ပါ၏လော၊ ဘုရားဆိုသည်၊တရားဆိုသည်၊ သံဃာဆို သည် ဟုတ်ပါ၏လော၊ ဗုဒ္ဓ အယူဝါဒသည် မှန်

မှ မှန်ပါ၏လော၊ တပါးသော အယူဝါဒများ
က၊ မှန်ပါလေသလော စသဖြင့် ယုံမှားခြင်း။
(သက္ကာယဒိဋ္ဌိ ကင်းလျှင် ဝိစိကိစ္ဆာလည်း
ကင်း၏)။

၃။ လီဗတပရာမာ သံယောဇဉ်။

'ခွေး နွား စသည်တို့၏ အကျင့်ဖြင့် သံသရာမှ
လွတ်မြောက်နိုင်သည်ဟု အယူရှိခြင်း။

၄။ ဣသာ သံယောဇဉ်။

'ငါကဲ့သို့ သူတပါး မဖြစ်ပါစေသင့်ဟု ငြူစူ
ခြင်း။

၅။ မစ္ဆရိယ သံယောဇဉ်။

'မိမိ ရပြီးသော စည်းစိမ်ချမ်းသာကို သူတပါး
မစပ်ယှက်စေလို ဝန်တိုခြင်း။

*  *  *

## ‘သောတာပန် ပါယ်ပြီးဖြစ်သော သံယောဇဉ်’

## ‘သံယောဇဉ် ဆယ် (၁၀) ပါး’

၁။ ကာမရာဂ သံယောဇဉ် အာရုံငါးပါးကိုတပ်စွဲခြင်း။
၂။ ဘဝရာဂ ။ ဘဝကိုတပ်စွဲခြင်း။
၃။ ပဋိဃ ။ အမျက်ဒေါသဖြစ်ခြင်း။
၄။ မာန ။ ထောင်လွှားခြင်း။
၅။ ဒိဋ္ဌိ ။ ရုပ် နာမ်ကို ငါစွဲခြင်း။
၆။ ဝိစိကိစ္ဆာ ။ ယုံမှားသံသယဖြစ်ခြင်း။
၇။ သီလဗ္ဗတပရာမာသ ။ ခွေး၊ နွား အကျင့်ဖြင့် ချမ်းသာ ရာ ရောက် ကြောင်း ဟု ထင်ခြင်း။
၈။ ဣဿာ ။ ကိုယ့်ထက်သာ မနာလိုခြင်း။

| | | | |
|---|---|---|---|
| ၉။ | မစ္ဆရိယ | ။ | ကိုယ်လို ကောင်းစား မည်ကို ဝန်တိုခြင်း။ |
| ၁၀။ | အဝိဇ္ဇာ | ။ | သစ္စာ လေးပါးကို မသိခြင်း စသည် ဆယ်(၁၀)ပါး တို့ကို သောသာပန် ပုဂ္ဂိုလ် တို့သည် ပါယ်ကြ၏။ |

*　　　*　　　*

‘ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကွာခြင်း သုံး(၃)မျိုး’

၁။ ဉာတ ပရိညာ ။ အသိ၊ သညာနှင့်ကွာခြင်း။

၂။ တိရဏ ပရိညာ ။ အကျင့်၊ ပညာနှင့်ကွာခြင်း။

၃။ ပဟာန ပရိညာ ။ အပယ်၊ မဂ်နှင့် ကွာခြင်း။

'သောတာပန် စစ်တန်း'

သောတာပန် ပုဂ္ဂိုလ်တို့အား သေအရက်နှင့်နို့ရည်ကို ရော၍ တိုက်ခဲ့သော် သောတာပန်ပုဂ္ဂိုလ်၏ ခံတွင်းသို့ နို့ရည်သာဝင်၍ သေအရက် မဝင်ဟု ဆိုသည်။

အဘယ်ကြောင့် ဆိုသော် သောက်လိုက်သည်နှင့် တပြိုင်နက် အံထုတ်လိုက်သည်နှင့် တချက်တည်း ဖြစ်၏ဟု ဆိုလိုသည်။

# 'သောတာပတ္တိမဂ်'

သောတာပတ္တိ မဂ်သည် လောဘ စသော ကိလေသာ တို့ကို ဖေါက်ထွင်းခြင်းသာလျှင် ပြုရုံကာမျှ သက်သက် မဟုတ်သေး၊ အဦးအစကို မသိနိုင်သော သံသရာ ဝဋ်ဆင်းရဲ ဟူသော သမုဒ္ဒရာ ရေကိုလည်း ခမ်းခြောက်စေ၏၊ အလုံးစုံသော အပါယ် တံခါးကို ပိတ်၏၊ သဒ္ဓါသီလ စသော သူတော်ကောင်း ဥစ္စာ ခုနစ်ပါးနှင့် ပြည့်စုံ၏၊ အင်္ဂါရှစ်ပါး ရှိသော မိစ္ဆာမဂ်ကို စွန့်၏၊ ပါဏာတိပါတ စသော ငါးပါးသော ရန်၊ နှစ်ဆယ့်ငါးပါးသောဘေးကြီး တို့ကို ငြိမ်းစေ၏၊ သဗ္ဗညုရှင်တော်ဘုရား၏ ရင်တော်နှစ် သားတော်စစ်အဖြစ်သို့ ဆောင်တတ်၏၊ ထိုမှတပါး များစွာကုန်သော ရတနာသုံးပါးဂုဏ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း စသော အကျိုး တို့ကိုလည်း ရ၏၊ ဤသို့ ရာထောင်မက များစွာသော အကျိုးကိုပေးတတ်သော သောတာပတ္တိမဂ်နှင့်ယှဉ်သော ဉာဏ်သည် သောတာပတ္တိမဂ်၌ ဖြစ်သော ဉာဏ်မည်၏။

## 'ကိလေသာ မကုန်သေး'

သို့သော်လည်း သောတာပန် ပုဂ္ဂိုလ်မှာ ကာမရာဂလည်း ရှိသေး၏၊ ဒေါသလည်း ရှိသေး၏၊ မောဟ, မာနလည်း ရှိသေး၏၊ အိမ်ထောင်ခြင်း၊ သားမွေးခြင်း၊ စီးပွားရှာခြင်း အမှုတို့ကိုလည်း ပြုသေး၏။

သို့သော်....

* သောတာပန်အင်္ဂါ ခုနစ်(၇)ပါး နှလုံးသွင်း၍....
* သူတပါး အသက် သတ်လောက်အောင် ဒေါသ မရှိတော့ပေ။
* သူ တပါး ဥစ္စာ ခိုး လောက် အောင် လောဘ မရှိတော့ပေ။
* သူတပါး အကျိုး ပျက်စီးအောင် မုသား မပြောတော့ပေ။
* သီလ ပျက်အောင် မလွန်ကျူးတော့ပေ။
* အကုသိုလ် အလေးချိန် လျော့နည်းချိန် လျော့နည်းသွားခြင်းကြောင့်ဖြစ်၏၊ ဤကဲ့သို့ လျော့နည်းသွားခြင်းမှာ သတိတရားက နောက်မှလိုက်ပြီး အုပ်ထိန်းနေသောကြောင့် ဖြစ်၏။

သောတာပန် ပုဂ္ဂိုလ်ကို သီလေသု ပရိပူရ ကာရီ သီလတို့၌ အကြွင်းမဲ့အပြည့်အစုံကျင့်သည့် ပုဂ္ဂိုလ်ဟု ဆိုသည်၊ သောတာပန်မှာ သီလမြဲသွားပြီဖြစ်သဖြင့် နောင်ဘဝတိုင်အောင် သီလမပျက်

တော့ပေ၊ မကျိုးသည့် သီလ မခံယူပဲနှင့် ဘယ်တော့မှ မပျက်တဲ့ သီလ သောတာပတ္တိမဂ် ဆိုက်သည်နှင့် တပြိုင်နက် သီလသည် ဝိရတီ သီလ မဟုတ်တော့ပဲ သမုစ္ဆေဒ သီလ ဖြစ်သွား၏၊ သီလ ဖျက်၍မရသော နိယတ သီလ၊ မြဲတဲ့ သီလဖြစ်သွား၏၊ သမုစ္ဆေဒ သီလနှင့်ပြည့်စုံလျှင် ယင်ကောင်ကလေးသတ်ပါဆိုတော့ မသတ် တော့ပေ၊ ကိုယ့်ကိုယ်ကိုသာ အသေခံ၏။

သောတာပန် ပုဂ္ဂိုလ်သည် သံသရာမှ ထွက်မြောက်ကြောင်း အတွက် သဗ္ဗညု ရှင်တော်မြတ်ကြီးသာလျှင် ရှေ့ဆောင်နည်းပေး လမ်းပြဆရာတဆူ ဖြစ်တော်မူသည်ဟု မမှိတ်မသုံ စိတ်ချ ယုံကြည် ကိုးစားအားထား၏၊ အခြား လူ, နတ်, ဗြဟ္မာ, စသည်တို့တို့ သံသရာမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း အတွက် ရှေ့ ဆောင် နည်းပြ ဆရာအဖြစ် မယုံကြည်ပေ။

သောတာပန် ပုဂ္ဂိုလ်တို့သည် ဒုက္ခ သစ္စာ၊ သမုဒယ သစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ တည်းဟူသော သစ္စာလေးပါး တရား တို့ကို သောတာပတ္တိမဂ်ဉာဏ်ဖြင့်မြင်၏၊ မြေ၌စိုက်ထူအပ်သော တံခါးတိုင်ကို အရပ်လေးမျက်နှာမှ တိုက်ခိုက်လာသော လေ တို့ သည် တုန်လှုပ်ခြင်းငှါ မစွမ်းနိုင်သကဲ့သို့ သောတာပန် ပုဂ္ဂိုလ်တို့ သည် ထိုတံခါးတိုင်နှင့်တူ၏၊ သောတာပန် ပုဂ္ဂိုလ်မှာ သောတာ ပတ္တိမဂ်ဉာဏ်နှင့်ပြည့်စုံသည်နှင့်တပြိုင်နက် သံယောဇဉ်ငါးပါးကို သောတာပတ္တိမဂ်ဖြင့် ပယ်ပြီးဖြစ်သဖြင့် နောင် အသစ်တဖန်မဖြစ် တော့ပေ။

'သောတာပန် ဖြစ်လိုသူများ'

'မှတ်သားကြပါကုန်'

'နောက်ဆက်တွဲ'

ဘုရားရှိခိုး အမျိုးမျိုး။

* ပုတီးစိပ်နည်း အမျိုးမျိုး။

* မေတ္တာခံ မေတ္တာပို့ ဆုတောင်းအမျိုးမျိုး။

* ကမ္မဋ္ဌာန်း ဆုတောင်း အမျိုးမျိုး။

*　　　　*　　　　*

# အခန်း (၁၇)

'ဗမာနိုင်ငံ တိုင်းနှင့်ပြည်နယ် အသီးသီးတွင် သမထ ဘာဝနာ တိုးတက် ခေတ်စားလာသည်နှင့်အမျှတရားထိုင်ရန် ကမ္မဋ္ဌာန်းစခန်းများလည်း များစွာ ပေါ်ထွန်းခဲ့လေသည်'

'သမထ ဘာဝနာအားထုတ်ရာ ပုပ္ပားတောင်ကလပ်သည်....

ကမ္ဘာ့စံပြ ဗုဒ္ဓဘာသာတို့၏'
'သာသနာပြု လုပ်ငန်းတည်ရာ'
'ဌာနတခုတွင် အပါအဝင်ဖြစ်၏'

ထိုပုပ္ပားတောင်ထူး တောင်မြတ် တောင်ကလပ်သည် ရှေးခေတ်အခါက ဘုန်းတန်းပွင့်လန်းသည့်ပါရမီရှင် သူတော်စဉ်များနှင့် ဝိဇ္ဇာ ဇော်ဂျီ တပည့်သီ ချွန်ပျံရသေ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့သာလျှင် ဆင်းသက် တရားအားထုတ်နိုင်ခဲ့ကြလေသည်။

ယနေ့ ထိုပုပ္ပါး တောင်ထူးတောင်မြတ် တောင်ကလပ်သို့ ရဟန်းရှင်လူ ယောဂီပုဂ္ဂိုလ်တို့သည် သမထ ဘာဝနာကို သက်ဝင် ယုံကြည်စွာဖြင့် သွားရောက် အားထုတ် ကျင့်ကြံကြလေပြီ။

သမထ ဘာဝနာ တရားအားထုတ်ရန် ရောက်ရှိလာကြသည့် ယောဂီပုဂ္ဂိုလ်တို့အား တည်းခိုစခန်း နေရာထိုင်ခင်းမှအစ အစာအဟာရနှင့် ဆေးဝါးမကျန် သုံးရေ သောက်ရေ ချိုးရေများကို လိုသည်မရှိအောင် ရှေ့ဂူချောင် ပုပ္ပားတောင်ကလပ် ထိန်းသိမ်းစောင့်ရှောက်ပြုပြင်ရေး သံဃာ့အဖွဲ့ကြီးမှ ကူညီ စောင့်ရှောက်ပေးကြသည်မှာလည်း ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာ ရှိကြလေသည်။

ထိုပုပ္ပား တောင်ထူး တောင်မြတ် တောင်ကလပ်သို့ သွားရောက်၍ သမထ ဘာဝနာ တရားအားထုတ်လိုကြသည့် ယောဂီပုဂ္ဂိုလ်တို့အား ကြိုတင်၍....

'သာသနာပြု ဝိဇ္ဇာမဟာဒွိဆရာတော်'

ဦးပရမဝဏ္ဏာသိဒ္ဓိ၏။

'၁၄-ရက်၊ အဓိဋ္ဌာန်(၂၀)ကဏ္ဍ အောင်မြင်သည့်အချိန်တွင် ရဟန်းရှင်လူ ပြည်သူအများ သိမှတ်ဘွယ်ရာ အဖြာဖြာနှင့် ပဋိပတ္တိ ကျင့်စဉ်များ ဓမ္မဒါန စာအုပ်တွင် ပါဝင်သည့် ဘုရားရှိခိုး၊ မေတ္တာပို့၊ ဂုဏ်တော် ပုတီးစိပ်နည်းများကို ကျက်မှတ်နိုင်ကြစေခြင်း အလို့ငှါ ထပ်ဆင့် ကုသိုလ်ပွါး၍ ယုံကြည်သက်ဝင်စွာဖြင့် ဖေါ်ပြလိုက်ပါသတည်း။

*　　　*　　　*

'ဘုရားရှိခိုး'

'နမော တဿ ဘဂဝတော အရဟတော'

သမ္မာသမ္ဗုဒ္ဓဿ။

ရှင်းအနက်-

အရဟတော = မဏ္ဍိုင်ဗောဓိ၊ ရပ်သီရိတွင်၊ ဝိရိယခြေ၊ သီလမြေ၌၊ ရပ်နေပြီးလျက်၊ သဒ္ဓါလက်ဖြင့်၊ ကမ္မက္ခယ၊ ဉာဏပုဆိန်၊ ဆွဲချိန်ကိုင်ကာ၊ သံသရာစက်၊ အကန့်အကွက်ကို၊ ချိုးဖျက်တော်မူပြီးထသော-

သမ္မာသမ္ဗုဒ္ဓဿ — မဖောက်မပြန်၊ သယမ္ဘူဉာဏ်ဖြင့်၊ လေးတန်သော သစ္စာနှင့်တကွ သိအပ်သော ဉေယျဓံ တရားဟူသမျှကို မိမိအလိုလို ကိုယ်တော်တိုင် သိတော်မူပြီးထသော-

**တဿ ဘဂဝတော**=ဣလ္လာဿရိယ၊ စသည်အပြား၊ ခြောက်ပါးဘုန်း ရှင်၊ ထိုဘုရားသခင် ကိုယ်တော်မြတ်ကြီး အား-

**နမော** = အကျွန်ုပ်သည် လက်အုပ်မြှောက်ချီ၊ ဝစီ မနော ပြန့်ပြောကြည်စွာ သဒ္ဒါမြတ်နိုး ရှိခိုး ပါ၏ဘုရား....။

## ‘မေတ္တာခံယူ ဆောက်တည်မှု’

၁။ ဗုဒ္ဓသာ သိဝါဟံ မေတ္တံ ဂဏှာမိ။
၂။ ဓမ္မသာ သိဝါဟံ မေတ္တံ ဂဏှာမိ။
၃။ သံဃဿ သိဝါဟံ မေတ္တံ ဂဏှာမိ။
၄။ မာတာပိတူနံ သိဝါဟံ မေတ္တံ ဂဏှာမိ။
၅။ သဗ္ဗအာစရိယာနံ သိဝါဟံ မေတ္တံ ဂဏှာမိ။
၆။ သဗ္ဗမနောမယိဒ္ဓိ အာစရိယာနံ သိဝါဟံ မေတ္တံ ဂဏှာမိ။
၇။ သဗ္ဗဝိဇ္ဇာဓရာနံ သိဝါဟံ မေတ္တံ ဂဏှာမိ။
၈။ သဗ္ဗဒေဝ ဝိဇ္ဇာဓရာနံ သိဝါဟံ မေတ္တံ ဂဏှာမိ။
၉။ သဗ္ဗဒေဝါနံ သိဝါဟံ မေတ္တံ ဂဏှာမိ။
၁၀။ သဗ္ဗဒေဝီ ဒေဝါနံ သိဝါဟံ မေတ္တံ ဂဏှာမိ။
၁၁။ သဗ္ဗဘုမ္မရုက္ခ အာကာသာနံ သိဝါဟံ မေတ္တံ ဂဏှာမိ။

၁၂။ သဗ္ဗ သူရသာတိ စန္ဒိ ဒေဝိ ယက္ခိနိ မဏိမေခလာ သာသနာစောင့်၊ကမ္ဘာစောင့်၊ သိကြားမင်း၊ ဗြဟ္မာ မင်း အပေါင်းတို့၏ သိဝ ါဟံ မေတ္တံ ပဏ္ဍာမိ။
၁၃။ သဗ္ဗသပ္ပုရိသာနံ မယှံ မုဒ္ဒနိ ဖရိတွာ မေတ္တံ တိဋ္ဌတု။
၁၄။ မယှံ အာယု စိရံ တိဋ္ဌတု။

‘မေတ္တာ ခံယူ ဆောက်တည်ပုံ အနက်’

၁။ အဟံ၊ အကျွန်ုပ်သည်၊ ဗုဒ္ဓဿ၊ မြတ်စွာဘုရား ၏၊ သိဝံ၊ အေးမြသော၊ မေတ္တံ မေတ္တာကို၊ ဂဏှာ မိ ခံယူပါ၏။

၂။ ဓမ္မဿ၊ တရားတော်၏။

၃။ သံဃဿ၊ သံဃာတော်၏။

၄။ မာတာပိတူနံ အမိအဘတို့၏။

၅။ သဗ္ဗ အာစရိယာနံ၊ အလုံးစုံသော ဆရာတို့၏။

၆။ သဗ္ဗမနောမယိဒ္ဓိ အာစရိယာနံ အလုံးစုံသော မနောမယ တန်ခိုးရှင် ဆရာတို့၏။

၇။ သဗ္ဗဝိဇ္ဇာဓရာနံ၊ အလုံးစုံသော ဝိဇ္ဇာဓိုရ်တို့၏။

၈။ သဗ္ဗဒေဝဝိဇ္ဇာဓရာနံ၊ အလုံးစုံသော နတ်ဝိဇ္ဇာ ဓိုရ် တို့၏။

၉။ သဗ္ဗဒေဝ ါနံ၊ အလုံးစုံသော နတ်တို့၏။

၁၀။ သဗ္ဗ ဒေဝီ ဒေဝါနံ၊ အလုံးစုံသော နတ်သမီး နတ်သားတို့၏။

၁၁။ သဗ္ဗဘုမ္မရုက္ခ အာကာသာနံ၊အလုံးစုံသော ဘုမ္မစိုး ရုက္ခစိုး အာကာသစိုး နတ်တို့၏။....

၁၂။ သဗ္ဗ- အလုံးစုံသော သူရဿတီ စန္ဒီ ဒေဝီ ယက္ခိနီ မဏိမေခလာ သာသနာစောင့် ကမ္ဘာစောင့် သိကြားမင်း ဗြဟ္မမင်းအပေါင်းတို့၏၊ သိဝံ၊အေး မြသော၊ မေတ္တံ၊ မေတ္တာကို၊ ဂဏှာမိ ခံယူပါ၏။

၁၃။ သဗ္ဗ သပ္ပုရိသာနံ၊ အလုံးစုံသော သူတော်ကောင်းတို့၏၊ မေတ္တံ၊ မေတ္တာကို ဂဏှာမိ ခံယူပါ၏။

၁၄။ မယှံ၊ အကျွန်ုပ်၏၊ အာယု၊ အသက်သည်၊ စိရံ၊ ကြာမြင့်စွာ၊ တိဋ္ဌတု၊ တည်ပါစေသတည်း။

## 'မေတ္တာပို့'

၁။ အဟံ အဝေရော ဟောမိ၊ အဟံ အဗျာပဇ္ဇော ဟောမိ၊ အဟံ အနီဃော ဟောမိ၊ အဟံ သုခီ အတ္တာနံ ပရိဟရာမိ၊ ဒုက္ခာ မုစ္စာမိ၊ ယထာလဒ္ဓ သမ္ပတ္တိတော မာ ဝိဂစ္ဆာမိ၊ ကမ္မဿကော။

၂။ သဗ္ဗ မာတုပိတူ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု ကမ္မဿကာ။

၃။ သဗ္ဗအာစရိယာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု၊ ကမ္မဿကာ။

၄။ သဗ္ဗ မနော မယိဒ္ဓိ အာစရိယာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနိဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာ လဒ္ဓ သမ္ပတ္တိတော၊ မာ ဝိဂစ္ဆန္တု၊ ကမ္မဿကာ။

၅။ သဗ္ဗ ဝိဇ္ဇာ အာစရိယာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနိဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု၊ ကမ္မဿကာ။

၆။ သဗ္ဗ ဒေဝ ဝိဇ္ဇာ ဓရာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနိဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု ကမ္မဿကာ။

၇။ သဗ္ဗဒေဝါ အဝေရာ ဟောန္တု၊အဗျာပဇ္ဇာ ဟောန္တု၊ အနိဃာ ဟောန္တု၊သုခီ အတ္တာနံ ပရိဟရန္တု၊ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု ကမ္မဿကာ။

၈။ သဗ္ဗ ဒေဝီ ဒေဝါ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနိဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု ကမ္မဿကာ။

၉။ သဗ္ဗ ဘုမ္မ ရုက္ခ အာကာသာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနိဃာ ဟောန္တု၊ သုခီ

အတ္တာနံ ပရိဟာရန္တု၊ ဒုက္ခာ မုစ္စန္တု ယထာလဒ္ဓ
သမ္ပတ္တိတော မာ ဝိဂစ္ဆန္တု ကမ္မဿကာ။

၁၀။ သဗ္ဗ သူရဿတိ စန္ဒိ ဒေဝိ ယက္ခိနီ မဏိမေခလာ
နာဂရဋ္ဌမယ်တော် ပုပ္ပါးမယ်တော် မယ်ဝဏ္ဏ မင်း
၂-ပါး တို့သည် အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ
ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟ
ရန္တု ဒုက္ခာ မုစ္စန္တု ယထာလဒ္ဓသမ္ပတ္တိတော မာ
ဝိဂစ္ဆန္တု၊ ကမ္မဿကာ။

၁၁။ သာသနာစောင့်၊ ကမ္ဘာစောင့်၊နေ နတ်သား၊ လ
နတ်သား၊ မိုးနတ်သား၊ လေနတ်သား၊ သိကြား
မင်း၊ ဗြဟ္မာမင်း အပေါင်း တို့သည် အဝေရာ
ဟောန္တု၊အဗျာပဇ္ဇာဟောန္တု၊ အနီဃာ ဟောန္တု၊
သုခီအတ္တာနံ ပရိဟာရန္တု ဒုက္ခာမုစ္စန္တု ယထာ လဒ္ဓ
သမ္ပတ္တိတော မာ ဝိဂစ္ဆန္တု ကမ္မဿကာ။

၁၂။ ဆဒ္ဒေဝသု ဒေဝါ၊ အဝေရာ ဟောန္တု၊ အဗျာ
ပဇ္ဇာဟောန္တု၊အနီဃာ ဟောန္တု၊သုခီ အတ္တာနံ ပရိ
ဟာရန္တု၊ ဒုက္ခာ မုစ္စန္တု ယထာသဒ္ဓသမ္ပတ္တိတော
မာ ဝိဂစ္ဆန္တု ကမ္မဿကာ။

၁၃။ ဝိသ ဗြဟ္မေသု ဗြဟ္မာ၊ အဝေရာ ဟောန္တု၊ အဗျာ
ပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ
ပရိဟာရန္တု၊ ဒုက္ခာမုစ္စန္တု ယထာ လဒ္ဓ သမ္ပတ္တိတော
မာ ဝိဂစ္ဆန္တု ကမ္မဿကာ။

၁၄။ အန္တော သတ္တတိံသ ဒေဝေါ အဝေရာ ဟောန္တု၊
အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ
အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု ယထာ လဒ္ဓ
သမ္ပတ္တိတော မာ ဝိဂစ္ဆန္တု ကမ္မဿကာ။

၁၅။ ဗဟိ သတ္တတိံသ ဒေဝေါ၊ အဝေရာ ဟောန္တု၊အဗျာ
ပဇ္ဇာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ
ပရိဟရန္တု၊ ဒုက္ခာမုစ္စန္တု ယထာလဒ္ဓသမ္ပတ္တိတော
မာ ဝိဂစ္ဆန္တု၊ ကမ္မဿကာ။

၁၆။ အဋ္ဌဒိသာသု ဂြဟဒေဝေါ၊ အဝေရာ ဟောန္တု၊အဗျာ
ပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ
ပရိဟရန္တု၊ ဒုက္ခာမုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော
မာ ဝိဂစ္ဆန္တု၊ ကမ္မဿကာ။

၁၇။ သတ္တဝီသ နက္ခတ္တ သဗ္ဗ ဒေဝေါ၊ အဝေရာဟောန္တု၊
အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ
အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာမုစ္စန္တု၊ ယထာလဒ္ဓ
သမ္ပတ္တိတော မာ ဝိဂစ္ဆန္တု ကမ္မဿကာ။

၁၈။ မမ ကာယေ အာရက္ခ ဒေဝေါ၊ အဝေရာ ဟောန္တု၊
အဗျာပဇ္ဇာဟောန္တု၊အနီဃာ ဟောန္တု၊သုခီအတ္တာနံ
ပရိဟရန္တု ဒုက္ခာမုစ္စန္တု ယထာလဒ္ဓသမ္ပတ္တိတော
မာ ဝိဂစ္ဆန္တု ကမ္မဿကာ။

* *

## ‘ မေတ္တာ ’

၁။ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု၊

၂။ သဗ္ဗေပါဏာအဝေရာဟောန္တု၊အဗျာပဇ္ဇာဟောန္တု အနီဃာ ဟောန္တု၊ သုခီ အတ္တာနံပရိဟရန္တု၊

၃။ သဗ္ဗေ ဘူတာ အဝေရာ ဟောန္တု အဗျာပဇ္ဇာ ဟောန္တု၊အနီဃာ ဟောန္တု၊သုခီအတ္တာနံ ပရိဟရန္တု၊

၄။ သဗ္ဗေ ပုဂ္ဂလာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊

၅။ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊

၆။ သဗ္ဗာ ဣတ္ထိယော အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊

၇။ သဗ္ဗေ ပုရိသာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊

၈။ သဗ္ဗေ အရိယာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊

၉။ သဗ္ဗေ အနရိယာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊

၁၀။ သဗ္ဗေ ဒေဝါ အဝေရာဟောန္တု၊အဗျာပဇ္ဇာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊

၁၁။ သဗ္ဗေ မနုဿာ အဝေရာ ဟောန္တု။ အဗျာပဇ္ဇာ ဟောန္တု။ အနီဃာ ဟောန္တု။ သုခီ အတ္တာနံ ပရိဟရန္တု။

၁၂။ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာ ဟောန္တု သုခီ အတ္တာနံ ပရိဟရန္တု။

## 'မေတ္တာပို့'

၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ အဝေရာ
ဟောန္တု။ အဗျာပဇ္ဇာ
ဟောန္တု။ အနီဃာဟောန္တု
သုခီ အတ္တာနံ ပရိဟရန္တု။

* ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပါဏာ အဝေရာဟောန္တု။ အဗျာပဇ္ဇာ ဟောန္တု။ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

* ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဘူတာ အဝေရာဟောန္တု။ အဗျာပဇ္ဇာ ဟောန္တု။ အနီဃာဟောန္တု။ သုခီ အတ္တာနံ ပရိဟရန္တု။

* ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဝေရာဟောန္တု။ အဗျာပဇ္ဇာဟောန္တု။ အနီဃာ ဟောန္တု။ သုခီအတ္တာနံ ပရိဟရန္တု။

* ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာအဝေရာဟောန္တု။ အဗျာပဇ္ဇာ ဟောန္တု။ အနီဃာဟောန္တု။ သုခီ အတ္တာနံ ပရိဟရန္တု။

* ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဣတ္ထိယော အဝေရာ ဟောန္တု။ အဗျာပဇ္ဇာ ဟောန္တု။ အနီဃာ ဟောန္တု။ သုခီ အတ္တာနံ ပရိဟရန္တု။

* ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုရိသာ အဝေရာ ဟောန္တု။ အဗျာပဇ္ဇာ ဟောန္တု။ အနီဃာ ဟောန္တု။ သုခီ အတ္တာနံ ပရိဟရန္တု။

* ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အရိယာ အဝေရာဟောန္တု။ အဗျာပဇ္ဇာ ဟောန္တု။ အနီဃာ ဟောန္တု။ သုခီ အတ္တာနံ ပရိဟရန္တု။

* ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အနရိယာ အဝေရာ ဟောန္တု။ အဗျာပဇ္ဇာ ဟောန္တု။ အနီဃာ ဟောန္တု။ သုခီအတ္တာနံ ပရိဟရန္တု။

* ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဒေဝါ အဝေရာဟောန္တု။ အဗျာပဇ္ဇာဟောန္တု အနီဃာဟောန္တု။ သုခီအတ္တာနံ ပရိဟရန္တု။

* ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ မနုဿာအဝေရာဟောန္တု။ အဗျာပဇ္ဇာ ဟောန္တု။ အနီဃာ ဟောန္တု။ သုခီအတ္တာနံ ပရိဟရန္တု။

* ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု။ အဗျာပဇ္ဇာဟောန္တု။ အနီဃာဟောန္တု။ သုခီအတ္တာနံ ပရိဟရန္တု။

မှတ်ချက်။ ။အောက်ပါ နံပါတ် ၂ (မှ) ၁၀-အထိ စာပိုဒ်များကို....

အထက်ပါ နံပါတ် ၁-တွင် ဖေါ်ပြထားသော ပုရတ္ထိမာယဒိသာယ စာပိုဒ်နေရာတွင် ထည့်သွင်း၍ ရွတ်ဖတ်ကြပါလေ။

၂။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ သတ္တာ.... ....
၃။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ သတ္တာ .... ....
၄။ ဥတ္တရာယ ဒိသာယ သဗ္ဗေ သတ္တာ ....
၅။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ သတ္တာ ....
၆။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ သတ္တာ ....
၇။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ သတ္တာ ....
၈။ ဥတ္တရာယ အနုသာဒိယ သဗ္ဗေ သတ္တာ ....
၉။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ သတ္တာ ....
၁၀။ ဥပရိမာယ ဒိသာယ သဗ္ဗေ သတ္တာ ....

## 'အထူး ဖတ်ရှုရန်'

အရှေ့ နေထွက်၊ အနောက် နေဝင်၊ တောင် တံငါကွန်း၊ မြောက် ဓူဝံကြယ်၊ အထက်မှာ ဘဝဂ်၊ အောက်မှာ အဝီစိ၊ နှံ့ဘိ ကျေညာ၊ ဖိလာထုတ်ချင်း ရူပ- အရူပ ကာမဘုံ၌ ကျင်လည် ကြကုန်သော လူ နတ် ဗြဟ္မာ ဝိဇ္ဇာ ဇော်ဂျီ တပသီတို့မှ အစပြု၍ ၃၁ ဘုံ၌ ကျင်လည်ကြကုန်သော သုခိတ ဒုက္ခိတ သတ္တဝါ အပေါင်းတို့နှင့် တောလမိုင်း၊ တောင်လမိုင်း၊ ရေလမိုင်း၊ အာကာသလမိုင်း၊ ဣဒ္ဓိမန္တ ဝေမာနိက အပေါင်းတို့အား၊ ကျန်းမာ ချမ်းသာ စေကြောင်း အကျွန်ုပ် မေတ္တာရေ သွန်းလောင်းလိုက် ပါသည်၊ (ဝါ)မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းလိုက်ပါသည်။

* အစေဝရာ၊ ဘေးရန် မရှိကြကုန်သည်၊ ဟောန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။

* အဗျာပဇ္ဇာ၊ စိုးရိမ်ကြောင့်ကြ စိတ်သောက ဗျာပါဒ မရှိကြကုန်သည်၊ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

* အနီဃာ၊ ဆင်းရဲငြိုငြင် ပင်ပန်းခြင်း မရှိကြကုန်သည်၊ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

သုခီ၊ ချမ်းသာစွာ (ဝါ) ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာ၊ အတ္တာနံ၊ မိမိ၏ ရုပ်နာမ် ခန္ဓာကိုယ်ကို၊ ပရိဟရန္တု၊ စိတ်ချမ်းကြည်သာစွာနှင့် ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

* ဒုက္ခာ၊ ဆင်းရဲခြင်း အပေါင်းမှ (ဝါ) သံသရာတည်းဟူသော ဝဋ္ဋဒုက္ခ အပေါင်းမှ၊ မုစ္စန္တု၊ လွတ်မြောက်ကြပါစေကုန်သတည်း။

* ယထာ လဒ္ဓသမ္ပတ္တိတော၊ အကြင် အကြင် ရအပ်သော စည်းစိမ်ဥစ္စာ ဟူသမျှတို့မှ၊ မာ ဝိဂစ္ဆန္တု၊ မကျိုးမပေါက် မပျက်မစီး တည်တံ့ခိုင်မြဲကြပါစေကုန်သတည်း။

* အနာဂတံ၊ မလာရောက်ကြသေးသော၊ ဃာတံ၊

လာဘ်ထူး လာဘ်မြတ် ပညာထူး ပညာ
မြတ် သိဒ္ဓိအပေါင်းသည် အာဂစ္ဆန္တု
အမြန်မကြာ လာရောက်ကြပါစေကုန်
သတည်း။

* ကမ္ဘာသိကာ၊ ရှေးက ယခုပြုကြကုန်သော ကုသိုလ်ကံ အကု
သိုလ်ကံ ၂-ခုသာလျှင် မိမိကိုယ်၌ ရှိကြပါစေ
ကုန်သတည်း။

* ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ လန်းဖြာကြပါစေ။
* ကိုယ်စိတ်နှစ်ဖြာ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ
ရှိကြပါစေကုန်သတည်း။

မှတ်ချက်။ ။လောကီစီးပွားရေး ဿရာဝါသ၌ ပျော်မွေ့ကြ
ကုန်သော ပြည်သူ ပြည်သား ပါရမီရှင် ဒါယ
ကာ ဒါယိကာမ အပေါင်းတို့သည် တနေ့လျှင်
တကြိမ်ကျ မရမီ စာအုပ်ကိုကြည့်၍ ရွတ်ဖတ်ပါ။

'စူဠဂန္ဓာရီ၊ မဟာဂန္ဓာရီ၊ဝိဇ္ဇာမဟိဒ္ဓိလမ်းကို အားထုတ်ကြ
ကုန်သော ပါရမီရှင် ပုဂ္ဂိုလ်အပေါင်းတို့သည်

* တနေ့လျှင် နံနက် ၄- နာရီတကြိမ်။
* နေ့လည် ၂- နာရီတကြိမ်။
* ည ၉- နာရီတကြိမ် ။

တနေ့လျှင် သုံး(၃)ကြိမ်၊ မေတ္တာပို့သ ပွားများရမည်။

F 13

ဤမေတ္တာပို့ကို ပုပ္ပါးတောင်ကလပ် သာသနာပြုဆရာတော်
ဆယ်(၁၀)နှစ်သားမှစ၍....

* ရှင်မထီး ဆရာတော်။
* ယက္ကန်းစင်ထောင် ဦးသြဘာသ။
* ဆံရှည် ဆရာတော် ဦးကောဏ္ဍည။
* ဆရာတော် ဦးပညာသာမိ။
* ပုပ္ပါး ဦးကောသလ္လ။
* ဆရာတော် ဦးပေါက်ဆိန်။
* ဇင်းမျိုး ဦးဥက္ကံသ။
* ရှင်ဥတ္တမကျော်စသော ဆရာတော်ကြီးများ၏ သွန်သင်ပြသသော နိသျှည်းကို ရယူ ကျင့်သုံးပြီး ယခုအခါတွင် ပြည်သူပြည်သား ပါရမီရှင်အများတို့ ကပ် ၃-ပါးမှ လွတ်မြောက်စေရန် ဒါယကာ ဒါယိကာမအပေါင်းတို့၏ အခါခါလျှောက်ထားချက်အရ ၅၂၈-သွယ် မေတ္တာကမ္မဋ္ဌာန်း ပို့သပွါးများနည်းကို ဆရာတော်၏အမိန့်အတိုင်း စာအုပ် ထုတ်ဝေပါသည်။
* ဆရာတော်၏အမိန့်အတိုင်း စာအုပ် ထုတ်ဝေပါသည်ဟုဆိုသည်မှာ ပုပ္ပါးတောင်ကလပ် သာသနာပြု ဆရာတော် ဦးပရမစက္ကာသိဒ္ဓိ(၏)ပဋိပတ္တိ ကျင့်စဉ်များ စာအုပ်ဖြစ်ပါသည်။

ထိုစာအုပ်တွင် ၁။ ဆရာတော်၏ ရာဇဝင်အတ္ထုပ္ပတ္တိအကျဉ်း။ ၂။ ၁၀၉ကြိမ်မြောက် သိက္ခာထပ်သည့် ဒါယကာ၊ ဒါယိကာမများ အမည်စာရင်း။ ၃။ မြေအလှူရှင်၊ ၄။ ပြုလုပ်ပြီးသော

အဆောက်အဦများစာရင်း၊ ၅။ စူဠာဂန္ဓာရီလမ်း သမထ ပုတီးစိပ်နည်း၊ မဟာဂန္ဓာရီ ဝိဇ္ဇာမဟိဒ္ဓိ ဝိပဿနာပုတီးစိပ်နည်း၊ ခန္ဓာငါးပါး၊ အာယတန ၁၂ပါး။ ဓါတ် ၁၈ပါး စသည်တို့ ပါရှိလေသည်။ ဓမ္မဒါနအလှူရှင်မှာ....

'သာသနာ့ ဒါယကာ ဒါယိကာမ ဦးဘရင် ဒေါ်မြသီ သိမ်ကြီးဈေး၊ ၂၄လမ်း ရန်ကုန်မြို့မှဖြစ်ပါ၍ သာဓု သုံးကြိမ် ခေါ်ဆိုလိုက်ပါ၏။

# ဘုရားရှိခိုး အမျိုးမျိုး

# အခန်း (၁၉)

## 'ကန်တော့ချိုး'

'ဩကာသ-ဩကာသ-ဩကာသ-ကာယကံ ဝစီကံ မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှာ ဘုရားရတနာ တရားရတနာ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး ဆရာသမားတို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား'

## 'ဆုတောင်း'

'ကန်တော့ရသော ကုသိုလ်ကောင်းမှုကံ စေတနာတို့ကြောင့် အပါယ်လေးပါး ဘေးသုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရားငါးပါး အနာမျိုး ကိုးဆယ့်ခြောက်ပါး မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါးတို့မှ အခါခပ်သိမ်း

ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား တော်မြတ်ကို လျင်မြန်စွာ ရပါလို၏ အရှင်ဘုရား'

'သီလဆောက်တည်ရန်'

'ငါး(၅)ပါးသီလတောင်း'

၁။ (သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ)

* အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊အနုဂ္ဂဟံကတွာ သီလံဒေထ မေ ဘန္တေ။

၂။ (ဒုတိယမ္ပိ) သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ။

* (ဒုတိယမ္ပိ) အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

၃။ (တတိယမ္ပိ) သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ–

* (တတိယမ္ပိ) အဟံ ဘန္တေ တိသရဏေနသဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

* (အာမဘန္တေ)

မှတ်ချက်။ ဤ- ငါး(၅)ပါး သီလ တောင်းတွင် အရှည်သိ တောင်းယူလိုလျှင် သံသာရ

ဝန္ဒာမိ ဘန္တေ (ကို) ထည့်၍ ရွတ်ဆိုပါ။
* သီလကို အတိုနည်းဖြင့် တောင်းယူလို
ပါက * ကြယ်ပြထားသည့် အပိုဒ်
များကိုသာ ရွတ်ဆိုပါ။

## 'ငါး (၅) ပါးသီလ ဘုရားရှိခိုး'

၁။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၂။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၃။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

'သရဏဂုံသုံးပါး'

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။
၂။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
၃။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

'သိက္ခာပုဒ် ငါး(၅)ပါး ဆောက်တည်ရန်'

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

* အာမဘန္တေ။

'ငါး(၅)ပါးသီလ ဆောက်တည်ခြင်းပြီး၏။'

* ✿ *

‘ရှစ်(၈)ပါးသီလ ဆောက်တည်ရန်။

ရှစ်ပါးသီလတောင်း....

၁။ (သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာန
ဿ သစ္ဆိကရဏတ္ထာယ)

* အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာ
ဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ
ကတွာ သီလံ ဒေထ မေ ဘန္တေ။

၂။ (ဒုတိယမ္ပိ-သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ
နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ)

* (ဒုတိယမ္ပိ) အဟံ ဘန္တေ တိသရဏေန သဟ
အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာ
မိ၊ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေ ဘန္တေ။

၃။ (တတိယမ္ပိ-သံသရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ)....

* (တတိယမ္ပိ) အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

* (အာမဘန္တေ)

မှတ်ချက် ဤ- ရှစ်(၈)ပါးသီလတောင်းတွင် အရှည်သီလ တောင်းယူလိုလျှင် သံသာရဝဋ္ဋဒုက္ခတော (ကို) ထည့်၍ ရွတ်ဆိုပါ။

* သီလကို အကျဉ်းနည်းဖြင့် တောင်းယူလိုပါက ကြယ်ပြထားသည့် အပိုဒ်ကိုသာ ရွတ်ဆိုပါ။

'ရှစ်(၈)ပါးသီလ ဘုရားရှိခိုး--

၁။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၂။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၃။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

'သရဏဂုံသုံးပါး''

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

၂။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
၃။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

### သိက္ခာပုဒ်ရှစ်(၈)ပါးဆောက်တည်ရန်

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
* ၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာ မေရယ မဇ္ဇပမာဒဋ္ဌာန ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
* ၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
* ၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
* ၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယမိ။

* အာမဘန္တေ

'ရှစ်ပါးသီလ ဆောက်တည်ခြင်းပြီး၏'

* * *

‘ကိုး(၉) ပါး (နဝင်္ဂဥပုသ်) ဆောက်တည်ရန်’

‘ကိုး(၉)ပါးသီလတောင်း

၁။သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

၂။ ဒုတိယမ္ပိ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလုံ ဒေထ မေ ဘန္တေ။

၃။ တတိယမ္ပိ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

"ဘုရားရှိခိုး"

၁။ နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

၂။ နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

၃။ နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

"သရဏဂုံ သုံးပါး"

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

၂။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

၃။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

'သိက္ခာပုဒ် ကိုး(၉)ပါး ဆောက်တည်ရန်'

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံသမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသန ဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
* ၉။ မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ။

* အာမ ဘန္တေ။

( ကိုး (၉) ပါး သီလ ဆောက်တည်ခြင်း ပြီး၏ )

*   *   *

## 'ဆယ်(၁၀)ပါးသီလ ဆောက်တည်ရန်'

### ဆယ်(၁၀)ပါးသီလတောင်း

၁။ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ အဟံ ဘန္တေ တိသရဏေန သဟ ဒသ ဂဟဋ္ဌ သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

၂။ ဒုတိယမ္ပိ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ အဟံ ဘန္တေ တိသရဏေန သဟ ဒသ ဂဟဋ္ဌသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

၃။ တတိယမ္ပိ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ အဟံ ဘန္တေ တိသရဏေန သဟ ဒသ ဂဟဋ္ဌသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။'

ဘုရားရှိခိုး

၁။ နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

၂။ နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

၃။ နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

သရဏဂုံ သုံးပါး

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ

၂။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ သံဃံသရဏံ ဂစ္ဆာ။

၃။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

သိက္ခာပုဒ် ဆယ်(၁၀) ပါး ဆောက်တည်ရန်....

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ အပြုပ္ပဟစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာ မေရယ မဇ္ဇ ပမာ ဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသန ဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၉။ ဥစ္စာသယန မဟာသယန ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၀။ ဇာတရူပ ရဇတပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာ ပဒံ သမာဒိယာမိ။

အာမ ဘန္တေ

(ဆယ်(၁၀)ပါးသီလ ဆောက်တည်ခြင်း ပြီး၏။)

* * *

‘ဘုရားရှိခိုး အမျိုးမျိုး’

‘ရောင်ခြည်တော်ဖွင့် ဘုရားပင့်’

‘နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ’

၁။ စတုက္ကရံသိ နိက္ခန္တ၊
မေရုရာဇာ ဂိရုတ္တမော။
သောဘတေဝ သကာဘာယ၊
ဩဘာသယံ သမန္တတော။

၂။ တထာ စ သော ဘနော ဗုဒ္ဓ၊
ဆဗ္ဗဏ္ဏရုစိယာ ဘာတိ။
အနန္တဇုတိမာ ဘန္တေ၊
ဂန္တွာ ဌာနေသု သိရိမှိ မေ။

ဒ၊နက်။ ။၁) ဝိရူတ္တမောကမ္ဘာပေါ်တွင် ထင်ရှား ရှိသမျှ တောင်တကာ့ထွဋ်မှူး တောင်ဦး တောင်မြတ်ကြီး ဖြစ်ပေထသော၊ စတုက္ကရံသိနိက္ခန္တ မေရုရာဇာ-ရွှေ ငွေ မြ ဖလ် လေးတန်ရောင်ခြည် ထွက်လည် ကွန့်မြူး တင့်ထူးလျှံပြိုင် မလှိုင်ချက်ဗွေ နေစက် လစက် နက္ခတ်တာရာ ကြယ်တကာကို ဝဲယာပတ်ဂိုက် ဦးခိုက်ကြရာ မဟာမြင့်မိုရ်တောင်မင်းကြီးသည်၊ သကာဘာယ-ဝါဝင်းရောင် ဖြူဝင်းရောင် စိမ်းလဲ့ရောင် ဖလ်မှုန်ရောင် တည်းဟူသော မိမိ အရောင် အဝါ ဖြင့်၊ သမန္တတော-နှစ်ထောင် ကျွန်းငယ် လေးသွယ်၊ ကျွန်းကြီးသီးသီးမြွာမြွာ အဏ္ဏဝါလေးသွယ် မြစ်ငယ်ငါးရာ ငါးဖြာမြစ်မ ရှိသမျှအကုန် လုံးစုံရပ်တည် ပတ်ပတ်လည်၌၊ ဩဘာသယံ (ဩဘာသယန္တော) ထွန်းလင်း တောက်ပြောင်စေလျက်၊ သောဘာတိ ဣဝ-သေးကျွန်းလုံးအလယ် တည်သကဲ့သို့။

၂) တထာ စ- မြင့်မိုရ်တောင်ကြီး ပုံမှီးစံယူ အလားတူသာလျှင်၊ ဆဗ္ဗဏ္ဏရစိယာ- ကြာညိုရောင် မည်းညိုရောင် ပုလဲညိုရောင် ဖဲညိုရောင် မြစိမ်းညိုအရောင် အဆင်းကဲ့သို့ ညိုဝင်းသော ရောင်ခြည်တော်၊ နေမင်းအရောင် ရွှေအဆင်းအရောင် ပယင်းအဝါရောင် သလင်းအဝါရောင် ပုလဲ

အဝါရောင် ‘ဖဲအဝါရောင် ပတ္တမြားဝါအရောင် အဆင်းကဲ့သို့ ဝါဝင်းသော ရောင်ခြည်တော်၊ တိမ်နီရောင် စိန်နီရောင် ကြာနီရောင် သာဂိရောင် သန္တာနီရောင် ကမ္ဗလာနီရောင် ပတ္တမြားနီ အရောင်အဆင်းကဲ့သို့ နီဝင်းသော ရောင်ခြည်တော်၊ ဘော်သာခွါရောင် သော်တာလရောင် မကာရ်း အဖြူရောင် ဂွမ်းအဖြူရောင် စပယ်ဖြူရောင် ကြယ်အဖြူရောင် စကား အဖြူရောင် ခယားအဖြူရောင် ရတီစိန် အဖြူရောင် ဝဇီရိန် အဖြူရောင် ပွတ်သစ်စ ခရုသင်း အရောင်ကဲ့သို့ ဖြူဝင်းသော ရောင်ခြည်တော်၊ မည်းရောင် နီညိုရောင် ထည့်ခလောင်းကူးယှက် ပေါင်းသဖြင့် မှည့်မောင်းမှိုင်းအုံ့ ရီမှုန်သော အဆင်းရှိသော မဉ္ဇိဋ္ဌ ရောင်ခြည်တော်၊ မင်းလွှင်မြူးခုန် ကဆုန်မာသ ခါမယဉ္ဇ မိုးဝပြင်ကျယ် ကောင်းကင်လယ်က လျှပ်ပန်းနွယ်ယှက် ကူးပိုး မြေမြူးသဏ္ဍာန် မီးပန်းတွေ့ပျံသလို အလျှံတလက်လက် တက်သက် ကွန့်လည် ဤမှာထိုမှာ လူးလာပြိုးပြက် တခဲနက်သော ပဘဿရ ရောင်ခြည်တော်တည်း ဟူသော ခြောက်သွယ်သော ရောင်ခြည်တော် အပေါင်းဖြင့်၊ သောဘနော-မြင်သူအများ ရှုမအားအောင် ကြွားကြွားဆင့်ဆင့် တင့်တယ်တော် မူမေထသော၊ ဗုဒ္ဓ-သာသနာလေးရပ် တရားမြတ်ကို လူ နတ် အများ သိထင်ရှား

အောင် ဟောကြားထုတ်ဖော် သိစေတော် မူပေထသော၊ ဘဒ္ဒ-ရွှေဘုန်းတော် သခင် အရှင်မြတ်ကြီးဘုရား၊ အနန္တ ဇူတိမာ-မြေ အဆုံး မိုးအဆုံး စကြာဝဠာဆုံးအောင် အုပ်ဖုံး ဖြန့်မိုးခြင်းငှါး စွမ်းနိုင်ရာသောကြောင့် မိုင်တာကောသ ဂါဝုဘယူဇနာ သင်္ချာပမာဏ ဂဏန်းချ၍ မရနိုင်ချေ။ အပ္ပမေအနန္တ ဆုံးစမထင်ရောင်ရှင်တော် အပေါင်းနှင့် ပြည့်စုံတော် မူပေထသော၊ ဘဝံ-ရှင်တော် မြတ်ဘုရားကြီးသည်၊ အာဂန္တာ-တရာ့ရှစ်ကုက် ရွှေစက်အစုံ ကြာပဒိုကို ညွှတ်ရိုးဖြန့်မြန်း ကြွလှမ်းတော်မူ၍၊ မေ-ရှင်တော် မြတ်ဘုရားကို ကိုးစားယုံကြည် အတည်မပြတ် ဆည်းကပ်လျက် ရှိပါသော အကျွန်ုပ်၏၊ သိရမို-နှစ် ကုဋေ ငါးသန်း မြနန်းချည်ဟန် ဆံပင်ပေါင်ဖွဲ့ ပျောင်းနွဲ့ညွှတ်ရို အဝတ်ပုံပမာ ဦးခေါင်းတည်းဟူသော နေရာတော်၌၊ ဌာတု-အမြဲမပြတ် ကိန်းဝပ် တည်တော်မူလှည့်ပ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီး ဘုရား။

## ‘ရောင်ခြည်တော် အမွန်း’

၁။ ဗေဒိညောင်နန်း၊ အောင်ပန်းပလ္လင်၊
အနောက်မြောက်နား၊ နတ်များဖန်ဆင်။
ရွှေအိမ်နန်းက၊ ပဉ္စာနန်းဆင်ခြင်၊
သည်တော့မှ ထွက်ကြွရောင်ခြည်ရှင်။ ။

၂။ ရောင်ခြည်ခြောက်ပါး၊ စိတ်ထားကြည်ရှင်၊
ရှင်တော်ဘုရား၊ ဂုဏ်များတွေးဆင်။
ယခုမွန်းကြည့်၊ နိမ့်မိရုပ်ရှင်။
စိတ်ကြည်နူး၊ ရည်စူးပဏာတင်။ ။

(ရောင်ခြည်တော် ခြောက်ပါး)

၃။ မွေတော်ဆံတွင်း၊ ထွက်လင်းလာပြီ၊
စိမ်း ညို ပြာ လဲ့၊ မြန့်တူသည်။

တိမ်တောင်ပန်းသို့၊ တင့်ဆန်းရှင်ကြည်၊
နီလလျှမ်း၊ ကြွမြန်း ညိုရောင်ခြည်။ ။

။ အရေတော်သား၊ ထွက်ငြားလင်းပြီ၊
ရွှေလို ဝါဝင်း၊ လမင်း ရှုံးသည်။
စကားရွှေပန်း၊ နတ်နန်းသို့ကြည်၊
ပီတ လျှမ်း ကြွမြန်းရွှေရောင်ခြည်။ ။

၃။ ခြေ, လက်, နှုတ်, လျှာ၊ ထွက်လာ သွေးဆိ၊
မတ္တာမြားဆင်း၊ နေမင်းရှုံးသည်။
မဏိခေါင်ရမ်း၊ လယ်ပန်းသို့ကြည်၊
လောဟိတ- ထွန်းပနီရောင်ခြည်။ ။

၄။ သွားရိုး ဥဏ္ဏာ၊ ထွက်ကြွလာပြီ၊
ဘွဲ့ဖြူတော်စိန်၊ ရောင်ထိန်ထူသည်။
နေ လ ကြယ်မီး၊ မှိတ်ပြီးမကြည်၊
ဩဒါတ၊ ထွန်းပဖြူရောင်ခြည်။ ။

၅။ ရွှေကိုယ်တော်လုံး၊ သိမ်းကျုံးလင်းပြီ။
မိုးကြိုးရည်ဆန်၊ လျှပ်ပန်းထူသည်။
ခရမ်း ရင့်ရင့်၊ ပန်းပွင့်ပုံကြည်၊
မဉ္ဇိဋ္ဌ ထွန်းပမောင်း ရောင်ခြည်။ ။

၆။ ထက်-အောက် အများ၊ ကိုယ်ကား လင်း၊
ရွှေ, ငွေ, စိန် မြ၊ ထိတ်လှထူသည်။
ဆေးရောင်စုံသို့၊ ဝင်းလှ ရှင်ကြည်၊
ပဘဿ၊ ထွန်းပပြိုး ရောင်ခြည်။ ။

## (ရောင်ခြည်တော်များ ကွန့်မြူးဟန်)

၉။ ရောင်ခြည်ခြောက်ပါး၊ ဘုရားဘုန်းစည်၊
တသောင်းစကြာ၊ ဝဋ္ဋာနယ်ပြည်။
ဒိသာဆယ်ရပ်၊ ဝင်းလျှပ်ထိန်ကြည်၊
မြင်သူများ၊ စိတ်ထားရွှင်လှသည်။ ။

၁၀။ ရေ, မြေ, ကောင်းကင်၊ သောင်းခွင်မကျန်။
နေ, လ ထောင်သောင်း၊ ရောင်းမောင်းမှိန်ပြန်။
စိန်ကျောက်အများ၊ မှုံမွှားမဟန်၊
ကိုယ်တော်ကြီး၊ ထိန်ညီးရောင်တော်လျှံ။ ။

## (သတ္တဝါအများ ကြည်ညိုကြပုံ)

၁၁။ ဘုန်းတော် ခြောက်ပါး၊ ထိန်ငြားဝင်းလျှံ၊
နေ့လား ညလား၊ ပိုင်းခြား မမှန်။
လူရော နတ်ရော၊ စုံနှော ဖူးသံ၊
တသောင်းတိုက်၊ သိုင်းရိုက်ပုံသဏ္ဍာန်။ ။

၁၂။ မြင်သူ လူ နတ်၊ ဖူးအပ်ကျွတ်ပါ၊
ငါတို့မသိ၊ ကြွင်းဘိကျန်တာ။
များစွာအံ့ပြီး၊ ကောင်းချီးပြုကာ၊
ယခုဖူး၊ အထူးမြိန်လိုက်ထာ။ ။

## ‘လယ်တီ ဆရာတော်ဘုရားကြီး’

## (၏)

## ‘သတ္တဌာန ဘုရားရှိခိုး’

၁။ ဘုန်းရောင်ထွန်းထိန် စောမှိုန်၏ ပည်ခြွေ ချွေ
ရာမှုန့်ဘိ ဗောဓိကြွင့်နှုန်း ရွှေညောင်နန်းဝယ် ထူး
ဆန်းအံ့လောက် မြေမှပေါက်သားရောင်တောက်
မာန်နှင့် ရွှေပလ္လင်ထက် သဗ္ဗညုတ ဉာဏ်ကိုရပြီး
သတ္တာဟရက် ဖွဲ့ခွေလျက်ပင် ငြိမ်သက်တင့်တယ်
သုံးစမ္ပါယ်သည် ဘုန်းကြွယ်လက်ဦး ပွဲပေကို။

၂။ နှစ်ကြိမ်မြောက်က သတ္တာဟတွင် မာရပယ်လှန်
ပလ္လင်ပုံမှ သေန်တူရှု ရပ်တော်မူလျက် ကြည်ဖြူ
ငြိမ်ချမ်း ပလ္လင်နန်းကို ဖြောင့်တန်းစက္ခု စိမ်း
စိမ်းရှုလျက် သုံးလှူ့ရှင်ပင် ပျော်စံရှင်သည့်
ကြည်လင်ညွှတ်နူးဖွယ်ပေကို။

၃။ သုံးကြိမ်မြောက်ထ သတ္တာဟတွင် ဗောဓိပင်မှ မြောက်ခွင်ဥတ္တရာ စင်္ကြံသာ၌ လူးလာတုန့်ခေါက် ကြွချီလျှောက်၍ ဘုန်းတောက်ဘုရား ပျော်စံစားသည် တရား ဆင်ခြင်လျက်ပေကို။

၄။ လေးကြိမ်မြောက်ထ သတ္တာဟတွင် ဗောဓိပင်နှင့် ပလ္လင် ထွန်းတောက် အနောက်မြောက်ဝယ် အံ့လောက်ဖွယ်ရာ ရတနာဃြိမ် စံရွှေအိမ်၌ ကြိမ်ကြိမ် ဖန်ခါ ဘိဓမ္မာကို မဟာဥာဏ သာဂရဖြင့် ဗုဒ္ဓ ရှင်ပင် သုံးဆင်ခြင်သည် ရောင်ရှင်ခြောက်ဖြာ ညီးလို့ကို။

၅။ ငါးကြိမ်မြောက်ထ သတ္တာဟတွင် ဗောဓိပင်မှ ရှေခွင်ပုဗ္ဗာ ရပ်ဒိသာဝယ် ကြီးစွာမြင့်ခေါင် ဆိတ်ကျောင်းညောင်၌ ဘုန်း ခေါင် ပ ရ မေ စမ္ပာယ်နေသည် ရိုသေ မြတ်နိုးဖွယ်ပေကို။

၆။ ခြောက်ကြိမ်မြောက်ထ သတ္တာဟတွင် ရွှေပလ္လင် ညောင် အရှေ့တောင်၌ မြရောင်လိုလို ရေညိုပြည့် လျှမ်း ကြာပန်းညွတ်ရုံ ပန်းမျိုးစုံသည့် မုစ္စလိန္ဒာ အိုင် သာဖြန့်ကျင်း ကျဉ်းပင်ရင်းဝယ် သနင်းလူ့ ဆွေ စမ္ပါယ်နေသော် မိုးလေထန်ပြင်း သွန်းချ ခြင်းကြောင့် မြွေမင်းရန်ဟန့် ပါးပျဉ်းဖြန့်လျက် ချီးအုံ့တန်ခိုး ဆောင်းကာမိုးသည် ရှေးကျိုး သမ္ဘာတော်ကြောင့်ကို။

၇။ ခါသတ္တမ သတ္တာဟတွင် ဗောဓိပင်မှ တောင်ပြင်
လကျာ မြေမျက်နှာဝယ် ရာဇာယတန မည်ရခေါ
တွင် လင်းလွန်ပင်၌ သဗ္ဗညုဖျား ပျော်စံသည်
ကြီးမားဉာဏ်တော် ဖွင့်လျက်ကို။
'ထိုခုနစ်ပါး အရပ်များကို ရှေးသွားသဒ္ဒါ ကြည်
ညိုစွာလျှင် ဝန္ဒနာမာန ဂါရဝဖြင့် ဦးချည့်တ်
ကျိုး ကျွန်ရှိခိုးသည်' ကောင်းကျိုးခပ်သိမ်း ငြိမ်း
စေသော်၊ အေးမျိုးခပ်သိမ်း ကိန်းစေသော်။

* * *

## 'သမ္ဗုဒ္ဓေ ဘုရားရှိခိုး'

၁။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊
နမာမိ သိရသာမဟံ။

၂။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊
အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊
အာဒရေန နမာမဟံ။

၃။ နမက္ကာရာ နုဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေက အန္တရာယာပိ၊
ဝိနဿန္တု အသေသတော။

၁။ အင္ဂီရသံ-သုံးပါးဘာဝ် သုံးလောကတွင် ဥဘာ ရောင်ဖိတ် အောင်ဘိသက်နှင့် နှစ်ကျိတ်ရှစ်ဆူ ကုန်သော၊ သဗ္ဗုဒ္ဓေ၊ တန်ဆောင်းပမာ ဥဘာ ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကို လည်းကောင်း၊ ဒွါဒသဥ္စ- သဟဿဏော- နိဗ္ဗာန် ကိန်းအောင်းစက်မွေ့လျောင်းသည့်၊တသောင်း နှစ်ထောင်ကုန်သော၊ သဗ္ဗုဒ္ဓေ လရောင်ပမာ ဥဘာရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်း ခေါင်တို့ကို လည်းကောင်း၊ ပဥ္စသတ သဟဿနို သောင်းထိုက်စကြာဝဠာ ဂုဏ်ဝါရောင်ရှိန် ငါး သိန်းကုန်သော၊ သဗ္ဗုဒ္ဓေ နေရောင်ပမာ ဥဘာဝါရောင်ဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ ကို လည်းကောင်း၊ အဟံ အကျွန်ုပ်သည်၊ သိရ သာ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ နမာမိ သဒ္ဓါဖြိုးဖြိုး လက်စုံအုပ်မိုး၍ ရှိခိုးဦးညွတ်ပါ၏ အရှင်ဘုရား။

၂။ ဂင်္ဂါ(ဂင်္ဂါယ) ဂင်္ဂါမြစ်တွင်း၌ ရှိကြကုန်သော၊ ဝါဠုကဲသ သဲတို့သည်၊ အပ္ပကာ နည်းကြကုန် သေး၏၊ နိဗ္ဗုတာ ပရိနိဗ္ဗာန်ဝင်စံခိုကိန်း ဘုံ ဇာသိမ်း၍ အေးငြိမ်းတော်မူကြကုန်ပြီးသော- ဇိနာ နွှောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိ ယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား

အနန္တ သင်္ချာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ တေဇောနေစ ထိုဘုရားရှင်တို့ကို လည်းကောင်း၊ တေသံ ထိုငါးသိန်း တသောင်းနှစ်ထောင် နှစ်ကျိတ်ရှစ်ဆူကုန်သော ဘုရားရှင်တို့နှင့် မရေမတွက်နိုင်သော ဘုရားရှင်တို့၏ ဓမ္မဥ္စ တရားတော်မြတ်ကို လည်းကောင်း၊ သံဃဉ္စ တပည့်သားကျော် သံဃာတော်မြတ်ကို လည်းကောင်း၊ အဟံ အကျွန်ုပ်သည် အာဒရေန (အာဒရံ) ရိုသေစွာ၊ နမာမိ သဒ္ဒါဖြိုးဖြိုး လက်အုပ်မိုး၍ ရှိခိုးဦးညွှတ်ပါ၏ အရှင်ဘုရား။

၃။ နမက္ကာရာ နဘာဝေန- ဤသို့ ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ ကန်တော့ရသော၊ ရတနတ္တယ-ပဏာမကုသိုလ် စေတနာ အာနုဘော်ကြောင့်၊သဗ္ဗေ- ခပ်သိမ်းကုန်သော၊ ဥပဒ္ဒဝေ- ဘေးရန်တို့ကို၊ ဟိတွာ-ပယ်ဖျောက်၍၊ အနေက အန္တရာယာပိ- များစွာကုန်သော အန္တရာယ်တို့သည်လည်း၊ အသေသတော- အကြွင်းအကျန်မရှိသောအားဖြင့်၊ ဝိနဿန္တု- ပိန်းကြာဖက်တွင် ရေမတင်ကဲ့သို့ ကင်းစင် ပျောက်ပျက် စေကုန်သတည်း။

* * *

‘တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက’

‘အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး’

(၏)

‘နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုး’

က) တဏှင်္ကရော မေဓင်္ကရော၊
အထောပိ သရဏင်္ကရော။
ဒီပင်္ကရော စ သမ္ဗုဒ္ဓေါ၊
ကောဏ္ဍညော ဒွိပဒုတ္တမော။

ခ) မင်္ဂလော စ သုမနော စ၊
ရေဝတော သောဘိတော မုနိ။
အနောမဒဿီ ပဒုမော၊
နာရဒေါ ပဒုမုတ္တရော။

ဂ) သုမေဓော စ သုဇာတော စ၊
ပိယဒဿီ မဟာယသော။

အတ္တဒဿိ ဓမ္မဒဿိ၊
သိဒ္ဓတ္ထော လောကနာယကော။

ဃ) တိသော ဖုသော စ သမ္ဗုဒ္ဓေါ၊
ဝိပဿိ သိခိ ဝေဿဘူ၊
ကကုသန္ဓော ကောဏာဂမနော၊
ကဿပေါ စာပိ ဂေါတမော။

င) ဇတေ တဟေသုံ သမ္ဗုဒ္ဓါ၊
ဝီတရာဂါ သမာဟိတာ။
အနန္တဂုဏသမ္ပန္နေ၊
ဝန္ဒေ တေ ဒွိပဒုတ္တမေ။

(က-၁)။ တဏှင်္ကရော- ဝေနေ များစွာ သတ္တဝါတို့၏ တဏှာရစ်မွေး၊ ညစ်အကြေးကို လျှော်ဆေး သုတ်သင် ပယ်ဟန့်နိုင်၍ တဏှံကရ မည်တော်မူသော မြတ်စွာဘုရားသည်လည်းကောင်း....

-၂)။ မေဓင်္ကရော- ဝေနေယျများ သောင်းထိုက်သား တို့၏ လေပါးသစ္စာ ဉာဏ်ဝိဇ္ဇာကို လျှံဖြာထိန် လင်း ပွင့်စေလျှင်း၍ သုံးခင်းဘုံတွင် ကျော် စောထင်သား မေဓင်္ကရ မည်တော်မူသော မြတ်စွာဘုရားသည်လည်းကောင်း....

-၃။ အထောပိ- ထိုမှတပါးလည်း၊ သရဏင်္ကရော ဝေနေယျများ သောင်းသောင်းတိုက်သားတို့ လေးပါးအပါယ် မကျတွယ်အောင် ကိုးကွယ်ရာ မှု စောင့်ရှောက်ပြု၍ အတုမမြင် ကျေးဇူးဆင်

သား သရဏင်္ကရာ မည်တော်မူသော မြတ်စွာဘုရားသည် လည်းကောင်း....

၄။ သမ္ဗုဒ္ဓေါ- သစ္စာလေးပါး ဉေယျငါးကို ပိုင်းခြားကုန်စင် ထိုးထွင်းမြင်ပေသော၊ ဒီပင်္ကရော စ- ဆယ်နှစ်ယူဇနာ ကိုယ်ရောင်ဖြာ၍ ပညာဆီမီး တန်ဆောင်ကြီးကို ညီးညီးထိန်လွှင့် ထွန်းညှိဆင်သည့် ဒီပင်္ကရာ မည်တော်မူသော မြတ်စွာဘုရားသည် လည်းကောင်း....

၅။ ဒွိပဒုတ္တမော-အခြေနှစ်ချောင်းရှိသူ နတ် လူ ဗြဟ္မာ သတ္တဝါဟူသမျှတို့ထက် ဆထက် လွန်ကျူး အထူးသဖြင့် မြတ်တော်မူပေ ထသော၊ ကောဏ္ဍညော-နွယ်တော် ဝံသကောဏ္ဍညဟု နာမ ထင်ရှား ရှင်တော်ဘုရားသည် လည်းကောင်း....

ခ-၆)။ မင်္ဂလော စ- တသောင်းသင်္ချာ စက္ကဝါဠ၌ လျှံ ဖြာထွန်းကျော် နေဝင်းပေါ်သို့ ကိုယ်တော် ရောင်ပ မင်္ဂလဟု နာမထင်ရှား ရှင်တော်မြတ် ဘုရားသည်းလည်းကောင်း....

၇။ သုမနော စ- နှုန်းလျော်ရွှေတောင် ကိုယ်တော် ရောင်နှင့် ဉာဏ်ရောင်ထွန်းပ သုမနဟု နာမထင် ရှား ရှင်တော်မြတ်ဘုရားသည် လည်းကောင်း....

၈။ ရေဝတော- တယူဇနာ ရပ်ဒိသာဝယ် မကွာနေ့ ညဉ့်ဖူးတိုင်း တင့်သား မီးနှင့် ရေပြင် မြေတခွင်၌

ရောင်ရှင်ထွန်းပ ရေဝတာဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်းကောင်း....

၉။ သောဘိတော- မုနိ ရွှေအင်ကြင်းပင် ကဲအသွင်သို့ ဝန်းကျင်ဆယ်ရပ် ရွှေရောင်ဟတ်သား လျော်မတ်တင့်တယ် သပ္ပာယ်လျှံပ သောဘိတဟူ နာမထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်းကောင်း....

၁၀။ အနောမဒဿီ- ရွှေနောက်ဝဲယာ ဖူးတိုင်းသာလျှင် မင်္ဂလာလျှံပြော ကြည်ဖွယ်ပေါသား အနောမဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်းကောင်း....

၁၁။ ပဒုမော- မဟာပဒုံ ကြာဝတ်မှုန်သို့ ဘုန်းဂုဏ်ရနံ့ ဘဝင်နှံ့အောင် သင်းပျံ့လျှံကြူ စံမထူသား သဃမ္ဘူဇိန ပဒုမဟု နာမထင်ရှား ရှင်တော်မြတ်စွာဘုရားသည် လည်းကောင်း....

၁၂။ နာရဒေါ- ယူဇနာတစ် ဝန်းကျင်ခေတ်ဝယ် သစ်သစ်ထွန်းပြောင် နေရာထောင်သို့ ကိုယ်ရောင်ထိန်ပ နာရဒဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်းကောင်း....

၁၃။ ပဒုမုတ္တရော- အံ့ဘွယ်ထူးဆန်း ကြာရွှေပန်းလျှင် ကွန့်မြန်းစကြာ ကြွတိုင်းပါသား ယူဇနာဆယ့်နှစ် ခမိုင်ခေတ်ဝယ် ထွန်းသစ်ရောင်ဟုန် လွှမ်း

အုပ်ခြုံ၍ ပဒုမ္မုတ္တရ နာမထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်းကောင်း....

၈-၁၄)။ သုမေဓော စ-တယူဇနာ ရပ်မျက်နှာဝယ် ရောင်ဝါလျှံပ သုမေဓဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်းကောင်း....

၁၅။ သုဇာတော စ- ငါးဆယ်သန်တောင် ကိုယ်ရပ်ဆောင်သား ရွှေတောင်နှိုင်းပြ သုဇာတဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်းကောင်း....

၁၆။ မဟာယသော များမြတ်ခြွေရံ ကျော်စောသံရှိတော်မူပေထသော ပိယဒဿီ-သုံးဘုံလောကဟူသမျှကို အမတသုခ ဖြန့်ဝေချီသား ပိယဒဿီဘွဲ့မည်ထင်ရှား ရှင်တော် မြတ်ဘုရားသည် လည်းကောင်း....

၁၇။ အတ္တဒဿီ-ဝေနေယျများ သောင်းထိုက်သားတို့၏ စီးပွါးကိုသာ ရှုမျှော်ကာဖြင့် တယူဇနာတိုင်လတ် ကိုယ်ရောင်ဟပ်သား အတ္တဒဿီဘွဲ့မည်ထင်ရှား ရှင်တော် မြတ်ဘုရားသည် လည်းကောင်း....

၁၈။ ဓမ္မဒဿီ-အကျိုးဖြစ်ရန် အကြောင်းမှန်ကို ဖန်ဖန်နိစ္စ ရှုမြင်ထသား ဓမ္မဒဿီဘွဲ့မည် ထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်းကောင်း....

၁၉။ လောကနာယကော-လူသုံးပါးတို့၏ ရှေ့သွား ခေါင်းဆောင် ဖြစ်တော်မူပေထသော သိဒ္ဓတ္ထာ သောင်းထိုက်ဗိုလ်ခြေ ယျဝေနေတို့၏ အောင် မြေစိုးရန် အကျိုးမှုန်ကို ဖန်ဖန်မလတ် ပြီးစေ တတ်သား သိဒ္ဓတ္ထခေါ် မြတ်ဗိုနေ်သည် လည်း ကောင်း....

ဿ-၂၀)။ တိဿော စ သမ္ဗုဒ္ဓေါ-သုံးဘုံရပ်သူ နတ်နှင့် လူကို ခေင်ူရိပ်သာ ရောက်စိမ့်ငှာဟု မကွာနေ့ည ပို့ ဆောင်တတ်သား တိဿတွင်ခေါ် မြတ်ဇိနေ် သည်လည်းကောင်း....

၂၁။ ဖုဿော စ သမ္ဗုဒ္ဓေါ-ဝေနေယျကြာ ပဒုမ္မာကို သစ္စာလေးတွေ လင်းပွင့်စေသဖြင့် နေအာဒိစ္စ နှိုင်းပုံပြသား ဖုဿတွင်ခေါ်၊ မြတ်ဇိနေ်သည် လည်းကောင်း....

၂၂။ ဝိပဿီ ခုနစ်ယူဇနာ သမန္တာဝယ် ခြောက်ဖြာ ရောင်ဝါတ် ခြည်လျှံဟပ်သား ဝိပဿီခေါ် မြတ်ဇိနေ်သည် လည်းကောင်း....

၂၃။ ယူဇနာသုံးရပ် မိုးမြေစပ်အောင် ထိန်လျှပ် ရောင်ခြည် လင်းလင်းစည်သား သိခီတွင်ခေါ် မြတ်ဇိနေ်သည် လည်းကောင်း....

၂၄။ ဝေဿဘူ ငါးချက်သောမာရ် တွင်းပရန်ကို တွန်းလှန်ထိမ့်ဆူ အောင်ပွဲယူသား ဝေဿဘူ ခေါ် မြတ်ဇိနေ်သည်လည်းကောင်း....

၂၅။ ကကုသန္ဓော- ဆယ့်နှစ်မှန်စွာ ယူဇနာဝယ် မကွာ နိစ္စ ရောင်လျှံပသား ကကုသန်ခေါ် မြတ်ဇိနေဘ် သည် လည်းကောင်း....

၂၆။ ကောဏာဂမနော- ဘဒ္ဒမည်သာ ဣကမ္ဘာဝယ် ဒုတိယာဒိစ္စ ပွင့်ထွန်းပသား ကောဏာဂုံခေါ် မြတ်ဇိနေဘ်သည် လည်းကောင်း....

သ-၂၇)။ ကဿပေါ စာပိ- နွယ်တော်ဝံသ ကဿပဟု နာမ ထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်းကောင်း....

၂၀။ ဂေါတမော- မဟာသမ္မတာ အာဒိစ္စဂိုဏ်း ကွန့်ခွဲ လိုင်း၍ အတိုင်းမသိ ကျေးဇူးရှိသည့် မုနိသကျ ဂေါတမဟု လောကာတန်ဆောင် မြတ်ဘုန်းခေါင်သည် လည်းကောင်း...

င) ဝိတရာဂါ တထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာလွတ်ရှင်း ရာဂ ကင်းတော် မူကြပေကုန်သော၊ သမ္မာဟိတာ- ဖလာကစံလေ့ မုန်တိုင်း ဝှေ့လည်း မှရွှေ့မယိုင် ကျောက်စာတိုင်ကဲ့သို့ ကြန့်ခိုင်သော စိတ်နှလုံးရှိကြကုန်သော၊ ဓေတ သမ္ဗုဒ္ဓါ- သစ္စာလေးဝ ဉေယျငါးပုံ တရားစုံကို အကုန်မကြွင်း လင်းလင်း ထင်ထင် သိမြင် တော် မူကြပေကုန်သော- နှစ်ကျိပ်ရှစ်ဆူ သယမ္ဘူထွဋ်ထား ထိုမြတ်စွာဘုရားတို့သည်၊အဟေ သုံ- သင်္ချေလေးဖြာ သိန်းကမ္ဘာဟု အခါခါ

ရှင်း ဤအတွင်း၀ယ် ကောင်းတင်းလှိုက်ဆူ ပွင့်တော်မူကြပေကုန်၏၊ အနန္တဂုဏသမ္ပန္နေ၊ ဤ၌ ဤမျှ ဂဏန်းချ၍ မှန်းဆမကုန် အနန္တကျေးဇူးဂုဏ်နှင့် ပြည့်စုံတော် မူကြပေကုန်သော၊ ဒွိပဒုတ္တမေ အခြေနှစ်ချောင်းရှိသူ နတ် လူ ဗြဟ္မာ သတ္တ၀ါတို့ထက် ဆထက်လွန်ကျူး အထူးသဖြင့် မြတ်တော်မူကြပေကုန်သော၊ တေ သမ္မာသမ္ဗုဒ္ဓေ- တဏှင်္ကရာ မြတ်စွာဘုရားအစ ဂေါတမမြတ်စွာဘုရားအဆုံး ပေါင်းရုံးတွက်စိတ် နှစ်ကျိပ်ရှစ်ဆူ သယမ္ဘူထွဋ်ထား ထို မြတ်စွာဘုရားတို့ကို ၀န္ဒေ (၀န္ဒာမိ) ဤအခါ၀ယ် ကြည်သာမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

* * *

"ဘုရားအလောင်း ရွှေဥဒေါင်းမင်း ဘုရားရှိခိုး"

၁။ ဥဒေတယံ စက္ခုမာ ဧက ရာဇာ၊
ပရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံတံ နမဿာမိ ဟာရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဂုတ္တာ ဝိဟာရေမှ ဒိဝသံ။

အနက်။ ။ လူတို့၏ မျက်စိသဘွယ် ဖြစ်ပေသော ဤနေမင်းသည်၊ တခုတည်းနှင့် ထိန်လင်း၍၊ ရောင်မင်းဖြစ်ပေသော ဤနေမင်းသည် ရွှေအဆင်းကဲ့သို့ တဝင်းဝင်း တောက်ပသော ဤနေမင်းသည်၊ မြေပြင်မှာ ရွှေစင်တွေ ဖြန့်ခင်းသကဲ့သို့ တထိန်ထိန် တဝင်းဝင်း တောက်ပသော ဤနေမင်း

သည်၊ ဥဒည်တောင်တော် အစွန်းဆီမှ ပေါ်ထွန်း ထွက်ပြူ၍ လာပေပြီ။

'ရွှေရောင်၏ အဆင်းကဲ့သို့ တစင်းဝင်း တောက်ပသော ရှင်နေမင်းကို မြေအပြင်မှာ ရွှေစင်တွေဖြန့်ခင်းသကဲ့သို့၊ တထိန်ထိန် တဝင်းဝင်း တောက်ပသော ရှင်နေမင်းကို အကျွန်ုပ်သည် ဦးညွတ်၍ ရှိခိုးနှုတ်ဆက်ပါ၏ အရှင်နေမင်း၊ အရှင်နေမင်း၏ အစောင့်အရှောက်ကို ခံယူလျက် ဤတနေ့ပတ်လုံး ချမ်းချမ်းသာသာ နေထိုင် သွားလာရပါတော့မည် အရှင်နေမင်း။

'နေရောင်ခြည်မှ ပကာထူပနိဿယ ပစ္စည်း ပစ္စယုပ္ပန် ဆက်သွယ်ပြီးလျှင်၊ ရှေးရှေး မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်တို့၏ ခြောက်သွယ်သော ကိုယ်တော်ရောင် ဥဏ်ရောင်တို့ကို အာရုံပြု၍ ရှိခိုးပါ၏။

ပါဠိ။ ၂။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊
မောရော စရတိ ဧသနာ။

အနက်။ ။ သင်္ခါရ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်, ပညတ်, သိ အပ်သိထိုက်တော် မူကုန်သော တရားဓမ္မ အလုံး စုံကို တဘက်ကမ်းရောက် တတ်မြောက် သိမြင် တော် မူကြပါကုန်သော၊ မကောင်းမှု ဟူသမျှ မြူလောက်မျှမကျန် ထွေးအံပယ်စွန့်ပြီး ဖြစ် တော်မူကြပါကုန်သော ဂင်္ဂါဝါလု သဲစုမက ပွင့် တော်မူကြကုန်သော ဘုရားရှင် ကိုယ်တော်မြတ် အပေါင်းတို့အား အကျွန်ုပ်သည် ရိုသေမြတ်နိုး ဦးညွတ်လိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

'ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူကြကုန် သော၊ ကရုဏာ့သခင် ဘုရားရှင် ကိုယ်တော်မြတ် အပေါင်းတို့ကလည်း၊ အာရုံ အပြုခံတော်မူသော အားဖြင့် အကျွန်ုပ်ကို စောင့်ရှောက်တော် မူကြ ပါကုန် ဘုရား'။

'ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူကြကုန်သော ကျေးဇူးရှင် မြတ်စွာဘုရား တို့အား အကျွန်ုပ် ရှိခိုးပါ၏၊ အရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတဉာဏ် တော်မြတ်ကြီးအား အကျွန်ုပ် ရှိခိုးပါ၏။

'ကိလေသာမှ ကင်းလွတ်တော်မူကြကုန်သော အရှင်ကောင်း အရှင်မြတ်တို့အား အကျွန်ုပ် ရှိခိုး ပါ၏၊ ကိလေသာမှ လွတ်ကင်းသော အရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်တော်မြတ်ကြီးအား

ရှိသော မြတ်နိုး ဦးညွတ်လျှိုး၍ ရှိခိုး ပူဇော်ပါ၏ အရှင်ဘုရား'

'မှာထားချက်' ဤဝတ္တရားကိုပြုပြီးမှ အလောင်းတော် ဥဒေါင်းမင်း အစာရှာသွားသလို သင်သူတော်ကောင်းတို့သည်လည်း ဘုရားရှိခိုးပြီးမှ အလုပ် လုပ်သွားပါ အလုပ် လုပ်ပါလေ။

## ‘အရပ်ရှစ်မျက်နှာ စည်းချနည်း’

## (၂၄-ပစ္စည်း)

၁။ အရှေ့မြောက်အရပ် ။ ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊ အဓိပတိ ပစ္စယော။

၂။ အရှေ့ အရပ် ။ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊ သဟဇာတ ပစ္စယော။

၃။ အရှေ့တောင်အရပ် ။ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊ ဥပနိဿယ ပစ္စယော။

၄။ တောင် အရပ် ။ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊ အာသေဝန ပစ္စယော။

၅။ အနောက်တောင်အရပ်။ ကမ္မ ပစ္စယော၊ ဝိပါက ပစ္စယော၊ အာဟာရ ပစ္စယော။

၆။ တောင် အရပ်။ ။ဣန္ဒြိယ ပစ္စယော၊ ဈာန ပစ္စယော၊ မဂ္ဂ ပစ္စယော။

၇။ အနောက်မြောက်အရပ်။ သမ္ပယုတ္တ ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊ အတ္ထိ ပစ္စယော။

၈။ မြောက် အရပ်။ ။နတ္ထိ ပစ္စယော၊ ဝိဂတ ပစ္စယော၊ အဝိဂတ ပစ္စယောတိ။

၉။ အဆုံးသတ်တွင်.... အရှေ့မြောက် အရပ်ကို ရွတ်ဆိုပါ။ } ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊ အဓိပတိ ပစ္စယော။

## ‘အရပ် ဆယ်မျက်နှာကို စည်းချနည်း’

အရှေ့ မြောက်အရပ် ။ သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယာ ဣဒ္ဓိ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗတော။

အရှေ့ အရပ် ။ သဗ္ဗေ ဗုဒ္ဓါ ခေမပ္ပတ္တာ
ပစ္စေကာနဉ္စ ယော ခေမော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အရှေ့ တောင်အရပ် ။ သဗ္ဗေ ဗုဒ္ဓါ ဇိန ပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယော ဇိနော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

တောင် အရပ် ။ သဗ္ဗေ ဗုဒ္ဓါ လာဘပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယော လာဘော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အနောက်တောင် အရပ်။ သဗ္ဗေ ဗုဒ္ဓါ တေဇပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယော တေဇော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အနောက် အရပ် ။ သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အနောက်မြောက် အရပ်။ သဗ္ဗေ ဗုဒ္ဓါ ယသပ္ပတ္တာ၊
ပစ္စကာနဉ္စ ယော ယသော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

မြောက် အရပ် ။ သဗ္ဗေ ဗုဒ္ဓါ သိရိပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယာ သိရိ။
အရဟန္တာ နဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အရှေ့မြောက်အရပ်။

သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပတ္တာ၊
ပစ္စေကာနုဗုဒ္ဓ ယာ ဣဒ္ဓိ။
အရဟန္တာနုဗုဒ္ဓ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

'အထက် အရပ် ။

သဗ္ဗေ ဗုဒ္ဓါ ဈာနပ္ပတ္တာ
ပစ္စေကာနုဗုဒ္ဓ ယံ ဈာနံ။
အရဟန္တာနုဗုဒ္ဓ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။

'အောက် အရပ် ။

သဗ္ဗေ ဗုဒ္ဓါ နိစ္စပ္ပတ္တာ၊
ပစ္စေကာနုဗုဒ္ဓ ယံ နိစ္စံ ။
အရဟန္တာနုဗုဒ္ဓ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

* * *

## 'ခန္ဓာကိုယ်ကိုလှူ၍ သရဏဂုံတည်ရန်'

၁။ အဇ္ဇအာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာဒေမိ။

၂။ အဇ္ဇအာဒိံ ကတွာ အဟံ အတ္တာနံ ဓမ္မဿ နိယျာဒေမိ။

၃။ အဇ္ဇာအာဒိံ ကတွာ အဟံ အတ္တာနံ သံဃဿ နိယျာဒေမိ။

၄။ ဇီဝိတပရိယန္တိကံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၅။ ဇီဝိတပရိယန္တိကံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

၆။ ဇီဝိတပရိယန္တိကံ သံဃံ သရဏံ ဂစ္ဆာမိ။

(သုံးခေါက်ဆိုပါ) (ဒီဃနိကာယ်၊ဋ္ဌ၊၁နှာ-၂၀၆)

## ‘ခန္ဓာကိုယ်လှူဒါန်းခြင်း အနက် အဓိပ္ပါယ်’

၁။ အဇ္ဇအာဒိံ ကတွာ- ယနေ့ကို အစပြု၍၊ အဟံ အကျွန်ုပ်သည် အတ္တာနံ မိမိကိုယ်ကို ဗုဒ္ဓဿ မြတ်စွာဘုရားအား နိယျာဒေမိ အပ်နှင်း လှူဒါန်းပါ၏။

၂။ အဇ္ဇအာဒိံ ကတွာ- ယနေ့ကို အစပြု၍ အဟံ အကျွန်ုပ်သည်၊ အတ္တာနံ မိမိကိုယ်ကို၊ ဓမ္မဿ တရားတော်မြတ်အား၊ နိယျာဒေမိ အပ်နှင်း လှူဒါန်းပါ၏။

၃။ အဇ္ဇအာဒိံ ကတွာ- ယနေ့ကို အစပြု၍၊ အဟံ အကျွန်ုပ်သည်၊ အတ္တာနံ မိမိကိုယ်ကို သံဃဿ သံဃာတော်မြတ်အား၊ နိယျာဒေမိ အပ်နှင်း လှူဒါန်းပါ၏။

## ‘ကိုးကွယ်ရာ အနက် အဓိပ္ပါယ်’

၄။ ဇီဝိတပရိယန္တိကံ- အသက်ဆုံးသည့်တိုင်အောင်၊ ဗုဒ္ဓံ မြတ်စွာဘုရားကို၊ သရဏံ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ဆည်းကပ်ပါ၏။

၇။ ဇီဝိတ ပရိဟန္တိကံ· အသက်ဆုံးသည့်တိုင်အောင် ဓမ္မ တရားတော်မြတ်ကို၊ သရဏံ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ဆည်းကပ်ပါ၏။

၈။ ဇီဝိတ ပရိယန္တိကံ· အသက်ဆုံးသည့်တိုင်အောင် သံဃံ သံဃာတော်မြတ်ကို၊ သရဏံ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ ဆည်းကပ်ပါ၏။

‘ဂုဏ်တော်ကိုး(၉)ပါး ပုတီးစိပ်’

၁။ အရဟံ ....ပုတီးတလုံးချ။

၂။ သမ္မာသမ္ဗုဒ္ဓေါ ....ပုတီးတလုံးချ။

၃။ ဝိဇ္ဇာစရဏ သမ္ပန္နော .... ။

၄။ သုဂတော .... ။

၅။ လောကဝိဒူ .... ။

၆။ အနုတ္တရော ပုရိသ ဓမ္မသာရထိ.... ။

၇။ သတ္ထာဒေဝ မနုဿာနံ .... ။

၈။ ဗုဒ္ဓေါ .... ။

၉။ ဘဂဝါ .... ။

* * *

မှတ်သားချက်။ ဂုဏ်တော်များကို တခါတည်း (၉)ပါးလုံးကို၊ ပေါင်း၍ဖြစ်စေ တပါးစီ ခွဲခြား၍ဖြစ်စေ ပုတီး စိပ်နိုင်ပါသည်။

'ဂုဏ်တော်ကိုး(၉)ပါး အနက် အဓိပ္ပါယ်'

၁။ အရဟံ၊ လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော် အထူးကို ခံတော်မူထိုက်သော မြတ်စွာ ဘုရား။

၂။ သမ္မာသမ္ဗုဒ္ဓေါ-အားလုံးစုံသော တရားအပေါင်း ကို ကောင်းစွာ သိမြင်တော်မူသော မြတ်စွာ ဘုရား။

၃။ ဝိဇ္ဇာစရဏ သမ္ပန္နော- ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏ တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၄။ သုဂတော- ကောင်းသောစကားကို ဆိုတော်မူ တတ်သော မြတ်စွာဘုရား။

၅။ လောကဝိဒူ- လောကသုံးပါး၌ အလုံးစုံကို သိ မြင်တော်မူသော မြတ်စွာဘုရား။

၆။ အနုတ္တရော ပုရိသ ဓမ္မသာရထိ- အတုမရှိသော ယောကျ်ားမြတ်ဖြစ်၍၊ မယဉ်ကျေးသော သူတို့ ကို၊ ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရား။

၇။ သတ္တာဒေဝ မနုဿာနံ-လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ကိုးကွယ် အားထားစရာ ဖြစ်တော်မူသော မြတ်စွာဘုရား။

၈။ ဗုဒ္ဓေါ- သစ္စာလေးပါးကို သိမြင်တော်မူသော မြတ်စွာဘုရား။

၉။ ဘဂဝါ-ဘုန်းတော်ခြောက်ပါး တန်ခိုးဂုဏ်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

## ‘ဂုဏ်တော်ကိုး (၉) ပါး ပုတီးစိပ်က ရနိုင်သော’

## ‘အကျိုးကျေးဇူးများ’

၁။ အရဟံ ဂုဏ်တော်ကို ပုတီးစိပ်က လာဘ်များခြင်း၊ စီးပွါးတိုးတက်ခြင်းတို့ကို ရနိုင်ပါသည်။

၂။ သမ္မာသမ္ဗုဒ္ဓေါကို ပုတီးစိပ်က အကြံဉာဏ်တိုးတက်ခြင်း ကြံတိုင်း မြောက်ခြင်းတို့ကို ရနိုင်ပါသည်။

၃။ ဝိဇ္ဇာစရဏ သမ္ပန္နောကို ပုတီးစိပ်က အတတ်ပညာ တိုးပွါးနိုင်သည်။

၄။ သုဂတောကို ပုတီးစိပ်က စကားပြောတတ်သည့် သူများနှင့် ယှဉ်ပြိုင်၍ စကားပြောက၊ မိမိက အနိုင်ရတတ်သည်။

၅။ လောကဝိဒူကို ပုတီးစိပ်က လောက၌ ထင်ပေါ်ကျော်စောသော ပညာရှိကြီး ဖြစ်တတ်သည်။

၆။ အနုတ္တရော ပုရိသ ဓမ္မသာရထိကို ပုတီးစိပ်က အတုမရှိသော လူထူး လူချွန် ဖြစ်ရခြင်း၊ သူများနှင့် ဘာကိုဘဲပြိုင်ပြိုင် မိမိက အနိုင်ရတတ်သည်။

၇။ သတ္တာဒေဝ မနုဿာနံကို ပုတီးစိပ်က သူတပါးတို့ အပေါ်မှာ မိမိကပြောဆိုသော စကားကို အောင်ရသည်၊ အာဏာတည်သည်။

၈။ ဗုဒ္ဓေါကို ပုတီးစိပ်က (သမ္မာသမ္ဗုဒ္ဓေါနှင့် အကျိုးတူပေး၏)

၉။ ဘဂဝါကို ပုတီးစိပ်က ဘုန်းကြီးခြင်း၊ အသက်ရှည်ခြင်း ဖြစ်တတ်သည်။

* * *

မှာထားချက်။

၁။ အရဟံကို 'အယဟံ'ဟု ယပက်လက် သံနှင့်၊ ရွတ်မိတတ်ကြသည်၊ သတိပြု၍ 'အရဟံ'ဟု၊ ရကောက်သံ လျှာလိပ်၍ ရွတ်ဖတ်ပါ။

၂။ သမ္မာသမ္ဗုဒ္ဓေါ- ကို 'သမ္မာမ္ဗုဒ္ဓေါ'ဟု ပေါ့ပေါ့ကလေး သံယုဂ် သံပေါက်၍ ရွတ်မိတတ်ကြသည်၊ သတိပြု၍ 'သမ်မာ သမ်ဗုဒ်ဓေါ' ဟု သံယုဂ်သံနှင့် လေးလေးနက်နက် ရွတ်ပါ။

၃။ အနုတ္တရောပုရိသ ဓမ္မသာရထိ-ကို 'အနုံတယောပုယိသ ဒမသာယထိ'ဟု 'နုတ်' ၌ သံယုတ်ပျောက်- 'ရော'၌ 'ယော'၊ 'ပု'၌ 'ပူ'၊ 'ဓမ္မ' ၌ 'ဒမံ'၊ 'သာရထိ'၌ 'သာယထိ' ဟု မှားယွင်း၍ ဖတ်ရွတ်တတ်ကြသည်။ 'အနုတ်' 'သံယုဂ်' နှင့် 'ထရော'ဟု လျှာလိပ်သံနှင့် 'သာရထိ' ဟု လျှာလိပ်သံနှင့် သေချာစွာ ရွတ်မိကြပါစေ။

၇။ သတ္တဒေဝမ္မနုဿာနံ-ကို၊ သတ္တာဒေဝမနုဿာ နံ’ဟု၊ ‘နုတ်’ သံယုဂ်နှင့် ရွတ်မိတတ်ကြသည်။ ‘သတ္တာဒေဝ မနုဿာနံ’ဟု သံယုဂ်သံနှင့် ကျနစွာရွတ်မိကြပါစေ။

*　　*　　*

‘ရဟန္တာ ရှင်ရဟံ ပုဘိးစိပ်’

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

၃။ သံဃံ သရဏံ ဂစ္ဆာမိ၊
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ
ဒုက္ခံ အနတ္တာ။

၅။ အနန္တံ ဗလဝံ ဗုဒ္ဓံ၊
အနန္တံ ဂေါစရံ ဓမ္မံ၊
အနန္တံ အရိယံ သံဃံ၊
အနန္တံ ဗောဓိ မုတ္တမံ။

အနက်....

၁။ ဗုဒ္ဓံ- မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ- ဆည်းကပ်ပါ၏။ နာမရူပံ- နာမ်ရုပ်သည်။ အနိစ္စံ- အမြဲမရှိ။ ဒုက္ခံ-ဆင်းရဲ၏။ အနတ္တာ- အနှစ်ကင်းပ အစိုးမရ။

၂။ ဓမ္မံ- တရားတော်မြတ်ကို၊ သရဏံ- ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ- ဆည်းကပ်ပါ၏။ နာမရူပံ- နာမ်ရုပ်သည်။ အနိစ္စံ- အမြဲမရှိ။ ဒုက္ခံ- ဆင်းရဲ၏။ အနတ္တာ၊ အနှစ်ကင်းပ အစိုးမရ။

၃။ သံဃံ- သံဃာတော်မြတ်ကို။ သရဏံ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ- ဆည်းကပ်ပါ၏။ နာမရူပံ- နာမ်ရုပ်သည်။ အနိစ္စံ- အမြဲမရှိ။ ဒုက္ခံ- ဆင်းရဲ၏။ အနတ္တာ- အနှစ်ကင်းပ အစိုးမရ။

၄။ ဗုဒ္ဓံ-မြတ်စွာဘုရားကို။ သရဏံ-ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။ ဓမ္မံ- တရားတော်မြတ်ကို။ သရဏံ-ဆည်းကပ်ပါ၏။ သံဃံ- သံဃံ တော်မြတ်ကို။ သရဏံ- ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ- ဆည်းကပ်ပါ၏။ နာမရူပံ- နာမ်ရုပ်သည်။ အနိစ္စံ- အဖြဲမရှိ။ ဒုက္ခံ- ဆင်းရဲ၏။ အနတ္တာ- အနှစ်ကင်းပ အစိုးမရ။

၅။ ဗလဝံ၊ အားတော်နှင့်ပြည့်စုံသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားသည်။ အနန္တံ၊ အအတိုင်းမသိတန်ခိုးတော်တည်း။ ဂေါစရံ- မဂ်ဖိုလ်တို့၏ အာရုံ ဖြစ်သော။

ဓမ္မံ၊ တရားတော်မြတ်သည်။ အနန္တံ၊အတိုင်းမသိ တန်ခိုးတော်တည်း။ အရိယံ၊ အရိယာဖြစ်သော သံဃံ၊ သံဃာတော်မြတ်သည်။ အနန္တံ၊ အတိုင်း မသိ တန်ခိုးတော်တည်း။ ဗောဓိမုတ္တမံ၊ မြတ်သော ဗောဓိပက္ခိယ တရားတော်သည်။ အနန္တံ၊ အတိုင်းမသိ တန်ခိုးတော်တည်း။

(အနက် ပြီး၏)

မှတ်ချက်။ ။အထက်ပါ ပုတီးစိပ်ဂါထာတော်ကို သထုံပြည်နှင့်ပေါက္ကံ ပြည်သို့ ရဟန္တာ သခင် ရှင်အရဟံ ကြွလာစဉ်အခါက ချီးမြှင့် ပေးသနားတော်မူကြောင်းကို

'ပရိမိတ္တဇာလ သုတ်' ကို ပြုစုတော်မူသော ဦးဝိစိတ္တသာရာဘိဝံသဆရာတော်၏ အမှာ ပုတီးစိပ်နည်း နိသျှည်း စည်းချဂါထာ စာအုပ်တွင် တွေ့မြင်ဖတ်ရှုရပါသည်။

'ယုံကြည်စွာဖြင့် ပုတီးစိပ်ကြပါကုန်'

## မေတ္တာခံယူခြင်း

သမထ ယောဂီတို့သည် နံနက်ခင်း အိပ်ရာမှ ထသည်နှင့် မျက်နှာသစ်ရင်း မိမိကိုယ်ကို အာရုံပြု၍....

၁။ ငါသည်-ရန်မာန်ခပ်သိမ်း ကင်းငြိမ်းရပါလို၏။

၂။ ကြောင့်ကြ ခပ်သိမ်း ကင်းငြိမ်းရပါလို၏။

၃။ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းရပါလို၏။

၄။ အကျွန်ုပ်၏ ကိုယ်, နှုတ်, နှလုံး, သုံးပါးတို့ကို မပူမပင်၊ ပြုံးပြုံးစင်စင်၊ အေးအေးမြမြ၊ ချမ်းချမ်း သာသာ ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက် စောင့်ရှောက်ရပါလို၏။

၅။ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း၊ ကိုယ်စိတ် ၂-ပါးတို့၏ ဆင်းရဲခြင်း တို့မှ ကင်းဝေး မြေ ချမ်းသာ ရပါလို၏။

၆။ အကျွန်ုပ်သည် ယခု ရရှိပြီးသော လောကီ စည်းစိမ် ချမ်းသာ၊ လောကုတ္တရာရေး အတွက် စည်းစိမ် ချမ်းသာ အဖြာဖြာတို့မှ မပျက် မစီး အမြဲ တည်ရပါလို၏။

၇။ အကျွန်ုပ်၏ ကုသိုလ် အကုသိုလ်ကံ သာလျှင် အခြေခံ ဥစ္စာရှိကုန်သည်ဖြစ်၍ ကိုယ်စိတ် ၂-ဖြာ ချမ်းသာရပါလို၏၊ ချမ်းသာရပါလို၏။

မှာထားချက်။ ။မေတ္တာခံ အတိုနည်း

ယခု မျက်နှာသစ်ရေသည် အေးမြ သကဲ့သို့ ငါသည် ကိုယ်စိတ် ၂-ဖြာ ချမ်းသာအေးမြ ရပါလို၏၊ ချမ်းသာအေးမြ ရပါလို၏။

## ချစ်ခင်အပ်သော ပုဂ္ဂိုလ်တို့ကို မေတ္တာပို့

* အကျွန်ုပ်သည် ချစ်ခင် နှစ်သက် စုံမက်မြတ်နိုးအပ်ကုန်သော ရတနာသုံးဖြာ ဆရာမိဘ ဂုဏဝုဍ္ဎိ ဝယဝုဍ္ဎိ သီလ သမာဓိ ဉာဏ်ပညာ ရှိကြကုန်သော လူ သူတော်ကောင်း၊ နတ် သူတော်ကောင်း၊ ဗြဟ္မာသူတော်ကောင်း၊ ရသေ့ သူတော်ကောင်း၊ကိုယ်စောင့် နတ်၊ သာသနာတော်စောင့်နတ်၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့သည်....

၁။ ရန်မာန် ခပ်သိမ်း ကင်းငြိမ်းကြပါစေ။

၂။ ကြောင့်ကြ ခပ်သိမ်း ကင်းငြိမ်းကြပါစေ။

၃။ ဆင်းရဲ ခပ်သိမ်း ကင်းငြိမ်းကြပါစေ။

၄။ မိမိတို့၏ ကိုယ်, နှုတ်, နှလုံး, သုံးပါးတို့ကို မပူမပင်၊ ဖြူဖြူစင်စင်၊ အေးအေးမြမြ၊ ချမ်းချမ်းသာသာ၊ ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်ကာကွယ်နိုင်ကြပါစေ။

၅။ ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ စိတ်ဆင်းရဲခြင်း၊ ကိုယ်စိတ် ၂-ပါးတို့၏ ဆင်းရဲခြင်းတို့မှ ကင်းဝေး အေးမြ ချမ်းသာကြပါစေ။

၆။ မိမိတို့သည် ယခု ရရှိပြီးသော လောကီ စည်းစိမ် ချမ်းသာ၊ လောကုတ္တရာရေး အတွက် စည်းစိမ် ချမ်းသာ အဖြာဖြာတို့မှ မပျက်မစီး အမြဲ တည် ကြပါစေ။

၇။ မိမိတို့သည် ကုသိုလ်ကံ အကုသိုလ်ကံ သာလျှင် အခြေခံဥစ္စာ ရှိကြကုန်သည် ဖြစ်၍ ကိုယ် စိတ် ၂-ဖြာ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

မှာထားချက်။ ။မေတ္တာပို့ အတိုနည်း။

ကျွန်ုပ် ချစ်ခင် နှစ်သက် စုံမက် မြတ်နိုးအပ် ကုန်သော ရတနာသုံးဖြာ ဆရာမိဘ ဂုဏ ဝုဍ္ဎိ ဝယဝုဍ္ဎိ သီလ သမာဓိ ဉာဏ်ပညာရှိကြ ကုန်သော လူ-သူတော်ကောင်း၊နတ်သူတော် ကောင်း၊ ဗြဟ္မာ သူတော်ကောင်း၊ ရသေ့ သူတော်ကောင်း၊ ရဟန်း သူတော်ကောင်း၊ ကိုယ် စောင့်နတ် အိမ် စောင့်နတ်၊ သာသနာ တော်စောင့်နတ်၊ သမ္မာ ဒေဝ နတ်ကောင်း နတ်မြတ် အပေါင်းတို့သည် ကိုယ်စိတ် ၂-ဖြာ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

## 'အလည်အလတ်ဖြစ်သော ပုဂ္ဂိုလ်တို့ကို မေတ္တာပို့'

* အထက် ဘဝဂ်၊ အောက် အဝီစိ၊ ရှိရှိသမျှသတ္တဝါ အနန္တတို့သည်....

၁။ ရန်မှ ဘေးကင်းငြိမ်းကြပါစေ။

၂။ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။

၃။ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။

၄။ မိမိတို့၏ ကိုယ် နှုတ် နှလုံးသုံးပါးတို့ကို၊ မပူမပင် ဖြူဖြူစင်စင် အေးအေးမြမြ ချမ်းချမ်းသာသာ ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက် ကာကွယ်နိုင်ကြပါစေ။

၅။ ကိုယ်၏ ဆင်းရဲခြင်း စိတ်၏ ဆင်းရဲခြင်း ကိုယ်စိတ် ၂-ပါးတို့၏ ဆင်းရဲခြင်းတို့မှ ကင်းဝေး အေးမြ ချမ်းသာကြပါစေ။

၆။ မိမိတို့သည် ယခုရရှိပြီးသော လောကီ စည်းစိမ် ချမ်းသာ၊ လောကုတ္တရာရေးအတွက် စည်းစိမ် ချမ်းသာ အဖြာဖြာတို့မှ မပျက်မစီး အမြဲတည်ရှိကြပါစေ။

မှာထားချက်။ ။မေတ္တာပို့အတိုနည်း။

'အထက် ဘဝဂ်၊ အောက် အဝီစိ ရှိရှိသမျှ သတ္တဝါ အနန္တတို့သည်၊ ကိုယ်စိတ် ၂-ဖြာ ချမ်းသာကြပါစေ၊ ချမ်းသာ ကြပါစေ။

## 'ရန်သူကိုပင် ရန်သူလို မထားတော့ဘဲ မေတ္တာပို့'

အစမထင်သော ဘဝအစဉ် ကမ္ဘာအဆက်ဆက်မှစ၍၊ ဤရက် ဤနေ့တိုင်အောင်၊ ရန်သူ ရန်ဘက် ဖြစ်ဘူးကြကုန်သော ယခုဖြစ်ဆဲ ဖြစ်ကြကုန်သော ရန်သူ ပုဂ္ဂိုလ်အပေါင်းတို့သည်၊ မကောင်းသော အကြံအစည်ဟူသမျှတို့သည် အကုန်လုံး ကင်းပျောက်ကြကုန်သည်ဖြစ်၍၊ ကောင်းမြတ်သော အကြံအစည်တို့သည်သာလျှင် ကြံတိုင်းအောင်၍ ဆောင်တိုင်း မြောက်ကြပါစေ။

၁။ ရန်မာန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။

၂။ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။

၃။ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။

၄။ မိမိတို့၏ ကိုယ် နှုတ် နှလုံးသုံးပါးတို့ကို မပူမပင် ဖြူဖြူစင်စင် အေးအေး မြမြ ချမ်းချမ်းသာသာ ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက် ကာကွယ် ရွက်ဆောင်နိုင်ကြပါစေ။

၅။ ကိုယ်၏ ဆင်းရဲခြင်း စိတ်၏ ဆင်းရဲခြင်း၊ ကိုယ်စိတ် ၂-ပါးတို့၏ ဆင်းရဲခြင်းတို့မှ ကင်းဝေး အေးမြ ချမ်းသာကြပါစေ။

၆။ မိမိတို့သည် ယခုရရှိပြီးသော လောကီ စည်းစိမ်ချမ်းသာ၊ လောကုတ္တရာရေးအတွက် စည်းစိမ်ချမ်းသာ အပြာပြာတို့မှ မပျက်မစီး အမြဲတည်ရှိကြပါစေ။

မှာထားချက်။ ။မေတ္တာပို့ အတိုနည်း။

အစမထင် ဘဝအစဉ် ကမ္ဘာအဆက်ဆက်မှစ၍ ဤရက်-ဤနေ့တိုင်အောင် ရန်သူ ရန်ဘက်ဖြစ်ဘူးကြကုန်သော (ဖြစ်ဆဲ ဖြစ်ကုန်သော) သတ္တဝါပုဂ္ဂိုလ်ဟူသမျှတို့သည်၊ ကိုယ်စိတ်၂-ဖြာ သာကြပါစေ၊ မကောင်းတဲ့ အကြံအစည်တွေ ကင်းပျောက်ကြပါစေ။ ကင်းပျောက်ကြပါစေ။

* * *

မှာထားချက်။ ။အထက်တွင် မေတ္တာပို့ မြန်မာပြန် သက်သက်သည်၊ ပါဠိအားဖြင့်....

၁။ အဝေရာ ဟောန္တု၊

၂။ အဗျာပဇ္ဈာ ဟောန္တု၊

၃။ အနီဃာ ဟောန္တု၊

၄။ သုခီအတ္တာနံ ပရိဟာရန္တု။

၅။ ဒုက္ခာမုစ္စန္တု။

၆။ ယထာ လဒ္ဓ သမ္ပတ္တိတောမာဝိဂစ္ဆန္တု။

၇။ ကမ္မဿကာ....ဟူ၍ မှတ်ကြလေကုန်။

## ‘အသက်လွတ် - အသေးလွတ် - ဒုရဖာဝရ

‘ဦးပဥ္စင်း စိတ်ရည်သန်ရင်း ရှိသည်နှင့် တံ့တေးမြို့နယ် ကမ်းပဲ့ ကျေးရွာအနီးရှိ ပေါင်းတော်ချုပ် စေတီတော်နှင့် သတ္တဌာန စံတော်မူခန်း စေတီတော်များ ဖူးမျှော်ကတော့ရန် သွားရောက်ခဲ့ပါသည်’

‘ဘုရားကိုယ်တော်များ ကတော့ပြီးသည့်နောက်....

‘ကျေးဇူးတော်ရှင် ပေါင်းတော်ချုပ် ဆရာတော် ဦးနန္ဒ အား ဝင်ရောက် ကတော့ပြီး၊ ဦးပဥ္စင်း (ခါတ်)ပေါင်းတော်ချုပ်ရှိ ကျောင်းတော်တွင် ကိုး(၉)ရက်မျှ တရားအားထုတ်၍ သတ္တဌာန စံတော်မူခန်း စေတီတော် လုပ်အားဖြင့် ကုသိုလ်ပြုပါရန် လျှောက်ထားခဲ့လေသည်။

‘ဆရာတော်၏ ဆောင်ပုဒ်များမှာ–

၁။ ခန္တီသည်- မူလ။

၂။ ဒေါသကိုပယ် မေတ္တာလွယ်။ ဟူ၍ လည်းကောင်း။

၃။ အားထားကိုးကွယ်ရန်မှာ- ဗုဒ္ဓံ-ဓမ္မံ-သံဃံ။

၄။ မိတ်ဆွေစစ်က- ကံ ဉာဏ် ဝီရိယ။

၅။ ရန်သူကြီးက- လောဘ၊ ဒေါသ၊ မောဟ။

၆။ နေ့စဉ်အလုပ်ကြီးက- ဒါန သီလ ဘာဝနာ။

၇။ အမြဲနှလုံးသွင်းကြရန်က- အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဟူ၍ ဆောင်ပုဒ် ခုနစ်(၇)ခု ချမှတ်ပေးထားလေသည်။

'ဆရာတော်သည် သတ္တဝါအများအား မေတ္တာ ဂရုဏာ ဖေတ်ထားလျက် အသက်လွှတ် အသေးလွှတ် စားသောက် နေထိုင်သည့် သတင်းမှာ နိုင်ငံအဝှမ်း ကြော်ကြားနေလေသည်'

'အသက်လွှတ် စားရာတွင်–

* အသားစားခြင်းမှ ရှောင်ကြဉ်ခြင်း။
* အသေးသောက်ခြင်းမှ ရှောင်ကြဉ်ခြင်း။
* အသား အသေး၊ စားသောက်ခြင်းမှ ရှောင်ကြဉ်ခြင်းဟူ၍ ဦးပဥ္စင်း ခွဲခြား ကြားသိရပါသည်။
* အသားစားခြင်းမှ ရှောင်ကြဉ်သူတို့မှာ တိရိစ္ဆာန်တို့၏အသေသားများကို လုံးဝမစားဘဲနေခြင်း။
* အသေးသောက်ခြင်းမှ ရှောင်ကြဉ်သူတို့သည်၊ တိရိစ္ဆာန်ကိုယ်မှ ထွက်သော နို့ရည်(နှင့်)နို့ရည်မှဖြစ်သော ဆီဖြစ်စေ၊ထောပတ်ဖြစ်စေ သောက်သုံးခြင်းမှ ရှောင်ကြဉ်ခြင်း။
* အသား(ရော)အသေးပါ ထိုနှစ်မျိုးလုံး ရှောင်ကြဉ်သူဟူ၍ ရှိကြလေသည်။

သမထ ဘာဝနာ ဝိပဿနာ- ဘာဝနာ တို့ကို အားထုတ်ကုန်ကြသော အချို့သော ယောဂီပုဂ္ဂိုလ်များသည်၊ ရက် အပိုင်းအခြားအားဖြင့် (ရော)အသေးပါ အဓိဋ္ဌာန်ပြု၍ မစားမသောက်ဘဲ တရားအားထုတ်ကြလေသည်။

'ထို ယောဂီပုဂ္ဂိုလ်များသည်၊ နေ့စဉ် စား သောက်ခဲ့ရသော၊ အသားစား အသွေးသောက် ခြင်းမှ ရှောင်ကြဉ်မှုသည် ပထမအချိန်၌ အမှန် ပင် သိခံ၍ စားသောက် နေထိုင်ကြရပေမည်။ ထိုကဲ့သို့ အဆင်းရဲခံစားသောက်ကြသောယောဂီ တဦးအား အဘယ်ကဲ့သို့ အကျိုးသက်ရောက် သည်ကို ဦးပဥ္စင်း ဆင်ခြင်ကြည့်သိ အချိန်ဝယ်–

* သတ္တဝါတို့၏ အပေါ်တွင် (တော်သင့်ရုံ မေတ္တာမျိုးမဟုတ်) ကြီးမားသော မဟာ မေတ္တာ ဂရုဏာနှင့် အသားစား အသွေး သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း ဖြစ် သည်ဟု ယုံကြည်မိ၏။

* **အသားစား- အသွေးသောက်၍-**

  'သတ္တဝါဟူသမျှ ကျန်းမာပါစေ၊
  ချမ်းသာပါစေ အသက်ရှည်ပါစေ'လို့
  ဆုတောင်း မေတ္တာပို့နေသူ တဦးနှင့်....

* **အသားလွတ်- အသွေးလွတ်၊ စား သောက်ခါ–**

  'ကိုယ်တိုင် တရားအားထုတ်သူ တဦး သည်၊
  မေတ္တာတခိုး ယှဉ်ပြိုင်ကြပါမူ-
  မည်သူ၏ မေတ္တာသည် မှန်ကန်ပါမည် နည်း....

* တိရစ္ဆာန် သတ္တဝါတွေ အနေအားဖြင့်၊ သူတို့အား သတ်ဖို့ ပြင်ကြသည့်အခါ၊ သူတို့လည်း သက်ရှိ သတ္တဝါများဖြစ်၍ အသက်ကို အသတ်မခံရမှီအချိန် ကြောက်ရွံ့ ထိတ်လန့် တုန်လှုပ်ခြင်းဖြင့်ရုန်းကန် အော်ဟစ် ငိုကြွေးကြခြင်းကို မြင်ဘူးခြင်း ကြားဘူးခြင်း ရှိကြပေလိမ့်မည်။

* ထိုကဲ့သို့ ကျိုးကြောင်းကို ဆင်ခြင် ထောက်ထားညှာတာသောအားဖြင့် တရားအားထုတ်ကြသော ယောဂီ ပုဂ္ဂိုလ်တို့၏ အသားလွတ် အသွေးလွတ် စားသောက်ခြင်း အဓိဋ္ဌာန်ပြုချက်သည် ကြီးမားသော မဟာမေတ္တာဟူ၍ ဆိုရပေမည်။

* (ခါတ်)ပေါင်းတော်ချုပ် ဆရာတော် ဦးနန္ဒ ပုဂ္ဂိုလ်ကဲ့သို့ နှစ်ပေါင်းများစွာ အသက်လွတ် စားသောက် နေထိုင်ကြသည့် ရဟန်းရှင်လူ သူတော်ကောင်း အပေါင်းတို့၏ သတ္တဝါများ အပေါ် ထားရှိသည့် မဟာ မေတ္တာတော်သည်၊ နိဗ္ဗာန်ရောက်ကြောင်း တရားအားထုတ် ကျင့်ကြံမှုတွင် အမှန်လိုအပ်သည်ဟူ၍ ဦးပဥ္စင်းပင် ဆင်ခြင် တွေးဆမိကြောင်း တင်ပြအပ်ပေသတည်း။

အရှင်တေဇ လင်္ကာရ

ဤ·တွင်’ သောတာပန် ဖြစ်လိုသူများ ‘အမည်ရှိ’ ဓမ္မဝတ္ထု ပြီး၏။

## သောတာပန် ဖြစ်လိုသူများ

### ခေတ်မှီ ဓမ္မ ဝတ္ထုတွင်....

* အရက်သမားသေ နိဗ္ဗာန်ရောက်တဲ့တရား။
* သမထ(နှင့်) ဝိပဿနာ ခွဲခြားခြင်း။
* သမထ(မှ) စူဠဂန္ဓာရီ-မဟာဂန္ဓာရီ ကျင့်စဉ်များ။
* ဝိပဿနာ ဘာဝနာ ဆွေးနွေးခန်းနှင့် ကျင့်စဉ်များ။
* သီလတောင်း- ဘုရားရှိခိုး- အန္တရာယ်ကင်း- ပရိတ်တော်များ။
* မေတ္တာပို့- မေတ္တာခံ- ပုတီးစိပ်နည်းများ။
* အသေး, အသားရှောင် ပုဂ္ဂိုလ်ထူးများ။
* သောတာပန် ပုဂ္ဂိုလ်နှင့် ကိလေသာ။
* ဗုဒ္ဓ၏တရားအနှစ်ချုပ် အရင်းခံများ ထုတ်ပေါ်ပြသားသည်။